# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ မတ် ၈ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၁၆၀)


# ပအိုဝ်းတိုင်းရင်းသားများသည် ငြိမ်းချမ်းစွာနေထိုင်ရေးကို လိုလားကြသည့်နည်းတူ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ စသည့်ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိခံစားနေကြသည်မှာ ကြည်နူးဝမ်းမြောက်ဖွယ်ဖြစ်

### အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ (၇၁)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာ

(၂၀၂၀ ပြည့်နှစ် မတ်လ ၈ ရက်)


(၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်နေ့)

မြန်မာသက္ကရာဇ် ၁၃၈၁ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ခရစ်သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် ကျရောက်သော (၇၁)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ် မင်္ဂလာအခါသမယတွင် ကျွန်မတို့ ပြည်ထောင်စုသားချင်း၊ ပအိုဝ်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်ရောစိတ်ပါ နှစ်ဖြာသောသုခဖြင့် ပြည့်ဝကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက် မေတ္တာပို့သအပ်ပါသည်။

ပအိုဝ်းလူမျိုးများသည် ခေတ်အဆက်ဆက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရေကြည်ရာ မြက်နုရာသို့ပြောင်းရွှေ့၍ အခြားတိုင်းရင်းသားများနှင့် အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများ ဖြစ်ကြပါသည်။ ပအိုဝ်းလူမျိုးတို့၏ ထူးခြားလေးနက်သော သမိုင်းအစဉ်အလာကောင်းကို အလေးအမြတ်ထား၍ သူရိယစန္ဒာမင်းကြီး၏ မွေးနေ့၊ မွေးရက်ဖြစ်သည့် တပေါင်းလပြည့်နေ့အား အစွဲပြုကာ ပအိုဝ်းအမျိုးသားနေ့အဖြစ် နှစ်ပေါင်းများစွာကတည်းကပင် သတ်မှတ်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျင်းပခြင်းကို ရေတွက်လျှင် (၇၁)ကြိမ်မြောက်ရှိပြီဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

(၇၁)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ကို ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေး၊ တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊ စစ်မှန်သောထာဝရငြိမ်းချမ်းမှု တည်ဆောက်ရေး၊ ပအိုဝ်းဒေသများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ပအိုဝ်းအမျိုးသားစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ဦးတည်ချက်များဖြင့် ကျင်းပပြုလုပ်သည့်အတွက် များစွာဂုဏ်ယူရပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ ✻

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ်အား ဂါရဝပြုတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်

# ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လာအိုနိုင်ငံမှ အမေရိကန် ဒေါ်လာ ၅၀၀၀၀ လှူဒါန်း

**နေပြည်တော် မတ် ၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေး ကိုမာဆစ်၏ ဖိတ်ကြားချက်အရ မတ် ၅ ရက်မှ ၆ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပြီး (၁၂) ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မတ် ၆ ရက် မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဖန်ခန် ဗီဖာဝမ်အား သမ္မတအိမ်တော်၌ လည်းကောင်း၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ်အား ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌လည်းကောင်း ဂါရဝပြုတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှု ပိုမိုမြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုကျစ်လျစ် ခိုင်မာစေရေး၊ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် မဲခေါင်-လန်ချန်း ထိပ်သီး အစည်းအဝေးသို့ မြန်မာနိုင်ငံ အကြီးအကဲတက်ရောက်ရေး၊


စာမျက်နှာ ၃ ကော်လံ ၁ ❍


## ယနေ့ သ တင်း အ ညွှန်း


သမိုင်းဝင် မန်းရွှေစက်တော်ရာ ဘုရားပွဲသို့ မင်းဘူး(စကု) မြို့နယ် မင်းလှကျင်းကျေးရွာမှ နွားလှည်းယဉ် ၃၁ စီး ပါဝင်သော လှည်းတန်းဖြင့် နှစ်စဉ် အစဉ်အလာမပျက် လာရောက်ဖူးမြော် စာ » ၉

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ စုစုပေါင်းအရေအတွက် တစ်သိန်းကျော်ရှိလာ စာ » ၁၄


## ထူးခြားသည့် နေ့အပူချိန်များ

၇-၃-၂၀၂၀

| | |
|---|---|
| ချောက်မြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၃၉ ဒီဂရီစင်တီဂရိတ် |




မြန်မာ့အလင်း

# အသိပညာလည်းပေးရင်း ထိထိရောက်ရောက်နှိမ်နင်း

တရားမဝင် သစ်ဖမ်းဆီးမှုများကို သတင်းများ၌ နေ့စဉ်လိုလို တွေ့ရှိနေရသည်။ သစ်မှောင်ခိုလုပ်ငန်းသည် အကျိုးအမြတ်များသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အလျောက် သစ်မှောင်ခိုခုတ်လှဲ၊ ခွဲစိတ်၊ သယ်ယူရောင်းဝယ်မှုများကို အထက်၊ အောက်မြန်မာနိုင်ငံ အနှံ့အပြား၌ ဖမ်းမိနေခြင်းလည်း ဖြစ်သည်။

သစ်တောဦးစီးဌာနက မြန်မာ့သစ်တောများ ရေရှည်တည်တံ့ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးတို့ကို ဦးတည်၍ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ခင်းများ တည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းများသည် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း၏ အရေးကြီးသည့်လုပ်ငန်းများလည်း ဖြစ်သည်။ မြန်မာ့သစ်တောမူဝါဒကြေညာချက်နှင့်အညီ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ဧရိယာ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ သမင်မွေးရင်း ကျားစားရင်း အဖြစ်မျိုးသို့ မရောက်ရှိစေရေးအတွက် သစ်တောများအတွင်း ကျူးကျော်မှုများနှင့် တရားမဝင် သစ်ခိုးထုတ်မှုများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းသွားရမည်ဖြစ်သည်။

တရားမဝင်သစ်ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများ လျော့နည်းပပျောက်စေရေးအတွက် သစ်တောဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်(Community Monitoring and Reporting System) ကို ကျင့်သုံးလျက်ရှိပြီး သတင်းပေးဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ကာ တရားမဝင်သစ်တားဆီးရေးတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားကို ရယူဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိမှုများမှာ ကျွန်းသစ် တန် ၁၄၁၀၀ ကျော်၊ သစ်မာတန် ၅၁၀၀ ကျော်၊ အခြားသစ်တန်ချိန် ၇၀၀၀ ခန့်၊ စုစုပေါင်း သစ်တန်ချိန် ၂၆၂၀၀ ကျော်၊ မီးသွေး တန်ချိန် ၂၆၀၀ ကျော်၊ ကား ၈၄၄ စီး၊ ယန္တရားယာဉ်တစ်စီး၊ ထော်လာဂျီ၊ ထွန်စက် ၇၇ စီး၊ ဆိုင်ကယ်၊ ဆိုက်တွဲယာဉ်၊ နောက်တွဲယာဉ် ၂၉၃ စီး၊ စက်လှေ ပဲ့ထောင်ရေယာဉ်ပေါင်းစုံ ၁၇၁ စင်းတို့ဖြစ်ပြီး သစ်စက်/အင်ဂျင် ၂၆၂ လုံးတို့ဖြစ်ရာ သစ်မှောင်ခို ခိုးထုတ်နေသည့် အင်အားပမာဏကို ခန့်မှန်းသိရှိနိုင်မည်ဖြစ်သည်။

၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ သဘောထားကြေညာချက်တွင် ပြည်သူလူထု၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ –

- သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်ဟူ၍ လည်းကောင်း၊
- နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်ဟူ၍ လည်းကောင်း ထည့်သွင်းဖော်ပြထားသည်။

မြန်မာ့သစ်တောများ ထာဝစဉ်တည်တံ့ရေးသည် အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် အရေးပါသည့်အလျောက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်သည်။ တရားမဝင်သစ်ခိုးထုတ် သယ်ဆောင်ရောင်းဝယ်မှုများသည် ဝိသမလောဘသားများ၏ ကိုယ်ကျိုးစီးပွားဆောင်ရွက်မှုများဖြစ်သလို ဒေသခံကျေးလက်ပြည်သူများ၏ ဥပဒေ၊ နည်းဥပဒေ နားလည်မှုအားနည်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ ဗဟုသုတနည်းပါးခြင်းတို့နှင့် ဆက်စပ်နေရာ ပြည်သူကို ပညာပေးရင်း သစ်မှောင်ခိုမှုများကိုလည်း ထိထိရောက်ရောက် နှိမ်နင်းမှုများ ပြုလုပ်သွားကြရမည်သာ ဖြစ်သည်ဟု ရှုမြင်မိပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## (၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

မန္တလေး မတ် ၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများနှင့် ခရိုင်တရားသူကြီးများ၏ (၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ မှာကြားချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးတို့က တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်ဆန်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကို လည်းကောင်း ဆွေးနွေးမှာကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများ စုစုပေါင်း ၁၆၅ ဦး တက်ရောက်ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အခြေခံလေ့ကျင့်ရေးသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၇

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ အခြေခံလေ့ကျင့်ရေး



သင်တန်းအမှတ်စဉ် (၁/၂၀၂၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းက သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး (ဝဲပုံ) အခြေခံလေ့ကျင့်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၀)၌ ပထမရရှိသော ဒေါ်အိရွှေဇင်အောင်၊ ဒုတိယရရှိသော ဒေါ်သိမ့်သီရိဆွေ၊ တတိယရရှိသော ဒေါ်မြတ်ပန်းဖြူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားသင်တန်းသူများကိုယ်စား ဦးကောင်းထက်လင်းအား ပေးအပ်သည်။

သင်တန်းတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေ၊ အခြားဆက်စပ် ဥပဒေများ၊ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေး ဘာသာရပ်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ရုံးလုပ်ငန်းလက်စွဲ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ကျင့်ဝတ်၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုများ၊ အဂတိလိုက်စားမှုဆိုင်ရာ တိုင်းတာခြင်းစသည့်ဘာသာရပ်များအား ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ပအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ကော်မရှင်ရုံးတို့မှ သင်တန်းနည်းပြများက ပို့ချခဲ့ကြောင်း သိရသည်။

အခြေခံလေ့ကျင့်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၀)ကို ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၆ ရက်အထိ ၄ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းသို့ ဒုတိယစုံစမ်းရေးမှူး ၂၅ ဦး၊ လက်ထောက်စုံစမ်းရေးမှူး ၃၀ နှင့် ဒုတိယလက်ထောက်ဦးစီးမှူး ၈၀ စုစုပေါင်း ၁၃၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး၌ လာမည့်မိုးရာသီကာလတွင် သစ်ပင် သိန်း ၁၀၀ ကျော် စိုက်ပျိုးသွားမည်

မုံရွာ မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး၌ လာမည့်မိုးရာသီကာလတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုစီမံချက် (Green Environment Camping For 2020) ဖြင့် သစ်ပင်ပေါင်း ၁၁၄၉၅၀၂၈ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ရေဝေရေလဲစိုက်ခင်း၊ ဂေဟစနစ် ဖြည့်တင်းရေးစိုက်ခင်း၊ ကျေးရွာထင်း စိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော စိုက်ခင်း၊ နိုင်ငံပိုင် စီးပွားရေး စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းရေးစိုက်ခင်းနှင့် လမ်းဘေး ဝဲယာ စိုက်ပျိုးခြင်းအပါအဝင် မိုးရာသီလူထုလှုပ်ရှားမှုအဖြစ် မြို့နယ်သစ်တောဦးစီးဌာနများက ဦးဆောင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

✻ ရွှေဖုံးမှ

ပအိုဝ်းတိုင်းရင်းသားများသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း မျိုးချစ်စိတ်ဓာတ်ထက်သန်စွာ ပါဝင်တိုက်ပွဲဝင်ခဲ့ကြသူများ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တိုင်ဖြစ်သည့် ပင်လုံညီလာခံတွင် တက်ရောက်ဆွေးနွေးခဲ့ကြပြီး ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင်လည်း သထုံစော်ဘွားကိုယ်စားလှယ် ဦးဖြူသည် ပအိုဝ်းတိုင်းရင်းသားများအား ကိုယ်စားပြု၍ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ကြောင်းကို မြင်သိရပါသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပူးတွဲပါလာသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး စသည်တို့တွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြသည့်အတွက် ပအိုဝ်းတိုင်းရင်းသားများအားလုံးကို ကျေးဇူးတင်စွာ ဂုဏ်ပြုပါသည်။

ပအိုဝ်းတိုင်းရင်းသားများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ စာပေနှင့်အနုပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အခြေခံသောစည်းလုံးညီညွတ်ရေး၊ အခြားသောတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ ချစ်ခင်လေးစားစွာ အေးအတူပူအမျှ အတူတကွယှဉ်တွဲနေထိုင်ရေး စသည်တို့ကို ပအိုဝ်းအမျိုးသားရေးတာဝန်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။

ပအိုဝ်းတိုင်းရင်းသားများသည် ငြိမ်းချမ်းစွာနေထိုင်ရေးကို လိုလားကြသည့်နည်းတူ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ စသည့်ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိခံစားနေကြသည်မှာ ကြည်နူးဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO)သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံလုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိဂုံးချုပ်အနေဖြင့် ပအိုဝ်းတိုင်းရင်းသားသွေးချင်းများအားလုံး စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ချမ်းသာကြပြီး

" ပအိုဝ်းတိုင်းရင်းသားများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ စာပေနှင့်အနုပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အခြေခံသောစည်းလုံးညီညွတ်ရေး၊ အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ ချစ်ခင်လေးစားစွာ အေးအတူပူအမျှ အတူတကွယှဉ်တွဲနေထိုင်ရေး စသည်တို့ကို ပအိုဝ်းအမျိုးသားရေးတာဝန်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြသည့်အတွက် များစွာဝမ်းမြောက်မိ "

တစ်မူးရှိလျှင် တစ်ပဲလှူတတ်သော ကောင်းမြတ်သည့် အစဉ်အလာအပါအဝင် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို အစဉ်အမြဲ ထိန်းသိမ်းနိုင်ကြပါစေ၊ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့ ဦးတည်လျှောက်လှမ်းရာတွင်လည်း အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ လက်တွဲပြီး စုစည်းညီညွတ်စွာဖြင့် ဆက်လက်ပူးပေါင်းပါဝင်နိုင်ပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေဟု အလေးအနက်ဆုမွန်တောင်းလျက် ဝမ်းမြောက်ဂုဏ်ယူစွာ သဝဏ်လွှာပေးပို့အပ်ပါသည်။

**အောင်ဆန်းစုကြည်**

## ❑ မြန်မာ - လာအို နှစ်နိုင်ငံအကြား ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်သွားရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူ

❍ ရွှေဖုံးမှ

(၆၅) နှစ်မြောက် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှုထူထောင်ခြင်း အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် အကူအညီပေးအပ်ရေး၊ နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ဆက်နွှယ်မှု ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### ပူးတွဲသဘာပတိများဆောင်ရွက်

(၁၂)ကြိမ်မြောက် မြန်မာ - လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို မတ် ၆ ရက်တွင် ဗီယင်ကျန်းမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေး ကိုမာဆစ်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် ယဉ်ကျေးမှုအပါအဝင် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးရေး၊ မြန်မာ - လာအို ချစ်ကြည်ရေးတံတားကို အသုံးပြု၍ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန် ကူးသန်းသွားလာမှုပြုလုပ်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### လက်မှတ်ရေးထိုး

အစည်းအဝေး အပြီးတွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှစ်ဦးက ပူးတွဲကော်မရှင်အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

### ကျေးဇူးတင်လွှာပေးအပ်

ဆက်လက်၍ ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများအတွက် လာအိုနိုင်ငံအစိုးရမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တရားဝင်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လာအိုနိုင်ငံခြားရေးဝန်ကြီးအား ကျေးဇူးတင်လွှာပေးအပ်သည်။


အစည်းအဝေးသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပူးတွဲကော်မရှင်အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မတ် ၅ ရက်တွင် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန အာရှပစိဖိတ်နှင့် အာဖရိကရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် မစ္စတာ ဘွန်သနွန်ဆခ်ချန်သလသ်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

မတ် ၅ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် လာအိုပလာဇာဟိုတယ်၌ လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေး ကိုမာဆစ်မှ မြန်မာကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံးဆေး ကိုမာဆစ် တို့ (၁၂)ကြိမ်မြောက် မြန်မာ - လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးကြစဉ်။ သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**ထားဝယ် မတ် ၇**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် (မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက်က ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော် ကျင်းပမည့်နေရာကို ကမ်းနားလမ်းသို့ ပြောင်းလဲကျင်းပသွားမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန် အစီအစဉ်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန် ကျင်းပနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ပုံစံဖြင့် လိုက်လျောညီထွေဖြစ်မည့် အပြင်အဆင်များကို ဆွေးနွေးတင်ပြပေးစေလိုကြောင်း၊ ယခင်နှစ်က ကလေးသင်္ကြန်ကို ထားဝယ်မြို့နယ်၌သာ ကျင်းပခဲ့ပြီး ယခုနှစ်တွင် မြို့နယ်လေးခုလုံး၌ ကျင်းပနိုင်ရေးအတွက်လည်း မြို့နယ်အလိုက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ယိမ်းအကပြိုင်ပွဲ အစီအစဉ်များဖြင့် ရိုးရာယဉ်ကျေးမှုမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ခွဲစိတ်ကုသမှုဆိုင်ရာ ဘေးကင်းလုံခြုံရေးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် မတ် ၇**




ခွဲစိတ်ကုသမှုဆိုင်ရာ ဘေးကင်းလုံခြုံရေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးလုပ်ငန်းတွင် ဆေးပညာကဏ္ဍနှင့် ခွဲစိတ်မှုကဏ္ဍဟူ၍ အဓိက လုပ်ငန်းနယ်ပယ် နှစ်ခုရှိသည့်အနက် ခွဲစိတ်ကုသမှုကဏ္ဍတွင် အထွေထွေခွဲစိတ်ခြင်း ဘာသာရပ်သာမက အရိုး၊ ဦးနှောက်နှင့် အာရုံကြော၊ နှလုံး၊ သားဖွားနှင့်မီးယပ် စသည့် အထူးပြုခွဲစိတ်ခြင်း၊ မေ့ဆေးစသည်ဖြင့် မတူကွဲပြားသော ဘာသာရပ်များ ပါဝင်ပါကြောင်း၊ မခွဲစိတ်မီ ဆန်းစစ်ခြင်းနှင့် ခွဲစိတ်ပြီး ပြုစုကုသစောင့်ရှောက်မှုပေးခြင်းများကို စနစ်တကျ ကောင်းမွန်စွာ မပြုလုပ်ပါက အသက်မသေဆုံးသင့်ဘဲ သေဆုံးခြင်း၊ မကောင်းသော နောက်ဆက်တွဲအကျိုးဆက်များ ဖြစ်ပွားနိုင်ပါကြောင်း၊ မခွဲစိတ်မီ ဆန်းစစ်ခြင်းနှင့် ခွဲစိတ်ပြီး ပြုစုစောင့်ရှောက်ခြင်းများကို တိုက်ဆိုင်စစ်ဆေးစာရင်း (Checklist) အသုံးပြု၍ ဆောင်ရွက်နိုင်ရန်အတွက် မည်ကဲ့သို့ဆောင်ရွက်မည်၊ မည်သည့်လိုအပ်ချက်များရှိမည်ကို ဆွေးနွေးကြရန် ဖြစ်ကြောင်း။

လူနာဘေးကင်းလုံခြုံမှုလုပ်ငန်း အတိုင်းအတာနယ်ပယ်သည် လူနာစတင်ပြသချိန်၌ ရောဂါရာဇဝင်မေးမြန်းခြင်း၊ ဆေးဝါးများပေးခြင်း၊ ဓာတ်ခွဲ၊ ဓာတ်မှန်စမ်းသပ်ခြင်း လိုအပ်ပါက ခွဲစိတ်ကုသခြင်းမှ ရောဂါသက်သာပြီး ဆေးရုံဆင်းပြီးချိန်အထိ ပါဝင်ပြီး အဆင့်တိုင်းတွင် ဘေးကင်းလုံခြုံမှုရှိအောင် ဆောင်ရွက်နေပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ ဗဟိုကော်မတီကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး မူဝါဒ၊ လမ်းစဉ်နှင့် လမ်းညွှန်မှုချမှတ်ပေး၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းဘာသာရပ်အလိုက် ဆပ်ကော်မတီများကို ထပ်မံဖွဲ့စည်းသွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူနာ ဘေးကင်းလုံခြုံရေးနှင့် စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ မြို့နယ်ဆရာဝန်နှင့် တိုက်နယ်ဆရာဝန်များ သင်တန်းပေးခြင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့လူနာဘေးကင်းလုံခြုံရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း၊ ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်း၊ ဆေးပညာရှင်များ၏ ဆေးကုသမှုအရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ခြင်းနှင့် လူနာဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး Campaign ပြုလုပ်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဆေးတက္ကသိုလ်များတွင် လူနာဘေးကင်းလုံခြုံမှုနှင့် သက်ဆိုင်သော သင်ခန်းစာများကို တတိယနှစ်မှစ၍ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားသွားမည်ဖြစ်ကြောင်း။

လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားနည်းချက်နှင့် မှားယွင်းမှုများကို တွေ့ရှိပါက အပြစ်တင်ခြင်းထက် ဖြစ်ရသည့်အကြောင်းရင်းများကို လေ့လာသုံးသပ်ပြီး ပိုမိုကောင်းမွန်လုံခြုံစိတ်ချရရေးကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဘာသာရပ်လုပ်ငန်းဆိုင်ရာအလိုက် လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်း၊ လုပ်ငန်းလမ်းညွှန်များကို ခေတ်နှင့်အညီ ပြုပြင်မွမ်းမံ၍ လက်စွဲစာအုပ်တစ်အုပ် အသုံးပြုနိုင်အောင် ဖြန့်ဝေသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လူနာဘေးကင်းလုံခြုံရေးဆိုင်ရာ ယဉ်ကျေးမှုဖြစ်ထွန်းပေါ်ပေါက် ခိုင်မာရှင်သန်လာစေရန် အဘက်ဘက်မှ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အသစ်ပြန်လည်ရေးဆွဲနေသည့် အမျိုးသားကျန်းမာရေးမူဝါဒတွင်လည်း လူနာဘေးကင်းလုံခြုံမှုကို ထည့်သွင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးက လူနာဘေးကင်းလုံခြုံရေးနှင့် စပ်လျဉ်း၍ မခွဲစိတ်မီ ဆန်းစစ်ခြင်းနှင့် ခွဲစိတ်ပြီး စနစ်တကျ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်ချက်များ ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များနှင့် အစည်းအဝေးတွင် တိုင်ပင်ဆွေးနွေးမည့် ကိစ္စရပ်များကို တင်ပြသည်။

ထို့နောက် ခွဲစိတ်ကု၊ သားဖွားမီးယပ်၊ အရိုးအကြောခွဲစိတ်နှင့် မေ့ဆေးဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ ဆေးရုံအုပ်များ၊ မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**၇-၃-၂၀၂၀ ရက်နေ့၊ ည ၈:၀၀ နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် –

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်တွင် နေထိုင်သော အသက် (၃၅) နှစ် အရွယ် အမျိုးသားတစ်ဦးသည် (၅-၃-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ဖျားခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများခံစားခဲ့ရသဖြင့် (၆-၃-၂၀၂၀)ရက်နေ့တွင် ဝက်လက်မြို့နယ်ဆေးရုံသို့ လာရောက်ပြသခဲ့ရာ မန္တလေးကန်တော်နဒီဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

(ခ) မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် နေထိုင်သော အသက် (၄၁) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၉-၂-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၄-၃-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ အသက်ရှူမဝခြင်း လက္ခဏာများခံစားခဲ့ရသဖြင့် မင်းလှမြို့နယ်၊ လင်းကယ် တိုက်နယ်ပြည်သူ့ဆေးရုံသို့ လာရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓါတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

(ဂ) ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်တွင် နေထိုင်သော အသက် (၃၇) နှစ်အရွယ် အမျိုးသားတစ်ဦးသည် ထိုင်းနိုင်ငံတွင် လွန်ခဲ့သော (၁) လခန့်မှစတင်၍ အသည်းရောင်ရောဂါ ခံစားနေရပြီး မသက်သာသဖြင့် (၅-၃-၂၀၂၀) ရက်နေ့တွင် မြဝတီမြို့မှတစ်ဆင့် ရေတာရှည်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ယင်းနေ့ညနေ(၃:၀၀) နာရီတွင် ရေတာရှည် မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်ပြသခဲ့ရာ အဖျားရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရသော်လည်း ရင်ဘတ်ဓာတ်မှန်တွင် အဆုတ်ရောင်ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍သီးခြားထားရှိကုသမှုပေးလျက်ရှိပါသည်။ လူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် နေထိုင်သော အသက် (၇၁) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၂၂-၂-၂၀၂၀) ရက်နေ့မှစတင်၍ ချောင်းဆိုးခြင်း ဝေဒနာခံစားခဲ့ရပြီး (၆-၃-၂၀၂၀) ရက်နေ့မှစတင်၍ အသက်ရှူကျပ်ခြင်း ဝေဒနာများခံစားခဲ့ရသဖြင့် (၇-၃-၂၀၂၀) ရက်နေ့တွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ လူနာမှာ ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသော ဒေသများသို့ ခရီးသွားရာဇဝင်နှင့် သံသယလူနာများနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိသော်လည်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် ကန်တော်နဒီဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(င) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တွင် နေထိုင်သော အသက် (၃၀) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၂၇-၂-၂၀၂၀) ရက်နေ့တွင် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ၎င်းတွင် သွေးတိုးရောဂါ၏ နောက်ဆက်တွဲ ကျောက်ကပ်ရောဂါ ခံစားနေရပြီး (၂၄-၇-၂၀၁၉) ရက်နေ့မှစ၍ ဂျပန်နိုင်ငံတွင် ကျောက်ကပ်သွေးသန့်စင်မှု ပြုလုပ်လျက်ရှိရာ (၂၈-၂-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ၌ ကျောက်ကပ်သွေးသန့်စင်မှု ပြုလုပ်နေစဉ် ချောင်းဆိုးခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း စသည့်ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် ဆေးကုသမှုပေးခဲ့ပြီး (၇-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီ အထူးကုဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

(စ) ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တွင် နေထိုင်သော အသက် (၁၃) နှစ်အရွယ် ကလေး (ကျား) တစ်ဦးသည် (၂၆-၂-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း စသည့် ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ လူနာမှာ ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသော ဒေသများသို့ ခရီးသွားရာဇဝင်နှင့် သံသယလူနာများနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိသော်လည်း လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် (၆-၃-၂၀၂၀) ရက်နေ့မှစတင်ပြီး စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပါသည်။ ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးခဲ့ရာ (၇-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲအဖြေတွင် Coronavirus Disease 2019 (COVID–19) ဗိုင်းရပ်စ် ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၃။ ယနေ့ (၇-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆ : ၀၀) နာရီအချိန်အထိ စောင့်ကြည့်လူနာ (၆) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၄။ (၇-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၈၉) နိုင်ငံတွင် COVID–19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေး အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

၇-၃-၂၀၂၀ ရက်နေ့၊ ၂၀:၀၀ နာရီ

| စဉ် | ဆေးရုံအမည် | ကျား/မ | အသက် | NHL မှ ဓာတ်ခွဲနမူနာ ရရှိသည့်ရက် | ရည်ညွှန်း ဓာတ်ခွဲခန်းသို့ ပေးပို့သည့်ရက် | ဓာတ်ခွဲအဖြေ ရရှိသည့်ရက် | COVID-19 တွေ့ရှိမှု |
|---|---|---|---|---|---|---|---|
| ၁ | ဝေဘာဂီအထူးကု ဆေးရုံ | ကျား | ၅၅ နှစ် | ၃၁-၁-၂၀၂၀ | ၁-၂-၂၀၂၀ | ၃-၂-၂၀၂၀ | မတွေ့ရှိ |
| ၂ | လှိုင်ကော် ပြည်သူ့ဆေးရုံကြီး | မ | ၂ နှစ် ၂ လ | ၂-၂-၂၀၂၀ | ၃-၂-၂၀၂၀ | ၅-၂-၂၀၂၀ | မတွေ့ရှိ |
| ၃ | ဝေဘာဂီအထူးကု ဆေးရုံ | ကျား | ၁၅ နှစ် | ၂-၂-၂၀၂၀ | ၃-၂-၂၀၂၀ | ၅-၂-၂၀၂၀ | မတွေ့ရှိ |
| ၄ | ကျိုင်းတုံပြည်သူ့ဆေးရုံ | မ | ၁ နှစ် ၂ လ | ၂-၂-၂၀၂၀ | ၃-၂-၂၀၂၀ | ၅-၂-၂၀၂၀ | မတွေ့ရှိ |
| ၅ | နေပြည်တော် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး | ကျား | ၂၉ နှစ် | ၂-၂-၂၀၂၀ | ၃-၂-၂၀၂၀ | ၅-၂-၂၀၂၀ | မတွေ့ရှိ |
| ၆ | ဝေဘာဂီအထူးကု ဆေးရုံ | ကျား | ၃၂ နှစ် | ၃-၂-၂၀၂၀ | ၄-၂-၂၀၂၀ | ၇-၂-၂၀၂၀ | မတွေ့ရှိ |
| ၇ | မင်းပြားမြို့နယ်ဆေးရုံ | ကျား | ၃၈ နှစ် | ၃-၂-၂၀၂၀ | ၄-၂-၂၀၂၀ | ၇-၂-၂၀၂၀ | မတွေ့ရှိ |
| ၈ | ရန်ကင်းကလေးဆေးရုံကြီး | မ | ၂၄ နှစ် | ၅-၂-၂၀၂၀ | ၆-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | မတွေ့ရှိ |
| ၉ | ရန်ကင်းကလေးဆေးရုံကြီး | ကျား | ၂ နှစ် | ၅-၂-၂၀၂၀ | ၆-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၀ | နမ္မတူပြည်သူ့ဆေးရုံ | ကျား | ၄၅ နှစ် | ၅-၂-၂၀၂၀ | ၆-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၁ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၂၈ နှစ် | ၆-၂-၂၀၂၀ | ၇-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၂ | လပွတ္တာပြည်သူ့ဆေးရုံ | မ | ၃၃ နှစ် | ၆-၂-၂၀၂၀ | ၇-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၃ | လပွတ္တာပြည်သူ့ဆေးရုံ | ကျား | ၅၁ နှစ် | ၆-၂-၂၀၂၀ | ၇-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၄ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး | ကျား | ၁၉ နှစ် | ၉-၂-၂၀၂၀ | ၁၀-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၅ | ပုတီးကုန်းတိုက်နယ်ဆေးရုံ | မ | ၃၂ နှစ် | ၉-၂-၂၀၂၀ | ၁၀-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၆ | ပုဏ္ဏားကျွန်းမြို့နယ်ဆေးရုံ | မ | ၁၈ နှစ် | ၉-၂-၂၀၂၀ | ၁၀-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၇ | မကွေးပြည်သူ့ဆေးရုံကြီး | မ | ၄၅ နှစ် | ၁၀-၂-၂၀၂၀ | ၁၀-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၈ | မန္တလေးပြည်သူ့ဆေးရုံကြီး | ကျား | ၅၃ နှစ် | ၁၀-၂-၂၀၂၀ | ၁၀-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၁၉ | မန္တလေးပြည်သူ့ဆေးရုံကြီး | မ | ၂၄ နှစ် | ၁၀-၂-၂၀၂၀ | ၁၀-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၀ | ဝေဘာဂီအထူးကုဆေးရုံ | မ | ၂၉ နှစ် | ၁၀-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၁ | မောင်တောပြည်သူ့ဆေးရုံ | ကျား | ၂၁ နှစ် | ၁၀-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၂ | ပေါက်မြို့နယ်ဆေးရုံ | မ | ၃၄ နှစ် | ၁၁-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၃ | မောက်မယ်မြို့နယ်ဆေးရုံ | ကျား | ၄၄ နှစ် | ၁၁-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၄ | မောက်မယ်မြို့နယ်ဆေးရုံ | မ | ၄၄ နှစ် | ၁၁-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၅ | မောက်မယ်မြို့နယ်ဆေးရုံ | မ | ၁၉ နှစ် | ၁၁-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၆ | မောက်မယ်မြို့နယ်ဆေးရုံ | မ | ၁၆ နှစ် | ၁၁-၂-၂၀၂၀ | ၁၁-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၇ | မိုင်းခတ်မြို့နယ်ဆေးရုံ | ကျား | ၃၆ နှစ် | ၁၂-၂-၂၀၂၀ | ၁၃-၂-၂၀၂၀ | ၁၆-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၈ | မိုးကုတ်မြို့နယ်ဆေးရုံ | မ | ၂၁ နှစ် | ၁၃-၂-၂၀၂၀ | ၁၃-၂-၂၀၂၀ | ၁၆-၂-၂၀၂၀ | မတွေ့ရှိ |
| ၂၉ | မန္တလေးပြည်သူ့ဆေးရုံကြီး | ကျား | ၂၄ နှစ် | ၁၄-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၀ | လားရှိုးမြို့နယ်ဆေးရုံ | မ | ၁၇ နှစ် | ၁၄-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၁ | တောင်သာမြို့နယ်ဆေးရုံ | ကျား | ၃၈ နှစ် | ၁၄-၂-၂၀၂၀ | ၁၄-၂-၂၀၂၀ | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၂ | မြစ်သားမြို့နယ်ဆေးရုံ | ကျား | ၁၈ နှစ် | ၁၅-၂-၂၀၂၀ | ၁၅-၂-၂၀၂၀ | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၃ | မြစ်သားမြို့နယ်ဆေးရုံ | ကျား | ၃၄ နှစ် | ၁၅-၂-၂၀၂၀ | ၁၅-၂-၂၀၂၀ | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၄ | လားရှိုးမြို့နယ်ဆေးရုံ | ကျား | ၄၀ နှစ် | ၁၆-၂-၂၀၂၀ | ၁၇-၂-၂၀၂၀ | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၅ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၃၈ နှစ် | ၁၅-၂-၂၀၂၀ | ၁၇-၂-၂၀၂၀ | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၆ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၄၉ နှစ် | ၁၆-၂-၂၀၂၀ | ၁၇-၂-၂၀၂၀ | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၇ | မကွေးပြည်သူ့ဆေးရုံကြီး | ကျား | ၂၅ နှစ် | ၁၉-၂-၂၀၂၀ | ၁၉-၂-၂၀၂၀ | ၂၂-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၈ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၄၀ နှစ် | ၁၉-၂-၂၀၂၀ | | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၃၉ | မန္တလေးပြည်သူ့ဆေးရုံကြီး | မ | ၂၆ နှစ် | ၂၀-၂-၂၀၂၀ | | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၄၀ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၂၆ နှစ် | ၂၀-၂-၂၀၂၀ | | ၂၀-၂-၂၀၂၀ | မတွေ့ရှိ |
| ၄၁ | မူဆယ်မြို့နယ်ဆေးရုံ | ကျား | ၂၃ နှစ် | ၂၇-၂-၂၀၂၀ | | ၂၇-၂-၂၀၂၀ | မတွေ့ရှိ |
| ၄၂ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၃၂ နှစ် | ၂၆-၂-၂၀၂၀ | | ၂၇-၂-၂၀၂၀ | မတွေ့ရှိ |
| ၄၃ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၂၇ နှစ် | ၂၈-၂-၂၀၂၀ | | ၂၈-၂-၂၀၂၀ | မတွေ့ရှိ |
| ၄၄ | မူဆယ်မြို့နယ်ဆေးရုံ | ကျား | ၂၀ နှစ် | ၂၈-၂-၂၀၂၀ | | ၂၉-၂-၂၀၂၀ | မတွေ့ရှိ |
| ၄၅ | ဝေဘာဂီအထူးကုဆေးရုံ | မ | ၂၅ နှစ် | ၂၈-၂-၂၀၂၀ | | ၂၈-၂-၂၀၂၀ | မတွေ့ရှိ |
| ၄၆ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၂၉ နှစ် | ၂-၃-၂၀၂၀ | | ၂-၃-၂၀၂၀ | မတွေ့ရှိ |
| ၄၇ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၃၇ နှစ် | ၂-၃-၂၀၂၀ | | ၃-၃-၂၀၂၀ | မတွေ့ရှိ |
| ၄၈ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၃၂ နှစ် | ၂-၃-၂၀၂၀ | | ၃-၃-၂၀၂၀ | မတွေ့ရှိ |
| ၄၉ | စစ်တွေမြို့နယ်ဆေးရုံ | ကျား | ၂၉ နှစ် | ၂-၃-၂၀၂၀ | | ၃-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၀ | ကန်တော်နဒီဆေးရုံ | ကျား | ၂၄ နှစ် | ၃-၃-၂၀၂၀ | | ၄-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၁ | ဝေဘာဂီအထူးကုဆေးရုံ | မ | ၂၅ နှစ် | ၃-၃-၂၀၂၀ | | ၄-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၂ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၃၆ နှစ် | ၃-၃-၂၀၂၀ | | ၄-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၃ | မူဆယ်မြို့နယ်ဆေးရုံ | ကျား | ၉ နှစ် | ၃-၃-၂၀၂၀ | | ၅-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၄ | ကန်ပိုင်တည်မြို့နယ်ဆေးရုံ | ကျား | ၂၈ နှစ် | ၅-၃-၂၀၂၀ | | ၆-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၅ | မန္တလေးအထွေထွေရောဂါကုဆေးရုံ | မ | ၆၈ နှစ် | ၆-၃-၂၀၂၀ | | ၆-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၆ | ဝေဘာဂီအထူးကုဆေးရုံ | မ | ၃၂ နှစ် | ၅-၃-၂၀၂၀ | | ၅-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၇ | မူဆယ်မြို့နယ်ဆေးရုံ | မ | ၂၇ နှစ် | ၆-၃-၂၀၂၀ | | ၆-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၈ | နေပြည်တော် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး | ကျား | ၃၅ နှစ် | ၆-၃-၂၀၂၀ | | ၆-၃-၂၀၂၀ | မတွေ့ရှိ |
| ၅၉ | လားရှိုးမြို့နယ်ဆေးရုံ | ကျား | ၄၀ နှစ် | ၆-၃-၂၀၂၀ | | ၇-၃-၂၀၂၀ | မတွေ့ရှိ |
| ၆၀ | ဝေဘာဂီအထူးကုဆေးရုံ | မ | ၃၀ နှစ် | ၆-၃-၂၀၂၀ | | စစ်ဆေးဆဲ | |
| ၆၁ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ကျား | ၃၄ နှစ် | ၆-၃-၂၀၂၀ | | ၇-၃-၂၀၂၀ | မတွေ့ရှိ |
| ၆၂ | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး | ကျား | ၁၄ နှစ် | ၆-၃-၂၀၂၀ | | ၇-၃-၂၀၂၀ | မတွေ့ရှိ |
| ၆၃ | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး | ကျား | ၁၃ နှစ် | ၆-၃-၂၀၂၀ | | ၇-၃-၂၀၂၀ | မတွေ့ရှိ |
| ၆၄ | ကန်တော်နဒီဆေးရုံ | ကျား | ၃၅ နှစ် | ပေးပို့ဆဲ | | | |
| ၆၅ | လင်းကယ်တိုက်နယ်ဆေးရုံ | ကျား | ၄၁ နှစ် | ပေးပို့ဆဲ | | | |
| ၆၆ | ရေတာရှည်မြို့နယ်ဆေးရုံ | ကျား | ၃၇ နှစ် | ပေးပို့ဆဲ | | | |
| ၆၇ | ကန်တော်နဒီဆေးရုံ | ကျား | ၇၁ နှစ် | ပေးပို့ဆဲ | | | |
| ၆၈ | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၃၀ နှစ် | ပေးပို့ဆဲ | | | |

NHL – National Health Laboratory = အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းနယ်စပ်ဂိတ်၌ COVID-19 ကူးစက်ရောဂါစစ်ဆေးပြီး ပြန်လည်လက်ခံ

**ကော့သောင်း မတ် ၇**

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံ ဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ယမန်နေ့ညနေပိုင်းက လာရောက်လွှဲပြောင်းပေးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၆၅ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း အလုပ်သမား ၆၉ ဦးကို ရေဆိပ်တံတားတွင် မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများက COVID-19 ရောဂါ သံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်း မရှိစေရေး စစ်ဆေးပြီး ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

ကမ္ဘာ့သတင်းမီဒီယာများနှင့် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်များအရ မြန်မာအိမ်နီးချင်း ထိုင်းနိုင်ငံအတွင်း၌ ရောဂါပိုး ကူးစက်ခံရသူများနှင့် ရောဂါဖြစ်ပွားနေသူများကို စိုးရိမ်ဖွယ်ရာ တွေ့ရှိနေရသဖြင့် ထိုင်းနိုင်ငံမှ ပြန်လာသည့် အဆိုပါအလုပ်သမားများကို ပြည်သူ့ကျန်းမာရေးဌာနက COVID-19 ရောဂါ သံသယရှိသူများ ပါဝင်လာခြင်း ရှိ မရှိ စမ်းသပ်စစ်ဆေးပြီး ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများက ပြန်လည်လက်ခံကာ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ လာရောက်လွှဲပြောင်းပေးအပ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများတွင် COVID-19 ရောဂါ ကူးစက်ခံရသည့် သံသယဖြစ်သူများ ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှာကြားချက် ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် မတ် ၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအား မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၇ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများ၊ တရားရုံးအဆင့်ဆင့်မှ ရုံးဝန်ထမ်းများတက်ရောက်ခဲ့ကြသည်။

**ကျော်သန်း(မော်လမြိုင်)**

## တာချီလိတ်လေဆိပ်တွင် COVID- 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှု နေ့စဉ်ပုံမှန်ဆောင်ရွက်

**တာချီလိတ် မတ် ၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင်အတွင်းရှိ နယ်စပ်ဝင်/ထွက်ပေါက်များနှင့် လေဆိပ်တို့တွင် COVID-19 စောင့်ကြပ်ကြည့်ရှုမှုကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်အထိ စောင့်ကြည့်သံသယလူနာကို မတွေ့ရှိရသေးကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရှိရသည်။

တာချီလိတ်လေဆိပ်တွင် လေကြောင်းခရီးသည်များ နေ့စဉ်အဝင် ၃၀၀ နှင့် အထက်ရှိပြီး နေ့စဉ်စောင့်ကြပ်ကြည့်ရှုမှုကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ စောင့်ကြည့်သံသယလူနာ မတွေ့ရှိရသေးကြောင်း တာချီလိတ်လေဆိပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## မန္တလေးမြို့တွင် ကျင်းပမည့် နိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဖိုရမ် ရက်ရွှေ့ဆိုင်း

**မန္တလေး မတ် ၇**

COVID-19 ရောဂါကြောင့် မန္တလေးမြို့တွင် မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် The 2nd Mandalay International Trade Fair & Business Forum 2020 ပွဲကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)ဥက္ကဋ္ဌ ဦးကျော်မင်းက ပြောသည်။

"ဒီပွဲကျင်းပဖို့ ခြောက်လ၊ ခုနစ်လလောက် ကြိုတင်ပြင်ဆင်ခဲ့ရတာပါ။ ပွဲတော်မှာ နိုင်ငံတကာသံအမတ်ကြီးတွေရဲ့ စကားဝိုင်းဆွေးနွေးပွဲတွေ၊ ပြည်တွင်းပြည်ပ စီးပွားရေးပညာရှင်တွေရဲ့ စကားဝိုင်းဆွေးနွေးပွဲတွေ၊ နိုင်ငံတကာမှ စီးပွားရေးဆိုင်ရာပြခန်းတွေနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားဖို့ စီစဉ်ထားတာပါ။ ကျင်းပဖို့လည်း အဆင်သင့်ဖြစ်နေပါပြီ။ COVID-19 ရောဂါကြောင့် ရက်ရွှေ့ဆိုင်းလိုက်ရတာပါ။ ပွဲတော်ကျင်းပမည့်ရက်ကိုပဲ ရွှေ့ဆိုင်းလိုက်တာပါ။ ပွဲကျင်းပမယ့်ရက် သုံးရက်ဆိုတာတော့ မပြောင်းပါဘူး။ ပြောင်းလဲကျင်းပမယ့်ရက်ကို ပြန်လည်ကြေညာပေးမှာပါ"ဟု MRCCI ဥက္ကဋ္ဌ ဦးကျော်မင်းက ဆက်လက်ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန(စာဖြေဌာန) ၁၁ ခုတွင် ကျောင်းသား ကျောင်းသူ ၆၂၈၇ ဦး ဖြေဆိုမည်

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စာစစ်ဌာန(စာဖြေဌာန) ၁၁ ခု ဖွင့်လှစ်ထားရှိပြီး အ.ထ.က ကျောင်း ရှစ်ကျောင်းမှ ၂၅၁၄ ဦး၊ ကိုယ်ပိုင်အထက်တန်းကျောင်း ကိုးကျောင်းမှ ၁၀၁၉ ဦးနှင့် ပြင်ပမှ ဝင်ရောက်ဖြေဆိုသူ ၂၇၅၄ ဦး စုစုပေါင်း ၆၂၈၇ ဦးတို့သည် မတ် ၁၁ ရက်မှ စတင်၍ ၂၀ ရက်အထိ ကျင်းပမည့် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထိုသို့ဖြေဆိုကြရာတွင် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး၌ ယမန်နှစ်ကဲ့သို့ ယခုနှစ်တွင် စာဖြေဌာနတစ်ခု သီးသန့်ဖွင့်လှစ်ထားရှိပြီး အကျဉ်းကျကျောင်းသား ၈၀ ၊ ကျောင်းသူ ခြောက်ဦး စုစုပေါင်း ၈၆ ဦးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကာ မသန်စွမ်းကျောင်းသား တစ်ဦး၊ ကျောင်းသူ တစ်ဦး၊ မျက်မမြင်ကျောင်းသား နှစ်ဦးနှင့် ကျောင်းသူ လေးဦးတို့သည်လည်း သတ်မှတ်ထားသည့် စာစစ်ဌာန(စာဖြေဌာန)များ၌ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ဖော့ကန် အ.လ.က(၁၁) ကျောင်း၌ အရန်စာစစ်ဌာန ဖွင့်လှစ်ထားရှိမည်ဖြစ်ကာ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် စီမံဆောင်ရွက်ထားကြောင်း မြို့နယ်ပညာရေးမှူး ဦးကျော်ဦးက ပြောကြားသည်။

**ဥာဏ်လင်း**

# တပေါင်းလ သဲပုံစေတီတော်

## မောင်လွမ်းရည် (ရွှေတောင်)

**မြန်မာပြက္ခဒိန် တစ်ဆယ့်နှစ်လရှိရာတွင် တပေါင်းလသည် တစ်ဆယ့်နှစ်လမြောက်ဖြစ်၍ ထူးခြားသည်ဟု ဆိုနိုင်ပါသည်။ အနည်းငယ်ပူပြင်းသည်ကလွဲပြီး တောတောင် ရေမြေ သဘာဝမှာ အလှဆုံးဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည်ပင် တပေါင်းလတွင် စိမ်းဝါရောင်ရွက်နုကလေးများဖြင့် ဝေဆာသစ်လွင်သော တောအုပ်ကလေး၏အလှကို ချီးမွမ်းခဲ့ပါသည်။ ရွက်ဟောင်းများခြွေထားသဖြင့် ပုရစ်ဖူးကလေးများနှင့် တစ်ပင်ပျံ့ကူး၊ ခေါ်ထူးပျော်ရွှင်နေကြသော ကျေးငှက်သာရကာလေးများ၏ သဘာဝအလှမှာလည်း ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းပါဘိ။**

တပေါင်းဟူသောအမည်ကို ပုဂံခေတ်က "တပေါင်လ" ဟူ၍ ရှေ့စီးမပါဘဲရေးခဲ့ကြသည်။ "ပူပြင်းခြင်း" အနက်ကိုဟောရာ "တပ"ဟူသည့် ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး "တပ"မှ တပေါင်းဖြစ်လာသည်ဟု ဆိုကြသည်။ အချို့ကလည်း ထန်းလုပ်ငန်းကိုအစွဲပြု၍ "ထန်းပေါင်းလ"ဟု ဆိုကြသည်။ မည်သို့သော အမည်နာမကို ပေးထားစေကာမူ"ဆော်သက်သေ၊ ရော်ရွက်ကြွေ မြေပေါ်ခပါတဲ့၊ နွေလမပြောင်း။ ပြာနှင်းယ်ကြည်၊ ကာဠုထေရ်ဂါထာစီတဲ့၊ ရာသီမိန်ချိန်သမယမှာ လွမ်းလှ တပေါင်း"ဟူသော စာချိုးလေးနှင့်အညီ ရွက်ဟောင်းခြွေ၍ ရွက်သစ်ဝေသော လွမ်းမောဖွယ်ကောင်းသည့် လတစ်လ အဖြစ်ကား လူတိုင်းကပင် မှတ်မိနားလည်ကြပြီး ဖြစ်ပါသည်။

တပေါင်းလရာသီမှာ မိန်ရာသီဖြစ်ပါသည်။ ဥတ္တရဘရဂုဏ္ဏနက္ခတ်သည် လမင်းသော်တာနှင့် ယှဉ်ပြိုင်ပြီး ထွက်ပေါ်လာသည်။ ရာသီပန်းကား သရဖီပန်းဖြစ်ပါသည်။ ရှေးစာဆိုတစ်ဦးကလည်း"မိန်တပေါင်း၊ညှာညောင်းလို့ ရွက်ကြွေ၊ ပြုဗ္ဗာဘရဂုဏ္ဏနှင့် ရာသီမှာ ရွှေဖီဆန်းတယ်၊ ပန်းမြဝတ်ရွှေ။ ငါးကြင်းရုပ်ကိုဖြင့်၊ သွင်းလုပ်ကာပွေလီလို့ဝေစီစီစေတီပွဲမှာ၊ နွဲကြတဲ့ကျက်သရေ၊ မေ့ချေဘူးနေ့တိုင်း"ဟူ၍စပ်ဆိုပြီး တပေါင်းလ၏ ရာသီအခါ၊ ရာသီရုပ်၊ စန်းယှဉ်နက္ခတ်၊ ရာသီပန်းနှင့် ရာသီပွဲများကို မှတ်တမ်းတင်ခဲ့ပါသည်။

တပေါင်းလသည် နက္ခတ်ဗေဒင်သဘောအရ ထူးခြားလှသကဲ့သို့ သဘာဝအလှနှင့် လောကအလှတို့တွင်လည်း တစ်မူထူးခြားနေပါသည်။ မိန်ရာသီတပေါင်းမို့ ညှာညောင်းတွေကြွေပြီ ပုရစ်ကယ်ရွှေဥပင်တိုင်း စုနေသည့်အချိန်တွင် တောင်ပြန်လေအေးက တိုက်ခတ်ဆော်သွေးလာပြန်သဖြင့် ဆွေးဓာတ်ခံရှိသူတို့အဖို့ သည်းကြွေလုမျှခံစားကြရသည့်အချိန်ပင် မဟုတ်ပါလော။

သဘာဝအလှတင်သာမက ဘာသာရေးအလှ၊ လူမှုရေးအလှဘက်တွင်လည်း တပေါင်းလသည် ကျော်၍သာမြဲဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ကာဠုဒါယီမထေရ်၏ ပင့်လျှောက်ချက်အရ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရှိရာ ကပိလဝတ်ပြည်သို့ နောက်ပါသံဃာငါးရာနှင့်အတူ ကြွရောက်တော်မူခဲ့သည်မှာလည်း ဤတပေါင်းလတွင်ပင်ဖြစ်ပါသည်။ ထို့အတူ တပေါင်းလသည် တောလက်ကျေးရွာနေ တောင်သူလယ်သမားတို့၏ လုပ်ငန်းသိမ်းချိန်၊ စပါးပေါ်ချိန်၊ လက်မှာငွေရွှင်ချိန်ဖြစ်၍ ကျေးလက်ဒေသတွင် ဆိုင်းသံ၊ ဗုံသံ၊ တညံညံနှင့် လှူကြ ၊တန်းကြ၊ ပျော်ရွှင်ကြသော အချိန်အခါသမယလည်း ဖြစ်ပါသည်။

တပေါင်းလသည် မြန်မာ့သမိုင်းနှင့် ဆက်စပ်ပြီးကြည့်လျှင် ထင်ရှားသောမှတ်တိုင်တစ်ခုဟု ဆိုနိုင်ပါသည်။ မြန်မာ့မြေပေါ်သို့ မတရားကျူးကျော်လာသည့် ဖက်ဆစ်တို့ကို မြန်မာတစ်မျိုးသားလုံးက ခေါင်းငုံ့မခံ၊ တော်လှန်ခဲ့သည်မှာလည်း ဤလတွင်ပင်ဖြစ်ပါသည်။ တပေါင်းလသည် ဥတုသုံးလီတွင် ဂိမှာန်ရာသီ နွေရာသီတွင်ပါဝင်ပြီး မြေပြင်တစ်ခုလုံး ခြောက်သွေ့ကာ ခြေခင်းလက်ခင်းသာသောလဖြစ်သည်နှင့်အညီ ယာဉ်ကြီးယာဉ်ငယ် အသွယ်သွယ်တို့ဖြင့် ကူးသန်းရောင်းဝယ်သူများက ကူးသန်းသွားလာကြသလို လူမှုရေးအားဖြင့် မြန်မာပြည်အနှံ့ ခြေဆန့်ကာ ဘုရားစုံဖူးနိုင်ကြသည့် ရာသီအခါဖြစ်၍ တပေါင်းလသည် လူတိုင်းလူတိုင်း၏မျက်နှာ၌ အားရတက်ကြွ၊ ဝမ်းမြောက်ပျော်ရွှင်မှုရသများယှက်သန်းလျက်လွတ်လပ်မှုကို ဝေမျှခံစားစေသောလလည်းဖြစ်ပါသည်။

ဆောင်းကုန်နွေပေါက်၍ မြေခြောက်သောကာလဖြစ်သဖြင့် မြန်မာပြည်အနှံ့တွင် ဆိုင်းသံ၊ ဗုံသံများနှင့်အတူ ဘုရားပွဲတော်များနှင့် စည်ကားလာတတ်သည်မှာလည်း တပေါင်းလ၏ ထူးခြားမှုတစ်ခုဖြစ်ပါသည်။ ဘာသာရေးကိုအခြေခံ၍ ကျင်းပသော ပျော်ပွဲရွှင်ပွဲများတွင် တပေါင်းပွဲတော်သည် အစည်ကားဆုံးဖြစ်သည်။ များစွာသော စေတီ ပုထိုးတို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်များသည် တပေါင်းလတွင် အများဆုံးကျင်းပကြသည်မှာလည်း ထူးခြားချက်တစ်ရပ်ဖြစ်ပါသည်။ ထိုသို့သော တပေါင်းလဘုရားပွဲများတွင် သဲပုံစေတီ တော်သည် တစ်မူထူးခြားလှပါသည်။

"ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ၊ ဥတ္တရာနှင့်၊ ကြယ်မှာဘဒြပိုဒ်၊ လေးချက်ချိန်ကို၊ တိမ်ချေစိုက်လို့၊ စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလည်း၊ ဘာသာဒေါင်ဒင်၊ ပျော်မြူးသာရွှင်တော့တယ်၊ သဘင်လှခါမီကို၊ သဲစေတီငွေသောင်ကမ်းက၊ လွမ်းလှတယ်လေး" ဟူသော မဟာအတုလမင်းကြီးဖွဲ့ဆိုသော တပေါင်းလဖွဲ့စာပန်းချီနှင့်အညီ မိန်ရာသီလတပေါင်း၏ ရာသီပွဲတော်ဖြစ်သည့် သဲပုံစေတီပွဲတော်ကို နှစ်စဉ်တပေါင်းလရောက်လာတိုင်း ကျင်းပမြဲဖြစ်ကြောင်း သိရှိနိုင်ပါသည်။

သဲပုံစေတီတည်ထားပုံနှင့် ပွဲသဘင်ကျင်းပပုံတို့မှာ ထူးခြားလှသည်။ ပထမဦးစွာ စည်မျက်နှာကဲ့သို့ ညီညာသန့်ရှင်းသော မြစ်ကမ်းနံဘေး၊ သဲသောင်ပြင်တစ်နေရာကို ရှာရသည်။ အချို့ကလည်း နှစ်စဉ်ကျင်းပမြဲနေရာတွင် မြေပြင်ကိုရှင်းလင်းပြီး ကျင်းပကြသည်။

ထိုသဲသောင်ပြင်ပေါ်တွင် သဲဖြူလွလွ၊ ငွေရောင်တောက်နေသော သဲများကို လူငယ်လူပျို၊ လုံမပျိုလေးများ ကသယ်ယူကာ သဲစေတီတည်မည့် သောင်ခုံပေါ်၌ စုပုံထားရသည်။ သဲများအလုံအလောက်ရပြီးသောအခါ စနစ်တကျ သန့်ရှင်းညီညာစွာသပ်ပြီး ရစ်ခွေထားသည့် ဝါးခွေကြီးများကို တစ်ဆင့်ပြီးတစ်ဆင့်တင်ကာ သဲများကိုလောင်းထည့်ရသည်။ စေတီတော်ပုံစံအတိုင်း ဖောင်းရစ်များဖြင့် အထက်ငှက်ပျောဖူးတိုင်အောင် ဝါးခွေများခံပြီး သဲများကို ထည့်ရသည်။ ဤသို့ သပ်ရပ်ညီစွာဖြင့် စေတီတော်တစ်ဆူပုံသဏ္ဌာန်ပေါ်လာသောအခါ စက္ကူထူဖြင့် ထီးတော်ပြုလုပ်၍ ထိပ်တွင်ပန်းတိုင်ထိုးကာ တင်လှူကြပါသည်။ ထီးတော်တင်အခမ်းအနားမှာ စည်ကားလှပါသည်။ လူငယ်လူရွယ်ကလေးများကလည်း အိုးစည်းဒိုးပတ်မြိုင်မြိုင်နှင့် အားပေးကြသည်။ သဲသယ်သူ၊ ရေခပ်သူ၊ လုပ်အားဒါနပြုသူတို့အား မဏ္ဍပ်ထိုးကာ ထမင်း၊ မုန့်၊ အချိုရည်များဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။

သဲပုံစေတီကို နေ့ချင်းပြီးတည်ထားလုပ်ဆောင်ကြရသည်။ များသောအားဖြင့် တပေါင်းလပြည့်နေ့ သို့မဟုတ် အဖိတ်နေ့တို့တွင် ပြုလုပ်လေ့ရှိပါသည်။ အချို့မှာ အဆင်ပြေရာနေ့တွင် ပြုလုပ်ကြသည်။ အဆင်ပြေဆုံးကမူ အဖိတ်နေ့ ဖြစ်ပါသည်။ အဖိတ်နေ့တွင် အပြီးသတ်တည်ထားသော သဲပုံစေတီတော်ကို နောက်တစ်နေ့ တပေါင်းလပြည့်နေ့တွင် အနေကဇာတင်ခြင်း၊ စေတီတော်အား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး ကပ်လှူခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ တပေါင်းလပြည့်နေ့သည် ပွဲတော်နေ့ဖြစ်၍ လူသွား လူလာများသောကြောင့် အထူးစည်ကားလှပါသည်။

နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် သံဃာတော်များကြွရောက်၍ စေတီတော်အား အနေကဇာတင်ကြသည်။ စေတီတော်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကို ကပ်လှူကာ သံဃာတော်တို့အား ဆွမ်းကပ်လှူကြပါသည်။ သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးခြင်းဖြင့် သဲပုံစေတီပွဲကို အဆုံးသတ်လေ့ရှိပါသည်။

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော မြန်မာတို့သည် နှစ်စဉ် သရဖီနှင့် ပိတောက်ပန်းတို့ပွင့်သော တပေါင်းလတွင် သဲပုံစေတီပွဲကို မြို့ရွာအနှံ့၌ ကျင်းပပြုလုပ်လေ့ရှိကြောင်းကို-

ကင်းဝန်မင်းကြီးက "တပေါင်းခါချိန်၊ ရာသီမိန်၊ တောက်ထိန်မဂ္ဂဖာ၊ သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ" ဟူ၍ တစ်မျိုး-

ဖိုးဝဇီရက "သဲစေတီသောင်ငွေစပ်မှာတော့၊ ခဲရွှေညီမောင်မေမငယ်တို့၊ အောင်စေပတည်တဲ့ခါ။ ဒွါဒရတွင်ဖြင့် ဟာသညာဏ်စာဆိုတတ်တွေက၊ သာလမှန်ခါကို မှတ်ပါလို့၊ ရေးစပ်ကြရှာ" ဟူ၍ တစ်ဖုံ-

စာရေးတော်ကြီး ဦးမောင်လေးကလည်း သူ၏တေးထပ်တစ်ပုဒ်ကို " ဖြေမရဲပ ကြေကွဲကြုံအောင်၊ ငွေသဲစိန်ခုံစေတီဆင့်လို့၊ ဘရဂုဏ္ဏီပွင့်ယုန်နှင့် ချိန်တာရာ၊ မိန်ဦးသာတင့်စွာ၊ ကောကနဒကြောက်ဖွယ်လျှာငယ်၊ ခြောက်ဆယ်ဂါထာစီကုံးပေးရသေး" ဟူ၍ တစ်သီး အနည်းနည်း အဖုံဖုံမှတ်တမ်းတင်ရေးဖွဲ့ခဲ့ပါသည်။

စင်စစ်ဆိုရလျှင် တပေါင်းပွဲတော်သည် ရှေးစာပေလင်္ကာများတွင် မှတ်တမ်းတင်ခဲ့သော သဲပုံစေတီပွဲတစ်ခုသာ မဟုတ်တော့ချေ။ မြန်မာပြည်အနှံ့ရှိ ဘုရားပုထိုးများစွာ၏ ဗုဒ္ဓပူဇနိယပူဇော်ပွဲကြီးသည်လည်း ထင်ရှားလှပါသည်။ တပေါင်းသာခေါင်လများနောင်ဟု ဆိုထားသည့်အတိုင်း သာယာကြည်နူးဖွယ်ကောင်းလှသော လတပေါင်း၏ လပြည့်ဝန်းကြီးအောက်တွင် များစွာသောစေတီပုထိုးများ၏ ဗုဒ္ဓပူဇနိယပွဲတော်များကို တစ်ပြိုင်တည်း၊ တစ်ချိန်တည်းကျင်းပကြသည်မှာ တပေါင်းလ၏ ထူးခြားချက်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံး၊ အထင်ရှားဆုံးသော ရွှေတိဂုံစေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာ ဤတပေါင်းလပြည့်နေ့တွင်ပင် ဖြစ်ပါသည်။ ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် တွဲဖက်၍ ဆွမ်းကြီးလောင်းပွဲ၊ ပဋ္ဌာန်းရွတ်ပွဲ စသည်တို့ကိုပါ ကျင်းပခဲ့ကြသည်။

အထူးသဖြင့် တပေါင်းလတွင် ကျင်းပမြဲဖြစ်သော ပွဲတော်များသည် ဘာသာရေးပွဲတော်များဖြစ်သော်လည်း မြန်မာပြည်အနှံ့က ထွက်ကုန်များ၊ ကုမ္ပဏီစတိုးဆိုင်ကြီးများမှ ခေတ်မီလူသုံးပစ္စည်းများကို ဈေးဆိုင်တန်းကြီးများထိုး၍ ရောင်းချလေ့ရှိရာ ထိုပွဲတော်များသည် ကုန်မျိုးစုံရောင်းချရာ၊ ကုန်ပစ္စည်းများကြော်ငြာရာ၊ နိုင်ငံအထက်အောက် ကုန်စည်များဖလှယ်ရာ ဈေးပွဲတော်များအဖြစ်လည်း မှတ်ယူနိုင်ပါသည်။ ထို့ကြောင့် လတကာတို့ နောင်တော်၊ သာယာမှုအပေါင်းတို့၏ ထိပ်ခေါင်ဖြစ်သော တပေါင်းလသည် မြန်မာတို့အတွက် ဒါန၊ သီလ စသည့် တမလွန်သံသရာ ရိက္ခာများကို ပေးနေသလို ပစ္စုပ္ပန်မျက်မှောက်ဘဝအတွက်လည်း စီးပွားရေး၊ လူမှုရေးဆိုင်ရာ အသီးအပွင့်များကို ကြဲချဖြန့်ဝေပေးနေသည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။ ။

> **"ဆောင်းကုန်နွေပေါက်၍ မြေခြောက်သောကာလဖြစ်သဖြင့် မြန်မာပြည်အနှံ့တွင် ဆိုင်းသံ၊ ဗုံသံများနှင့်အတူ ဘုရားပွဲတော်များနှင့် စည်ကားလာတတ်သည်မှာလည်း တပေါင်းလ၏ ထူးခြားမှုတစ်ခုဖြစ်ပါသည်။ ဘာသာရေးကိုအခြေခံ၍ ကျင်းပသော ပျော်ပွဲရွှင်ပွဲများတွင် တပေါင်းပွဲတော်သည် အစည်ကားဆုံးဖြစ်သည်။ များစွာသော စေတီပုထိုးတို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်များသည် တပေါင်းလတွင် အများဆုံးကျင်းပကြသည်မှာလည်း ထူးခြားချက်တစ်ရပ်ဖြစ်ပါသည်။ ထိုသို့သော တပေါင်းလဘုရားပွဲများတွင် သဲပုံစေတီတော်သည် တစ်မူထူးခြားလှပါသည်"**

## မကွေးမြို့၌ အမှိုက်မှ မြေဩဇာထုတ်မည့် စက်ရုံတည်ဆောက်ရန်နေရာကို တိုင်းတာသတ်မှတ်

**မကွေး မတ် ၇**

ပြင်သစ်နိုင်ငံအခြေစိုက် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် GRET Myanmar အဖွဲ့မှ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ဆောက်လုပ်လှူဒါန်းမည့် အမှိုက်မှ မြေဩဇာထုတ်လုပ်သည့် စက်ရုံ Compose Unit တည်ဆောက်ရန်နေရာကို မတ် ၅ ရက်က မြေနေရာတိုင်းတာသတ်မှတ်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း မကွေးစည်ပင်မှ သိရသည်။

GRET INGO က ဇီဝမြေဩဇာထုတ်လုပ်ရေးလုပ်ငန်းအတွက် နှစ်နှစ်ကျော်ကြာ လေ့လာဆန်းစစ်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ငွေကျပ်သန်း ၁၇ ဒသမ ၈၅၀ အသုံးပြုကာ စက်ရုံတည်ဆောက်သွားမည်ဖြစ်ပြီး မကွေးမြို့ မြို့ရှောင်လမ်းရှိ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနေရာ၌ မြေနေရာတိုင်းတာသတ်မှတ်ခြင်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

" မကွေးအမှိုက်ကျင်းက ခုနစ်ဧက ကျယ်ပါတယ်။ ဒီထဲမှာ စက်ရုံဆောက်ဖို့နဲ့ ပတ်သက်လို့ လုပ်ငန်းတင်ဒါကို GRET ရဲ့ အစီအစဉ်နဲ့ ခေါ်ပြီးပါပြီ။ ရွေးလည်းပြီးသွားပါပြီ။ မြေနေရာတိုင်းတာ သတ်မှတ်တာကို တာဝန်ရှိသူတွေနဲ့ ဒီနေ့မှာ လုပ်ဆောင်ခဲ့တာပါ " ဟု မကွေးမြို့နယ်စည်ပင်မှ ဒုတိယဦးစီးမှူး ဦးအောင်မျိုးသိန်းက ပြောသည်။

လေ့လာဆန်းစစ်ချက်များအရ မကွေးမြို့၌ နေ့စဉ်အမှိုက်တန်ချိန် ၅၅ တန်ထွက်ရှိပြီး ယင်းတို့ထဲမှ ၇၀ ရာခိုင်နှုန်းကို မြေဩဇာထုတ်ယူကာ တောင်သူများထံဖြန့်ဝေရန် အစီအစဉ်ရှိကြောင်း၊ လုပ်ငန်းစတင်ချိန်တွင် စက်ရုံကို GRET မှ ဦးစီးလည်ပတ်မည်ကာ စည်ပင်ဝန်ထမ်းများကို သင်တန်းပေးပြီးပါက မြို့နယ်စည်ပင်သို့ အပြီးပြတ်လှူဒါန်းသွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီထံမှ သိရသည်။

ဇေယျာတု(မကွေး)



မကွေးမြို့၌ အမှိုက်မှ မြေဩဇာထုတ်မည့် စက်ရုံတည်ဆောက်ရန် ကွင်းဆင်းတိုင်းတာစဉ်။

# ရွှေတိဂုံစေတီတော် တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



ရန်ကုန် မတ် ၇

ရွှေတိဂုံစေတီတော် ၂၆၀၈ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၈ ရက်အထိ (တပေါင်းလဆန်း ၆ ရက်မှ တပေါင်းလပြည့်နေ့အထိ) ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်လျက်ရှိသည်။

### ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ

သံဃာ့ပူဇာအနေဖြင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော သံဃာ ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါး စုစုပေါင်း ၁၄၄ ပါးတို့အား ပင့်ဖိတ်၍ ရွှေတိဂုံစေတီတော် ရင်ပြင်တစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် စေတနာရှင်၊ သဒ္ဓါတရားထက်သန်ကြသည့် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

### နှစ်စဉ်ကျင်းပသည်မှာ ၂၆၀၈ နှစ်မြောက်ရှိ

ရွှေတိဂုံစေတီတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် တည်ထားခဲ့ပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေတိဂုံစေတီတော် တပေါင်းပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ၂၆၀၈ နှစ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း – ဇော်မင်းလတ်၊ ဓာတ်ပုံ– ကိုကိုဇော်**

## COVID-19 ရောဂါ အသိပညာပေးဆောင်ရွက်မှုနှင့်အတူ စက်ရုံကုန်ကြမ်းပစ္စည်းများ ဝင်ရောက်လာမှုကြောင့် ပိတ်လုဆဲဆဲ စက်ရုံများ အရှိန်မပျက် ဆက်လက်လည်ပတ်

ရန်ကုန် မတ် ၇

**ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန်များတွင် COVID-19 ရောဂါကြောင့် စက်ရုံလုပ်သားများ စိုးရိမ်မှုမရှိစေရန် စက်ရုံများတွင် တိုင်း၊ ခရိုင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့မှ အသိပညာပေးလျက်ရှိသည့်နည်းတူ နယ်စပ်ကုန်စည်စီးဆင်းမှု အားနည်းသွားမှုဖြစ်စဉ်တွင် အထည်အလိပ် ကုန်ကြမ်းဝင်ရောက်မှု မပါရှိသည့်အတွက် စက်ရုံများပိတ်ရန် ပြင်ဆင်နေရာမှ ဌာနဆိုင်ရာတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကုန်ကြမ်းများ ရောက်ရှိလာ၍ စက်ရုံများ၏ ပိတ်လုဆဲဆဲလုပ်ငန်းများ အရှိန်မပျက် ဆက်လက်လည်ပတ်လျက်ရှိကြောင်း သိရသည်။**

"စက်ရုံအားလုံးကို ကျန်းမာရေးဦးစီးဌာနက အသိပညာပေးခြင်းတွေ လုပ်ဆောင်နေပါပြီ။ စက်ရုံတွေကလည်း အလုပ်သမားတွေ တစ်ကိုယ်ရေ သန့်ရှင်းရေးနဲ့ ပိုးသတ်ဖို့ နေ့စဉ်ဆောင်ရွက်နေကြပါတယ်။ ကုန်ကြမ်းမဝင်လို့ ပိတ်ထားရတော့မယ့် စက်ရုံတွေလည်း ကုန်ကြမ်းတွေ လေဆိပ်၊ ဆိပ်ကမ်းနဲ့ နယ်စပ်ကဝင်ရောက်လာပြီဖြစ်လို့ တိုက်ရိုက်ဝင်နေကြပါပြီ။ ဌာနဆိုင်ရာတွေ ပေါင်းစပ်လုပ်ဆောင်မှုကြောင့် အမှန်တကယ် လုပ်ဆောင်နေတဲ့ စက်ရုံတွေအတွက် မတ် ၂ ရက်ကစပြီး ကုန်ကြမ်းတွေရရှိပါပြီ။ အလုပ်သမားတွေလည်း ပျော်ရွှင်နေကြပြီ။ ကျန်တဲ့လစာတွေ မတ် ၅ ရက်နေ့မှာ ပေးခဲ့ပြီး မတ်လအတွက်လည်း လစာပေးနိုင်ပြီလို့ စက်ရုံတွေမှ တာဝန်ရှိသူတွေက ပြောပါတယ်"ဟု ရွှေလင်ပန်းစက်မှုဇုန် ဥက္ကဋ္ဌ ဦးအေးသောင်းက ပြောသည်။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ လှိုင်သာယာမြို့နယ်ရှိ စက်ရုံအချို့မှ အလုပ်သမားများ လုပ်ခလစာတိုးမြှင့်ပေးရန် ဆန္ဒထုတ်ဖော်ခဲ့ကြရာ ဖေဖော်ဝါရီ တတိယပတ်အထိ ဆန္ဒထုတ်ဖော်ခဲ့ကြပြီး COVID-19 ရောဂါနှင့် ကုန်ကြမ်းဝင်ရောက်မှု မရှိ၍ စက်ရုံများ ပိတ်ရတော့မည့်အခြေအနေကို သိရှိလာကြရာ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကုန်ကြမ်းပစ္စည်းများ မတ်လပထမပတ်တွင် စက်ရုံများသို့ ဝင်ရောက်လာမှုကြောင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်မှုဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့ ညှိနှိုင်းဆွေးနွေးမှု၏ အောင်မြင်မှုအဖြစ် ယခုလိုစက်ရုံများ အရှိန်မပျက်ဆက်လက်လည်ပတ်မှုကို ရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

စက်မှုဇုန်များရှိ စက်ရုံများအနေဖြင့် ယခင်ကနားလည်မှုဖြင့် စက်ရုံအချို့လည်ပတ်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးနှင့်အတူစက်ရုံ အရည်အသွေးနှင့် အလုပ်သမားတို့၏ အခွင့်အရေးကို နိုင်ငံတော်မှ ဆောင်ရွက်ရာတွင် စံချိန် စံညွှန်းမမီသော စက်ရုံများ ပိတ်ရမည်ဖြစ်ရာ လှိုင်သာယာတွင် စက်ရုံ ၂၀ ခန့် ပိတ်မည်ဆိုသော ကောလာဟလမှာလည်း COVID-19 နှင့် ကုန်ကြမ်းကြောင့် မဟုတ်ဘဲ စံချိန် စံညွှန်းမမီသော စက်ရုံများသာ ပိတ်ခြင်းဖြစ်ကြောင်း သိရသည်။

"အရင်နားလည်မှုနဲ့ လည်ပတ်နေတဲ့ စက်ရုံတွေ အခုစစ်ဆေးမှုကြောင့် စံချိန်စံညွှန်းမမီတဲ့အတွက် သတ်မှတ်စည်းကမ်းနဲ့အညီ ပြောင်းလဲဆောင်ရွက်မယ်ဆိုရင် ကုန်ပစ္စည်းလိုအပ်တဲ့ စက်ရုံတွေက ကုန်တွေဆက်မှာကြမှာပါ။ ဘာလို့ စက်ရုံပိတ်နိုင်လဲဆိုရင် သတ်မှတ်စံချိန်စံညွှန်းမမီတဲ့ စက်ရုံတွေပဲ ပိတ်နိုင်ပါတယ်"ဟု ရွှေလင်ပန်းစက်မှုဇုန် ဥက္ကဋ္ဌ ဦးအေးသောင်းက ဖြည့်စွက်ပြောကြားသည်။

ပြည်တွင်း၌ အထည်ချုပ်စက်ရုံပေါင်း ၈၀၀ ကျော်၌ အလုပ်သမားတစ်သန်းခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး လှိုင်သာယာစက်မှုဇုန်တွင် အထည်ချုပ် စက်ရုံ ၄၀၀ ခန့်ရှိရာ ၂၀၀ ခန့်မှာ ရွှေလင်ပန်းစက်မှုဇုန်တွင် တည်ရှိသောကြောင့် အထည်ချုပ်လုပ်သားဦးရေ အများဆုံးလုပ်ငန်းဝင်လျက်ရှိသည့် ရွှေလင်ပန်းစက်မှုဇုန်တွင် COVID-19 အသိပညာပေးဆောင်ရွက်မှုနှင့်အတူ အထည်အလိပ်ကုန်ကြမ်းများ ဝင်ရောက်လာမှုကြောင့် ပိတ်လုဆဲဆဲစက်ရုံများ အရှိန်မပျက် ဆက်လက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **သစ္စာ**



ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက် စီဗွီလိုင်းရပ်ရှိ အောင်ပြည့်အောင်ဘုန်းတော်ကြီးကျောင်းအတွင်း ဆရာတော် ဘဒ္ဒန္တမဟိန္ဒထေရ် ဦးဆောင်၍ တည်ထားကိုးကွယ်မည့် အောင်ဗိုလ်အောင်ဂြိုဟ်ပြေနံ့ပြေမြတ်စေတီတော်အား ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မတ် ၇ ရက်က စေတီတော်မြတ်ဝမ်းဗိုက်အတွင်း ဝမ်းစာဖြည့်၊ သဲမြေဖို့ခြင်းတို့ကို စုပေါင်းလုပ်အားပေးဆောင်ရွက်စဉ်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

## ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်း၊ ဒင်္ဂါးနှင့် ငွေစက္ကူ ပြပွဲကျင်းပ

ရန်ကုန် မတ် ၇

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်း၊ ဒင်္ဂါးနှင့် ငွေစက္ကူပြပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)၌ ကျင်းပသည်။

ပြပွဲကို တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း မျိုးဆက်သစ်ကျောင်းသားများ၊ မျိုးဆက်ဟောင်းကျောင်းသားများနှင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များအသင်းတို့နှင့်အတူ ဒင်္ဂါးနှင့် ငွေစက္ကူ စုဆောင်းသူ ဝါသနာရှင်များ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြန်မာနှင့် ကမ္ဘာတစ်လွှားမှ ထင်ရှားသော ပုဂ္ဂိုလ်များ၊ နိုဗယ်ဆုရှင်များနှင့် နိုင်ငံ့ခေါင်းဆောင်များကို ဂုဏ်ပြုထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများ၊ ထူးခြားသော နေ့ရက်များနှင့်အတူ အမှတ်တရထုတ်ဝေထားသော အထိမ်းအမှတ် တံဆိပ်ခေါင်းများကို မတ် ၈ ရက်အထိ ပြသသွားမည်ဖြစ်သည်။



ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် တံဆိပ်ခေါင်း၊ ဒင်္ဂါးနှင့် ငွေစက္ကူပြပွဲ လာရောက်လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။ ဓာတ်ပုံ – ဖေဇော်

ထို့အပြင် ပျူခေတ်သုံး ဒင်္ဂါးများမှ ယနေ့မျက်မှောက်ခေတ်အထိ မြန်မာ့သမိုင်းတစ်လျှောက် ခေတ်အလိုက် ထုတ်ဝေအသုံးပြုခဲ့သော ဒင်္ဂါးများ အပါအဝင် အထိမ်းအမှတ် ထုတ်ဝေသည့် ဒင်္ဂါးများနှင့် ခေတ်အလိုက် ထုတ်ဝေသုံးစွဲခဲ့သည့် ငွေစက္ကူများကို ပြသထားရာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနကထိက (တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း အတွင်းရေးမှူး) ဒေါ်ဆွေဆွေအုန်းက "တံဆိပ်ခေါင်းတွေ အများကြီးရဖို့ နှစ်ပေါင်းများစွာစုဆောင်းခဲ့ရပါတယ်။ တံဆိပ်ခေါင်းတွေက အထိမ်းအမှတ်အနေနဲ့ ထုတ်ထားကြတာပါ။ ဒီတံဆိပ်ခေါင်းတွေကနေ တိုင်းပြည်ရဲ့ ပြောင်းလဲလာတဲ့ ခေတ်စနစ်၊ သမိုင်းကြောင်းနဲ့ ငွေကြေးတန်ဖိုးကို သိစေချင်လို့ အခုလို ကျင်းပရတာ ဖြစ်ပါတယ်" ဟု ပြောသည်။

တံဆိပ်ခေါင်းကို ကမ္ဘာပေါ်၌ ၁၈၄၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံက စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် တံဆိပ်ခေါင်းကို ၁၉၃၈ ခုနှစ်မှ စတင်အသုံးပြုခဲ့ကြောင်း အဆိုပါ ပြပွဲမှ သိရသည်။ **ဇော်ကြီး**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၇–** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ယခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်ကြောင့် လူစုလူဝေးမဖြစ်စေရေး ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ကျင်းပတော့မည်မဟုတ်



ကချင်ပြည်နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**မြစ်ကြီးနား မတ် ၇**

ကချင်ပြည်နယ်အတွင်း ၂၀၂၀ ပြည့်နှစ် (မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်) ဧပြီလအတွင်း ကျရောက်မည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ယခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ယခင်နှစ်များအတိုင်း ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်မဟုတ်ကြောင်း မတ် ၆ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေး(ယာပုံ)မှ သိရသည်။

**လုံခြုံရေးရယူ ဆောင်ရွက်ပေးရမည်**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ယခုနှစ်သင်္ကြန်ပွဲတော်အား ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် WHO တို့၏ ကြေညာချက်အတိုင်း လူစုလူဝေးခြင်း မဖြစ်ပေါ်စေရန် မိမိတို့အစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပတော့မည်မဟုတ်ကြောင်း၊ သို့သော် အများပြည်သူအနေဖြင့် ဓလေ့ထုံးစံနှင့်အညီ ရေကစားခြင်းကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် တားမြစ်ကန့်သတ်သွားမည်မဟုတ်ဘဲ ကျန်းမာရေးနှင့် ထိခိုက်အန္တရာယ်ဖြစ်ပွားမှုမှ ကာကွယ်ရေးအတွက် လုံခြုံရေးရယူ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ယခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပမှု မရှိသော်လည်း အများပြည်သူ လုံခြုံရေးနှင့် ကျန်းမာရေး အသိပညာပေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများနှင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကျင်းပမည့် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်အသင်းတော် ဘုရားကျောင်းများတွင် နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သမှုခံယူခြင်းတို့အား ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က နှစ်သစ်ကူးပွဲတော်များတွင်လည်း ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ပေးသည်။

ပြည်နယ် (ပြန်/ဆက်)

## မီးလောင်ကျွမ်းခဲ့သော ကျေးရွာအထကကျောင်းအတွက် ရှမ်းပြည်နယ်အစိုးရ ငွေကျပ်သိန်း ၃၀ လှူဒါန်း

**ဆီဆိုင် မတ် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ထော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား၍ ပျက်စီးခဲ့သော သပြေဆောင်ကို ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၃၀ ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က မတ် ၆ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းတို့က အလှူငွေကျပ်သိန်း ၃၀ ကို နောင်ထော်အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းထံ ပေးအပ်ခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

ခွန်ရဲထွေး (ဆီဆိုင်)

## ဝါးခယ်မကြိုးတံတား သံကူကွန်ကရစ်တံတားအဖြစ် အစားထိုးအဆင့်မြှင့်တင်မှု ၆၆ ရာခိုင်နှုန်းပြီးစီး တံတားတစ်စင်းလုံး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်

**ရန်ကုန် မတ် ၇**

ဝါးခယ်မ ကြိုးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အစားထိုး အဆင့်မြှင့်တင်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး၏ ၆၆ ရာခိုင်နှုန်း ပြီးစီးနေပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝါးခယ်မ ကြိုးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ၍ ၂၈-၅-၂၀၀၀ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၅-၁-၂၀၀၃ ရက်နေ့တွင် ဖွင့်လှစ်အသုံးပြုခဲ့သည်။

တံတားတစ်စင်းလုံး အရှည်မှာ ပေ ၃၀၂၀ (၉၂၀ ဒသမ ၅ မီတာ) ဖြစ်ပြီး ချဉ်းကပ်တံတားခန်းဖွင့်မှာ ရန်ကုန်ဘက်ကမ်းတွင် ၃၈၄ ဒသမ ၀၃ မီတာ(ပေ ၁၂၆၀)၊ ဝါးခယ်မဘက်ကမ်းတွင် ၃၅၃ ဒသမ ၅၅ မီတာ (ပေ ၁၁၆၀)၊ မူလပင်မကြိုးတံတား ခန်းဖွင့် ၁၈၂ ဒသမ ၈၈ မီတာ(ပေ ၆၀၀) ဖြစ်သည်။ မူလခွင့်ပြုအလေးချိန်မှာ ၃၆ တန် ဖြစ်ပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျပြီးနောက်ပိုင်း၌ ပင်မကြိုးတံတား၏ ခံနိုင်ရည်ကျဆင်းလာသဖြင့် တန် ၂၀ အထိသာ ခွင့်ပြုထားခဲ့ရာမှ ၁-၄-၂၀၁၈ ရက်နေ့ မြောင်းမြကြိုးတံတား ပြတ်ကျခဲ့သည့် ဖြစ်စဉ်ကြောင့် တံတား၏ကြံ့ခိုင်မှုကို သိရှိနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Highway Construction Association (CHCA) နှင့် China Road and Bridge Corporation (CRBC) မှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

စစ်ဆေးမှုများပြုလုပ်ပြီးနောက် ရရှိလာသော ရလဒ်များအပေါ် အခြေခံ၍ ပင်မကြိုးတံတား၏ ကြံ့ခိုင်မှုကို အဆင့်(၄)အဖြစ် သတ်မှတ်ပြီး လက်ရှိ ခွင့်ပြုထားသော တန် ၂၀ အား လျှော့၍ ၁၈ တန်အထိသာ ခွင့်ပြုသွားရန် သတ်မှတ်ခဲ့သည်။

ထိုသို့ တံတားခံနိုင်ရည်အား ကျဆင်းလာခြင်းကြောင့် တံတားပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မှု မပြုနိုင်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ပြီး ပင်မကြိုးတံတားအား ဖြုတ်သိမ်း၍ အုတ်မြစ် ယာဉ်တစ်စီးချင်း ၇၅ တန်ခံနိုင်ရည်ရှိသော Steel Box Girder အရှည် (ပေ ၆၀၀) သံကူကွန်ကရစ် တံတားမျိုးအစားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။

ခရမ်းစိုးမြင့်



ဝါးခယ်မတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

## အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား၊ ပင်မတံတား သံပေါင်တပ်ဆင်မည့်အချိန်တွင် ရေလမ်းကြောင်းပိတ်ထားမည်ဖြစ်ကြောင်း ရေလမ်းသတင်း သတိပေးချက်

**နေပြည်တော် မတ် ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄)မှ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျိုက်မရော-စံပယ်ဂူ-ကော့ပနော လမ်းပေါ်ရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတားအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် RP1 နှင့် RP2 ကြားတွင် Temporary Support များ (၄) တိုင် စိုက်သွင်း၍ ပင်မတံတား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို တန် ၂၀၀၀ Working Barge များ၊ Z-Craft များ အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား၊ ပင်မတံတား သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းအား အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် မတ် ၁၅ ရက်မှ ဇွန် ၁၅ ရက်အထိ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား၊ စီမံကိန်းဧရိယာအတွင်း ကုန်တင်သင်္ဘောကြီးများ၊ လှေသင်္ဘောများ၊ မော်တော်များ ဖြတ်သန်းသွားလာခြင်းအား ကန့်သတ်ပိတ်ထားမည်ဖြစ်ကြောင်း **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



ကိုရိုနာဗိုင်းရပ်စ် (COVID-19) အတွက် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ဆေးနှင့် ဆေးရုံသုံးပစ္စည်းများ ဝယ်ယူရန် စီဘီဘဏ်က ငွေကျပ်သိန်း ၁၀၀ လှူဒါန်းပွဲကို မတ် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီဆေးရုံ၌ ကျင်းပရာ စီဘီဘဏ် ဒါရိုက်တာ ဒေါ်မေမိုးမြင့်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးအောင် လက်ခံစဉ်။ အေကေလင်း

## ကိုရိုနာဗိုင်းရပ်စ်တားဆီးကာကွယ်ရေး ကိုယ်အပူချိန်တိုင်းစစ်ဆေး

**စေတုတ္တရာ မတ် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ဘက်စုံသုံးဘေးဒဏ်ခံ အဆောက်အဦဖွင့်ပွဲအခမ်းအနား တက်ရောက်သူ များအား ယနေ့ မွန်းတည့် ၁၂ နာရီတွင် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ်၊ ကျောင်းသူနာပြုဆရာမကြီး ဒေါ်မာလာ ကြည်နှင့် အဖွဲ့များက ကိုရိုနာဗိုင်းရပ်စ် (COVID-19) တားဆီးကာကွယ်ရေး Digital Thermometer ဖြင့် ကိုယ်အပူချိန်တိုင်းစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပေါက်ပေါက် (ပြန်/ဆက်)

* *ကျောဖုံးမှ*

NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမြေး၊ စောမြရာဇာလင်း၊ ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ စောကျော်ညွန့်၊ ဆော်လမွန်၊ ဒေါက်တာစိုင်းဦးနှင့် နန်းယဉ်ယဉ်စိုးတို့ တက်ရောက်ကြသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ “နှစ်ရက်တာကာလအတွင်း NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်တွေကို ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုများ ကဏ္ဍတွေကို ဆက်ပြီးဆွေးနွေးခဲ့ကြပါတယ်။

## နှစ်ဖက်သဘောထားတွေကိုလည်း ဆွေးနွေးနိုင်ခဲ့

တစ်ဖက်မှာလည်း ကျွန်တော်တို့ ဆွေးနွေးထားခဲ့တဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်ဖို့ကိစ္စကိုလည်း နိုင်ငံရေးဆွေးနွေးပွဲတွေ ဆွေးနွေးနေတဲ့ တစ်ပြိုင်တည်းမှာ အကောင်အထည်ဖော်နိုင်ဖို့အတွက် နှစ်ဖက်သဘောထားတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဆွေးနွေးခဲ့တဲ့အချက်တွေအပေါ်မှာ နှစ်ရက်တာကာလအတွင်းမှာ သဘောတူတဲ့ အချက်တွေရှိသလို ဆက်ဆွေးနွေးရမယ့် အချက်တွေလည်း အများကြီးရှိပါသေးတယ်။ နောက်ဆွေးနွေးပွဲတွေမှာတော့ တဖြည်းဖြည်းနဲ့ သဘောတူညီနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

အစည်းအဝေးတွေကို JICM အစည်းအဝေး ဆုံးဖြတ်ချက်တွေနဲ့အညီ ဆက်လက်ပြီး လျာထားသတ်မှတ်တဲ့ ရက်တွေအတိုင်း အလုပ်အဖွဲ့ အစည်းအဝေးတွေကို ကျွန်တော်တို့ တောက်လျှောက် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။ UPDJC အတွင်းရေးမှူးအစည်းအဝေး၊ UPDJC အစည်းအဝေး၊ JMC အစည်းအဝေးတို့ကို ဆက်တိုက်ကျင်းပပြုလုပ်သွားဖို့ရှိပါတယ်။ ဒီအရာတွေကို လုပ်ဆောင်ဖို့ နှစ်ဖက်သဘောတူညီမှု ရရှိပြီးဖြစ်ပါတယ်။ အစည်းအဝေးတွေကနေတစ်ဆင့် JICM အစည်းဝေးမှာ ပြန်လည်တင်ပြဖို့ ၊ JICM အစည်းအဝေးကျင်းပနိုင်ဖို့ ၊ နိုင်ငံရေးဆွေးနွေးပွဲတွေ သတ်မှတ်နိုင်ဖို့ ကိစ္စတွေလည်း ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ကျွန်တော်တို့ သတ်မှတ်လျာထားချက်တွေနဲ့အညီ အစည်းအဝေးတွေ ကျင်းပဆောင်ရွက်နိုင်ဖို့ကိုလည်း ဆွေးနွေးချက်ရလဒ်အနေနဲ့ အများကြီး ခရီးရောက်ပါတယ်လို့ ပြောလိုပါတယ်” ဟု ထည့်သွင်းပြောကြားခဲ့သည်။

## ဖက်ဒရယ်အခြေခံမူများ ညှိနှိုင်းဆွေးနွေးနိုင်

ဆက်လက်၍ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက “ဒီအစည်းဝေးမှာ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေက ပြန်လည်ယူဆောင်လာတဲ့ အဆိုပြုချက်တွေကို အသေးစိတ်ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး သဘောတူညီချက်တွေ ထပ်မံရရှိခဲ့ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)မှာ ချုပ်ဆိုမယ့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ ဖက်ဒရယ်အခြေခံမူများကို ဒီအစည်းအဝေးမှာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီး ရှေ့သို့ တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းဟာ နှစ်ဖက် ပူးတွဲအလုပ်အဖွဲ့ငယ်တွေရဲ့ ကြိုးပမ်းမှုကြောင့်ပဲ ဖြစ်ပါတယ်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် အစီအစဉ်များကို ညှိနှိုင်းနိုင်ခဲ့သလို UPDJC အတွင်းရေးမှူးများအစည်းအဝေးကို လာမယ့် မတ်လ ၁၀ ရက်နေ့နဲ့ UPDJC အစည်းအဝေးကို လာမယ့် မတ်လ ၁၂ ရက်နေ့မှာကျင်းပဖို့ သဘောတူညီခဲ့ခြင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ကျင်းပနိုင်ဖို့အတွက် အရေးပါတဲ့ UPDJC ကို ပြန်လည်သက်ဝင် လှုပ်ရှားလာစေတော့မှာ ဖြစ်ပါတယ်။

NCA စာချုပ် လက်မှတ်မရေးထိုးသေးတဲ့ EAO တွေ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ပါဝင်လာနိုင်ရေး နည်းလမ်းများအတွက် ဒီအစည်းအဝေးမှာ အမြင်ချင်းဖလှယ်နိုင်ခဲ့တယ်။ ဖက်ဒရယ်အခြေခံမူရရှိရေးအတွက် အစိုးရက ဒီမိုကရေစီဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်မှု (၅) ချက် ဆွေးနွေးခဲ့သလို မိမိတို့အနေနဲ့လည်း NCA–S EAO ရဲ့ ဖက်ဒရယ်မူတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ရရှိလာတဲ့ ဖက်ဒရယ်အခြေခံမူ သဘောတူညီချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) မှာ ချုပ်ဆိုသွားမှာဖြစ်ပါတယ်။

ဒီတတိယအကြိမ် ညှိနှိုင်းအစည်းအဝေးမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို သတ်မှတ်ထားတဲ့ အချိန်ကာလအတွင်း ကျင်းပနိုင်ဖို့ မိမိတို့နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့တွေကြားမှာ တစ်ဖက်ကိုတစ်ဖက်နားလည်မှုရှိရှိနဲ့ လုပ်ငန်းအစီအစဉ်တွေမှာ လက်တွဲညီညီ ဝိုင်းဝန်းဆောင်ရွက်သွားဖို့ သဘောတူညီခဲ့ပါတယ်” ဟု နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

## UPDJC အစည်းအဝေးကျင်းပရန် သဘောတူညီ

ယနေ့ကျင်းပသည့် အစိုးရနှင့် NCA–S EAO နှစ်ဖက်အလုပ်အဖွဲ့၏ (၈)ကြိမ်မြောက် (JICM) အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး တတိယညှိနှိုင်းအစည်းအဝေးအပြီးတွင် UPDJC အတွင်းရေးမှူးများ အစည်းအဝေးကို မတ် ၁၀ ရက်တွင် ကျင်းပရန်နှင့် UPDJC အစည်းအဝေးကို မတ် ၁၂ ရက်တွင် နေပြည်တော် NRPC ရုံး၌ ကျင်းပရန် သဘောတူညီခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ချုပ်ဆိုမည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အစိုးရနှင့် NCA–S EAO တို့၏ ဖက်ဒရယ်အခြေခံမူများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း–ရဲခေါင်ညွန့်**

# ကျောင်းကုန်းမြို့နယ်မှ ကျေးရွာမီးလင်းရေးလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်ဖွင့်လှစ်ပေး



**ကျောင်းကုန်း မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာ၌ ဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီး၍ ဖွင့်ပွဲကို မတ် ၇ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့သည် အဓိကကျသောလုပ်ငန်းများဖြစ်၍ ပြည်သူ့အစိုးရလက်ထက်တွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ပေးနေသလို ကမ္ဘာ့ဘဏ်ချေးငွေနှင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့်လည်း ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမင်းထွန်းကလည်း ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လှည်းဆိပ်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာ လေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း အရှည် သုံးမိုင်နှင့် ကျောင်းကုန်း–အိမ်မဲ လမ်းမကြီးတစ်လျှောက်ရှိ ကျေးရွာများအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ရှစ်မိုင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ် ၃၀၈ သန်းဖြင့် တည်ဆောက်ပေးခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

လှည်းဆိပ်ကျေးရွာအုပ်စုအတွင်း၌ ကျေးရွာခွဲ ၁၀ ရွာရှိသည့်အနက် လှည်းဆိပ်ကျေးရွာ၊ ရွာသစ်ကုန်းရွာ၊ မာလာကွင်းရွာနှင့် အုန်းပင်စုရွာ စုစုပေါင်း လေးရွာတွင် လျှပ်စစ်မီးလင်းပြီဖြစ်ကြောင်း၊ လှည်းဆိပ်ကျေးရွာတွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာသစ်တစ်လုံးကို တည်ဆောက်ရန်လည်း ဆက်လက်စီစဉ်နေကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# သမိုင်းဝင် မန်းရွှေစက်တော်ရာဘုရားပွဲသို့ မင်းဘူး(စကု)မြို့နယ် မင်းလှကျင်းကျေးရွာမှ နွားလှည်းယဉ် ၃၁ စီး ပါဝင်သော လှည်းတန်းဖြင့် နှစ်စဉ် အစဉ်အလာမပျက် လာရောက်ဖူးမြော်

မင်းဘူး မတ် ၇

**မကွေးတိုင်းဒေသကြီး အညာဒေသတွင် ထင်ရှားကျော်ကြားသည့် ပွဲတော်တစ်ခုဖြစ်သည့် သမိုင်းဝင် မန်းရွှေစက်တော်ရာဘုရားပွဲသို့ မင်းဘူး(စကု)မြို့နယ် မင်းလှကျင်းကျေးရွာမှ နွားလှည်းတန်းဖြင့် နှစ်စဉ် ရှေးရိုးအစဉ်အလာမပျက် လာရောက်ဖူးမြော်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက နွားလှည်းယဉ် ၃၁ စီး ပါဝင်သော လှည်းတန်းဖြင့် လာရောက်ဖူးမြော်ကြသည်။**

“သမိုင်းဝင် မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကို ကျွန်တော်တို့ အဘိုးအဘွားတွေ လက်ထက်ကတည်းက လှည်းတန်းနဲ့ နှစ်စဉ် သွားရောက်ဖူးမြော်ခဲ့ကြတာပါ။ အရင်နှစ်က နွားလှည်းအစီး ၆၇ စီးနဲ့ သွားခဲ့ပြီး ယခုနှစ်မှာ နွားလှည်းစီးရေ ၃၁ စီး သွားရောက်ဖူးမြော်ကြတာပါ။ နှစ်စဉ် တပေါင်းလပြည့်နေ့အမီ လာရောက်ပြီး လပြည့်နေ့မှာ အရဏ်ဆွမ်း ကပ်လှူကြမှာပါ”ဟု မင်းလှကျင်းကျေးရွာအုပ်စုရေးမှူး ဦးမောင်ဝင်းက ပြောသည်။

“ကျွန်တော်တို့ လှည်းယဉ် ၃၁ စီးနဲ့ စတင်ထွက်လာပါတယ်။ မင်းလှကျင်းကျေးရွာနဲ့ မန်းရွှေစက်တော်ဘုရားက ၁၂ မိုင်ခန့် ဝေးပါတယ်။ မိသားစုအလိုက် ဘုရားဖူးလာကြတာပါ။ နွားလှည်းနဲ့ သွားကြပါတယ်။ တချို့ကလည်း ကားနဲ့လည်း သွားကြတာရှိပါတယ်။ ဒီနေ့ဆိုရင် လူဦးရေ စုစုပေါင်း ၅၀၀ ခန့် ဘုရားဖူးလာကြတာပါ။ မန်းချောင်းသောင်ပြင် လှည်းဝိုင်းမှာ နေကြမှာပါ။ တပေါင်းလပြည့်ကျော် ၂ ရက်နေ့မှ ပြန်ကြမှာပါ”ဟု လှည်းတန်းဖြင့် ဘုရားဖူးလာရောက်သူတစ်ဦးက ပြောသည်။

“အနယ်နယ်အရပ်ရပ်က ဓာတ်ပုံပညာရှင်တွေနှင့် ဝါသနာရှင်တွေ ပူးပေါင်းပြီး လှည်းတန်းထွက်မယ့်ရက်ကို လာရောက်ရိုက်ကူးကြတာပါ။ မန်းရွှေစက်တော်ဘုရားပွဲတော်ကို မြန်မာ့ရိုးရာနွားလှည်းတန်းနဲ့ လာရောက်ဖူးမြော်ကြတဲ့ အစဉ်အလာကို မပျောက်ပျက်ဖို့နဲ့ နောင်လာနောက်သားတွေ ဆက်လက်ထိန်းသိမ်းဖို့ ရည်ရွယ်ပြီး လာရောက်ရိုက်ကူးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဓာတ်ပုံဝါသနာရှင်တွေ၊ စေတနာအလှူရှင်တွေ ပူးပေါင်းပြီး ရေသန့်ဘူးတွေ၊ ကော်ဖီမစ်ထုပ်တွေ၊ အစားအသောက်တွေနှင့် စုစုပေါင်း လှူဒါန်းငွေကျပ် ၂၈၀၀၀၀ ကို လှည်းတန်းကို အလှူဒါနပြုခဲ့ပါတယ်”ဟု ဒေသခံ ဓာတ်ပုံဝါသနာရှင် ကိုဂျေက ပြောသည်။



မန်းရွှေစက်တော် ဘုရားပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်း သိရှိရပြီး မန်းရွှေစက်တော် ဘုရားနှင့် သုံးမိုင်ခန့်အကွာတွင် ဘုရားဖူးပြည်သူများ အပန်းဖြေလှေလာရေး ဆင်စခန်းဖွင့်လှစ်ထားရှိကာ ဘုရားဖူးပြည်သူများ လွယ်လင့်တကူ သွားရောက်နိုင်မည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

**ဓာတ်ပုံ–ကိုဂျေ(မင်းဘူး)**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာ မောင်ခင်ဇော် (ကေသီပန်)နှင့် ရုပ်ရှင်စကားဝိုင်း

## ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

**ဒီတစ်ပတ် ရုပ်ရှင်စကားဝိုင်းကို ကျွန်တော်နဲ့အတူ ဆွေးနွေးမယ့် ပုဂ္ဂိုလ်ကတော့ ခင်ဇော်(ကေသီပန်)ဆိုပြီးတော့ နာမည်ရှိတဲ့သူ ပါပဲ။ အခုကတော့ ကျွန်တော်တို့ကတော့ ဆရာ ဦးခင်ဇော်လို့ ခေါ်ဆိုပါတယ်။ ဆရာ ဦးခင်ဇော်ဟာ နာမည်ကျော် လူငယ်ဒါရိုက်တာ မိုက်တီးရဲ့ ဖခင်ဖြစ်သလိုပဲ သရုပ်ဆောင် ချစ်ချစ်ဇော်တို့၊ လင်းဇာနည်ဇော်တို့ရဲ့ ဖခင်လည်း ဖြစ်ပါတယ်။**

*(၁၈-၂-၂၀၂၀ ရက်နေ့မှအဆက်)*

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ဆရာ ဓာတ်ပုံတွေ့ဖူးတယ်။


**ဦးခင်ဇော်** ။ ။ အဲဒီတော့ဟိုဘက်မှာအောင်ဇေယျ ရုပ်ရှင်က ခေတ်ကောင်းနေတော့ ဦးခင်မောင် အပ်ပါးဘားမား။

**ကြည်စိုးထွန်း** ။ ။ ဩော် အပ်ပါးဘားမား ဦးခင်မောင် အထက်မြန်မာပြည်ပေါ့။

ဒေါ်တုတ်လား- ဦးခင်မောင် - ဒေါ်တုတ်။

**ဦးခင်ဇော်** ။ ။ သူတို့က ဟိုဘက်မှာ တာဝန်ယူပြီးတော့ လုပ်တယ်။ ကျွန်တော်တို့လုပ်တာလည်း တော်တော်ခမ်းခမ်းနားနားလေး ဖြစ်သွားတယ်။





ဦးညီပု







**ကြည်စိုးထွန်း** ။ ။ ဆရာတို့လည်း ပြခန်းတွေ လုပ်တယ်ထင်တယ်။

**ဦးခင်ဇော်** ။ ။ ကျွန်တော်တို့လည်း ပြခန်းလေးတွေပါ။ ပြခန်းအသေးလေးတွေ၊ ရုပ်ရှင်အစည်းအရုံးက လုပ်တာတော့ ပြခန်းကြီးတစ်ခုပေါ့လေ။ ကျွန်တော်တို့ဖွင့်တာက ဘယ်လိုလုပ်ဖွင့်လဲဆိုတော့ ဟိုအင်းလျားလိတ်ဟိုတယ်မှာ ကျွန်တော်တို့ကလုပ်တယ်။ အဲဒီတုန်းက ဒုဗိုလ်မှူးကြီးတင်ထွန်းက ပြန်ကြားရေး၊ သူရှိတော့ ကျွန်တော်တို့လုပ်တယ်။ လုပ်တဲ့အခါကျတော့ အဲဒီမှာ ငွေမောင်းကြီးရှိတယ် အကြီးကြီး။ အဲဒီဟာကို သုံးချက်ထုတယ် ဒူ ဒူ ဒူ။ ကျွန်တော်ကအခမ်းအနားမှူး လုပ်တယ်။ အဲဒီဟာကို သုံးချက်ထုပြီး ဖွင့်တယ်။ ဖွင့်လည်းဖွင့်ရော စည်တော်ယွန်းလိုက်တဲ့အခါကျတော့ ဦးညီပုနဲ့ မင်းသမီးတွေ အကုန်လုံးက ရောက်လာကြပြီး ပန်းကြဲကြတယ်။ ပန်းထဲမှာ ပိုက်ဆံတွေပါ ထည့်ကြဲတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဦးညီပုက အဲဒီတုန်းက စကားတောင် ပြောနိုင်သေးတယ်ထင်တယ် ဆရာ။ ဒီမင်းသား မင်းသမီးတွေကို ဆုံးမစကားတွေ ပြောတာကျွန်တော်တွေ့ဖူးတယ်ဆရာ။

**ဦးခင်ဇော်** ။ ။ ဆရာက ဆုံးမစကားပြောတယ်။ ဆရာဦးချင်းစိန်က ပိုဒ်စုံရတုဆိုတော့ တော်တော်စည်စည်ကားကား ဖြစ်သွားတယ်။

**ကြည်စိုးထွန်း** ။ ။ တော်တော် ဟန်ကျသွားတာပေါ့ ဆရာ။ ဒီဘက်ကလည်း ရုပ်ရှင်ပြပွဲတွေရော မန္တလေးမှာလည်း ဖွင့်ပွဲတွေလုပ်တယ်ဆိုတော့ တော်တော်လေးကို ရွှေရတုကလည်း စည်စည်ကားကားဖြစ်ခဲ့တယ်။ ကျွန်တော်တို့ကလည်း အဲဒီအချိန်တုန်းက ရုပ်ရှင်ထဲ မရောက်သေးဘူးဆရာ။ သိသာသိတာ၊ မင်းသား မင်းသမီးတွေသိတယ်။ အဲဒီမှာသွားကြည့် ဘာညာပေါ့လေ။ ကျွန်တော်တို့ အပြင်လောကမှာရှိတဲ့ လူတွေတောင်မှ ဒီဟာက ကျွန်တော်တို့ဆီကို ရောက်လာတာပေါ့နော်။ ဒီဟာကလာပြီး ဆွဲဆောင်နိုင်တာဆိုတော့ ဒါတော်တော်အောင်မြင်တဲ့အပိုင်းလို့ ပြောရမှာပဲ ဆရာ။ ရွှေရတုကလည်း အောင်မြင်ခဲ့တာပေါ့နော် ဆရာ။

**ဦးခင်ဇော်** ။ ။ ရွှေရတုမှာကတော့ တော်တော်လေးကို စည်စည်ကားကား လုပ်နိုင်တာက ခုနတုန်းက ပြောထားခဲ့သလိုပဲပေါ့။ အဲဒီမှာ သမ္မတရုံမှာ ကျွန်တော်တို့က ရုပ်ရှင်ပြတယ်။ ရုပ်ရှင်တစ်နေ့တစ်ကားပြတယ်။ အဲဒီဟာက ဘာတွေလဲဆိုရင် ကုသိုလ်၊ ချစ်အမျှ။

**ကြည်စိုးထွန်း** ။ ။ အသံထွက်နော်ဆရာ။

**ဦးခင်ဇော်** ။ ။ ဗိုလ်အောင်ဒင်၊ ချစ်ရေစင်။











**ကြည်စိုးထွန်း** ။ ။ အကောင်းတွေချည်းပဲ။

**ဦးခင်ဇော်** ။ ။ အပျို့လင်၊ မြဂနိုင်၊ သူဇာ ဇာတ်ကားများကို တစ်နေ့တစ်ကားပြတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။ မြဂနိုင်က အသံတိတ်။

**ဦးခင်ဇော်** ။ ။ မြဂနိုင်က အဲဒီမှာ သံစုံသွင်း။

**ကြည်စိုးထွန်း** ။ ။ နောက်မှလုပ်တာပေါ့သံစုံသွင်းက။

**ဦးခင်ဇော်** ။ ။ သံစုံသွင်းက သူတို့ဆီမှာရှိတယ်ထင်ပါရဲ့။

**ကြည်စိုးထွန်း** ။ ။ သူ့မူရင်းက အသံတိတ်ပဲ။နောက်မှ သံစုံသွင်းလုပ်လိုက်တာ ဖြစ်ပါမယ်။

**ဦးခင်ဇော်** ။ ။ နောက်သီဟရုံမှာကျတော့ ချစ်သက်ဝေ၊ဖိုးပြုံးချို။ဒီဘက်ခေတ်ကဟာ ရတနာပုံ။

**ဦးခင်ဇော်** ။ ။ အဲဒီရုံမှာက ခုနက ချစ်သက်ဝေ၊ ဖိုးပြုံးချို၊ရတနာပုံ၊ဘဝသံသရာ၊ ဒေါက်တာ အောင်ကျော်ဦး၊ ဆောင်း၊ စကားပြောသော အသည်းနှလုံး အဲဒီကားတွေချည်းပဲ ပြတယ်။ အဲဒီတော့ အဲဒီကလည်း ရန်ပုံငွေတွေ ရတာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဂျူဗီလီရုံမှာက အိန္ဒိယဇာတ်ကားတွေချည်းပဲ မဟုတ်ဘူးဆရာ။ ဆရာ့ကားပဲ မဟုတ်လား။ မြန်မာကားစတင်လိုက်တာနဲ့ဆိုးလေ ဆရာ။ ရုံကြီးကလည်း အကြီးကြီးနော်။ အဲဒီရုံရယ်၊ သွင်ရုံရယ်ထင်တယ်။ ဘယ်ရုံလဲဆရာ အကြီးဆုံးက။

**ဦးခင်ဇော်** ။ ။ အကြီးဆုံးက ဆုထူးပန်။

**ကြည်စိုးထွန်း** ။ ။ ဆုထူးပန်နဲ့ ခုနကသီဟရုံက အကြီးဆုံးပဲဆရာ။ အခုကတော့ ဆုထူးပန်ကတော့ ကျန်သေးတာပေါ့။ ဟိုရုံကတော့ မရှိတော့ဘူးနော် ဆရာ။









**ကြည်စိုးထွန်း** ။ ။ ဆရာ သီဟရုံက။

**ဦးခင်ဇော်** ။ ။ သီဟရုံက အရင်တုန်းက အိန္ဒိယဇာတ်ကားတွေချည်းပဲ ပြတာ။

**ကြည်စိုးထွန်း** ။ ။ ဂျူဗီလီရုံလားဆရာ။

**ဦးခင်ဇော်** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ ၃၈ လမ်းထိပ်ပေါ့ဆရာ။ အနော်ရထာလမ်းပေါ်က။

**ဦးခင်ဇော်** ။ ။ ကျွန်တော်တို့ တစ်ခါတစ်ရံပြတဲ့ ရုံတွေကလည်း ဖျက်တဲ့ထဲပါသွားပြီ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးခင်ဇော်** ။ ။ ဟိုးဘက်ကဆို ဂလုပ်ရုံ။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့ ဆရာ ဂုဏ်ခေါ်တာပေါ့ ဆရာ။ ဂုဏ်တို့၊ ပလေဒီယံ ပပဝင်း။ ဟိုတစ်လောကပဲ ကျွန်တော်နဲ့ ဆရာဦးပြည့်စုံနဲ့ ပြောဖြစ်သေးတယ်။ ဒီဘက်ကျွန်တော်တို့ သုံးဆယ့်လေးလမ်းထိပ်လား၊ သုံးဆယ့်နှစ်လမ်းထိပ်လား မသိဘူး။ ဆရာ ရှိုင်ရယ်နဲ့ ကာတန်နဲ့လေ ဆရာ၊ ဝဇီရာနဲ့တော်ဝင်လားမသိဘူး မှတ်မိသေးလားဆရာ။

**ဦးခင်ဇော် ။ ။** တော်ဝင်က ရှိုင်ရယ်။

**ကြည်စိုးထွန်း ။ ။** ဟုတ်တယ်။ ရှိုင်ရယ်နဲ့ ကာတန်နဲ့နော်ဆရာ။ မရှိတော့ဘူးပေါ့။ အဲဒီနောက်ပိုင်းမှာကျတော့ ရွှေရတုပြီးတဲ့နောက်ပိုင်းမှာကျတော့ ဆရာတို့ ဒီဘက်မှာ ဆရာဦးချင်းစိန်ကဥက္ကဋ္ဌဖြစ်လာပြီးတဲ့နောက်မှာ ဦးချင်းစိန်ရဲ့ နောက်မှာ ဆရာတို့ ကိုညွန့်ဝင်းတို့ ဦးစိန်တင်တို့ ဟုတ်လား။ ဆရာတို့ ရုပ်ရှင်အစည်းအရုံးကို တာဝန်ယူခဲ့ကြတာ ဥက္ကဋ္ဌအနေနဲ့။ နောက်တစ်ခါ ၁၉၉၅ ခုနှစ် အဲဒီကျတော့ စိန်ရတုရောက်လာပြီနော် ဆရာ။ ၁၉၇၀ မှာ ရွှေရတု၊ ၁၉၉၅ ကျတော့ စိန်ရတုဖြစ်လာတယ်။ စိန်ရတုမှာလည်း ဆရာတို့ တာဝန်တော်တော်ယူခဲ့ရသေးတယ် ထင်ပါတယ်ဗျ။ ပြပွဲတွေ ဘာတွေ အဲဒီအကြောင်းတွေလည်း ပြောပါဦးဆရာ။ ကျွန်တော်ကလည်း အဲဒီအကြောင်းကျ နည်းနည်းတော့ ပြောနိုင်မှာပေါ့ ဆရာ။ ဘာဖြစ်လို့လဲဆိုတော့ စိန်ရတုကျတော့ ကျွန်တော်လည်း ရုပ်ရှင်သမားဖြစ်လာပြီကိုး ဆရာ။ ကျွန်တော်တို့ လုပ်ခဲ့တာလေးလည်း ပြောကြရအောင်ပါ ဆရာ။


**ဦးခင်ဇော် ။ ။** ခင်ဗျားက စပေးလိုက်လို့ရှိရင်တော့ ကျွန်တော်က ပြောလို့ရတယ်။ ကျွန်တော့်ဟာ ကျွန်တော် ပြောဆိုလို့ရှိရင် ကျွန်တော့်ခေါင်းက ဦးနှောက်ပျက်သွားပြီလားတောင် မသိပါဘူး။







ဦးစိန်တင်






ယခုအခါ ကွယ်ပျောက်သွားပြီဖြစ်သော ရွှေဂုန်၊ မြို့မ၊ ဆုထူးပန် ရုပ်ရှင်ရုံများ။

**ကြည်စိုးထွန်း ။ ။** မပျက်သေးပါဘူး ဆရာ။ ဆရာအခု ၈၀ မပြည့်သေးပါဘူး။ ၈၀ ထဲမှာလား။ ဆရာဦးမြင့်စိုးက ၈၆ ၊ ဦးပြည့်စုံက ၈၃ ၊ နောက်တစ်ခါ ဆရာဦးတင်ယုက ၈၉ ဆရာ။ ဆိုတော့ ဆရာက အငယ်ဆုံးပဲ။ ဆရာဘာမှမဖြစ်သေးပါဘူး ရပါတယ် ဆရာ။ ပြောပါဦးဆရာ။

**ဦးခင်ဇော် ။ ။** စဉ်းစားစဉ်းစားပြီး ပြောနေရတယ်။

**ကြည်စိုးထွန်း ။ ။** ရပါတယ်ဆရာ။

**ဦးခင်ဇော် ။ ။** အဲဒီမှာ သရုပ်ဆောင်တွေပုံတွေ၊ ခုနက လွယ်အိတ်တွေ၊ ရွှေရတုရင်ထိုးတွေ ကျွန်တော်တို့ ရောင်းတယ်။ နောက်ပြီးတော့ ရွှေရတုပြခန်းလေ။ တို့အစည်းအရုံးမှာလုပ်ထားတဲ့ ပြခန်းကိုဖွင့်ပေးတယ်။ စိန်ရတုကျတော့ ဟိုဟာမယ်လုပ်တာ တပ်မတော်ခန်းမမှာ။






**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့ဆရာ။ ကျွန်တော်တို့ ပြဇာတ်တွေလည်း ကကြ။ ဆရာတို့ အဲဒီဘက်ကလည်း Demonstration တွေပေါ့နော်။ လာတဲ့ ပရိသတ်တွေဆရာတို့ ပြပေးတဲ့ဟာတွေ ပေါ့နော်။

**ဦးခင်ဇော် ။ ။** စဝင်ဝင်ချင်းမှာ။ ဒီဘက်ညာဘက်က တစ်ခြမ်းလုံးကို ကျွန်တော်ကယူထားလိုက်တယ်။ ယူထားလိုက်ပြီး ရုပ်ရှင်ဘယ်လို ရိုက်သလဲဆိုတာလေးပြတယ်။ နောက်ပြီးတော့ မော်တော်ကားနဲ့ မောင်းသွားတဲ့အခန်းတွေဆိုရင် ဒီလိုရိုက်ပါတယ်ဆိုပြီးတော့ ကျွန်တော်တို့ မော်တော်ကားလေးကိုချချပြီး ကားလေးကိုနှစ်ယောက်သုံးယောက်လောက်က ဒီလိုလေး ဒီလိုလေးလှုပ်ပေးတယ်။ လှုပ်ပေးပြီးတော့ သစ်ပင်တွေ ကိုင်ပြီးပြေးရတယ်။ သစ်ပင်တွေ ကိုင်ပြေးတော့ အဲဒီဟာကို ရိုက်ထားလိုက်တော့ သစ်ပင်တွေ လူတွေကိုင်ပြီး ဘာလို့ပြေးနေသလဲပေါ့။ ပိတ်ကားထဲမှာကျတော့ ပြန်ပြီးလည်းပြတယ်။ ကျွန်တော်တို့က အာ - သူတို့ တဝါးဝါးပဲ။ ပြန်ပြတဲ့အခါကျတော့ ကားမောင်းနေသလိုပဲ။ ဒီလိုမျိုးလေးတွေလုပ်တော့ ဟိုဘက်က ကျွန်တော်ထင်တယ် အေဝမ်းသိန်းထွဋ်တို့၊ ကိုအောင်မြင့်မြတ်တို့ လုပ်တယ်ထင်ပါရဲ့။

*ဆက်လက်ဖော်ပြပါမည်*





# ရန်ကုန်စတော့အိတ်ချိန်း၌ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်မှ ပထမဆုံးစာရင်းဝင်ကုမ္ပဏီသစ် အစုရှယ်ယာရောင်းချမည်

**ရန်ကုန် မတ် ၇**

ရန်ကုန်စတော့အိတ်ချိန်း၌ ခြောက်ခုမြောက် စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်လာသည့် Ever Flow River Group Public Co., Ltd (EFR)အနေဖြင့် မတ် ၂၀ ရက်မှစတင်ကာ အစုရှယ်ယာများကို ဈေးကွက်အတွင်း အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၌ ယနေ့ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ဘက်စုံထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်မှ ပထမဆုံး စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်လာသည့် EFR ၏ အစုရှယ်ယာဈေးနှုန်းကို ဈေးကွက်အတွင်း အရောင်းအဝယ် ပြုလုပ်ရန် တစ်ရက်အလိုဖြစ်သည့် မတ် ၁၉ ရက်၌ ရန်ကုန်စတော့အိတ်ချိန်း၏ အင်တာနက်စာမျက်နှာမှ ကြေညာမည်ဖြစ်ကြောင်း သိရသည်။

၁၉၉၆ ခုနှစ်တွင် အကောက်ခွန်ရှင်းလင်းရေး ဝန်ဆောင်မှုလုပ်ငန်းဖြင့် အစပျိုးခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် International Freight Forwarding Company တစ်ခုဖြင့် စတင်ချိတ်ဆက်နိုင်ခဲ့ကာ ကုမ္ပဏီအား လက်ရှိဝန်ဆောင်မှုပေးနေသော အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းအပြင် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကိုပါ ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာနိုင်ခဲ့ကြောင်း သိရသည်။

စာရင်းဝင်ကုမ္ပဏီသစ် တစ်ခုဖြစ်လာသည့် EFR နှင့်ပတ်သက်၍ ရန်ကုန် စတော့အိတ်ချိန်း၏ အမှုဆောင် အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦးက " ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ကတော့ အရေးပါတဲ့ လုပ်ငန်းတစ်ခုဖြစ်သွားမှာဖြစ်တယ်။ အဲဒီအတွက် နိုင်ငံစီးပွားရေးကိုလည်း ထောက်ပံ့ပေးနိုင်မယ့် ကုမ္ပဏီတစ်ခုဖြစ်တဲ့အတွက် အလားအလာအလွန်ကောင်းတဲ့ကုမ္ပဏီလို့ပဲ သုံးသပ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန် စတော့အိတ်ချိန်း၌ လက်ရှိတွင် First Myanmar Investment Public Company, Myanmar Thilawa SEZ Holding Public Limited, Myanmar Citizens Bank, First Private Banks, THM Telecom တို့သည် စာရင်းဝင်ကုမ္ပဏီများအဖြစ် အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် လုပ်ငန်းစည်းမျဉ်းပြင်ဆင်ချက်အား မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ ပေးပို့ကာ အတည်ပြုချက် ရယူထားပြီး ကော်မရှင်မှအတည်ပြုပါက မတ်လ ၂၆ ရက်မှစတင်ကာ ပုံမှန်အရောင်းအဝယ်ပြုလုပ်နေကျ နံနက် ၁၀ နာရီ၊ နံနက် ၁၁ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီတို့၌ သာမက နံနက် ၁၀ နာရီခွဲ၊ နံနက် ၁၁ နာရီခွဲ၊ မွန်းလွဲ ၁၂ နာရီခွဲတို့၌ပါ တစ်နေ့လျှင် စတော့အရောင်းအဝယ် ခုနစ်ကြိမ်အဖြစ် စတင်ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းမှာ စတော့ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုဖြည့်ဆည်းပေးရန်အတွက် စတော့အရောင်းအဝယ်ဆောင်ရွက်သည့် အကြိမ်ရေကို တိုးမြှင့်သတ်မှတ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# "ဂေါ်ရခါးတို့ နီပေါမြေ" ခရီးသွားမှတ်တမ်း စာအုပ်မိတ်ဆက်

**ရန်ကုန် မတ် ၇**

စာရေးဆရာဒေါက်ထွေး (ဆေး/မန်း) (ဒေါက်တာ တင်မောင်ထွေး) ရေးသားသည့် "ဂေါ်ရခါးတို့ နီပေါမြေ" ခရီးသွားမှတ်တမ်း စာအုပ်မိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာ ကောင်းသန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က မုဒိတာစကားပြောကြားကြသည်။

ယင်းနောက် စာရေးသူ ဒေါက်ထွေး(ဆေး/မန်း)က မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ နီပေါနိုင်ငံသို့ ရှစ်ရက်ကြာ ခရီးစဉ်အတွင်း နီပေါနိုင်ငံရှိ ဂေါ်ရခါးဒေသ၏ အထင်ကရနေရာများ၊ နီပေါရှေးခေတ်သမိုင်း၊ ယနေ့ခေတ်သမိုင်းများကို ဓာတ်ပုံများနှင့်တကွ အကျယ်တဝင့် မှတ်တမ်းတင်ရေးသားခဲ့ပုံများကို "ဂေါ်ရခါးတို့ နီပေါမြေ" ခရီးသွားမှတ်တမ်း စာအုပ်တွင် ဖော်ပြထားကြောင်း ရှင်းလင်းပြောကြားသည်။

"ဂေါ်ရခါးတို့ နီပေါမြေ" ခရီးသွားမှတ်တမ်းစာအုပ်ကို သန်းထိုက်ရတနာ ပုံနှိပ်တိုက်တွင် ပုံနှိပ်ပြီး ဦးဝင်းအောင် အမှတ် (၈၁) မြေညီထပ် ၄၉ လမ်း (အလယ်) ပုဇွန်တောင်မြို့နယ်မှ ထုတ်ဝေဖြန့်ချိကာ စာအုပ်ဈေးနှုန်းမှာ ငွေကျပ် ၃၀၀၀ ဖြစ်သည်။

**ကိုကိုအေး**

# အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တို့ ပူးပေါင်း၍ အမျိုးသားအဆင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ဆွေးနွေးပွဲကျင်းပ




**ရန်ကုန် မတ် ၇**

အာရှပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တို့ ပူးပေါင်း၍ အမျိုးသားအဆင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ဆွေးနွေးပွဲကို မတ် ၅ ရက်က ရန်ကုန်မြို့ရှိ ဝိုင်အမ်စီအေ ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်ချုပ် ဒေါက်တာတင်ညို နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ဘဏ္ဍာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ Mr.Hoo Chuan Yang တို့က အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများကို အသိအမှတ်ပြုလွှာများ ပေးအပ်ကြသည်။ (ဓာတ်ပုံ) **သတင်းစဉ်**

● *ကျော်ဖုံးမှ*

တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်နိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် ပထမဆုံးနိုင်ပွဲကြောင့် ဖိအား အနည်းငယ် လျော့သွားသော်လည်း Southern အသင်းမှာမူ တန်းဆင်းဇုန်အတွင်း ပြန်လည်ရောက်ရှိသွားကာ လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည် ဖြစ်သည်။

ဇွဲကပင်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း အဆုံးသတ် အားနည်းမှုကြောင့် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သည်။ ဇွဲကပင်အသင်းအတွက် အဖွင့်ဂိုးကို မင်းဇော်စိုးက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် Southern အသင်း ချေပဂိုးပြန်ရရန် ကြိုးစားသော်လည်း ဇွဲကပင်အသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး တိုက်စစ်မှူး ယာစင်၏ သွင်းဂိုးများကြောင့် ဂိုးများထပ်မံရရှိခဲ့သည်။ ဇွဲကပင်အသင်းအတွက် ဂိုးများကို ယာစင်က ၅၆၊ ၇၆ မိနစ်တွင် သွင်းယူခဲ့သည်။ Southern အသင်းအတွက် ချေပဂိုးကို ၉၀ + ၄ မိနစ်တွင် ကောင်းစည်သူက သွင်းယူခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ရန်ကုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှစ်ပွဲဆက် ရှုံးပွဲမရှိသေးသည့် နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရောဝတီအသင်း က ဒုတိယပိုင်းတွင် သွင်းယူသည့် တစ်ဂိုးတည်းဖြင့် အနိုင်ရကာ ရလဒ်ကောင်း ပိုင်ဆိုင်ခဲ့သည်။ ရန်ကုန်အသင်းမှာ ပထမဆုံးရှုံးပွဲနှင့်အတူ တတိယနေရာအထိ ဆင်းပေးခဲ့ရသည်။ ရောဝတီအသင်း အတွက် အနိုင်ဂိုးကို ၆၇ မိနစ်တွင် ဆာဆက်က ခေါင်းတိုက်သွင်းယူခဲ့သည်။ မန္တလာသီရိကွင်း ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ချင်းယူနိုက်တက် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့သည်။

ဝေဘာလီကွင်း၌ ကျင်းပသည့် ပွဲတွင် ရခိုင်အသင်းက စစ်ကိုင်း အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင် ရခဲ့သည်။ ရခိုင်အသင်းသည် လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ရခိုင်အသင်းအတွက် ဂိုးများကို ၉ မိနစ်တွင် မင်းကိုသူ၊ ၈၆ မိနစ်တွင် အောင်ကျော်သူတို့က သွင်းယူပြီး စစ်ကိုင်းအသင်းအတွက် ချေပဂိုးကို ၄၃ မိနစ်တွင် ဖရိုင်းဒေးက သွင်းယူခဲ့သည်။

ပွဲစဉ် (၉) နောက်ဆုံးနေ့ကို မတ် ၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် အား/ကာသိပ္ပံ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

○ *ကျော်ဖုံးမှ*

လီဗာပူးတို့ ဂိုးပေးလိုက်ရပြီးနောက် ချေပဂိုးပြန်လည်သွင်းနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၂၅ မိနစ်တွင် တိုက်စစ်မှူး ဆလားက မာနေး၏ ပေးပို့မှုမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းနောက် နှစ်ဖက် အပြန်အလှန်တိုးဖောက်ကစားခဲ့ပြီး ၃၃ မိနစ်တွင် ဗန်ဒိုက်၏ ပေးပို့မှုမှ တိုက်စစ်မှူး မာနေးက ဦးဆောင်ဂိုး သွင်းယူပေးသည်။ ယင်းနောက် ဂိုးထပ်မံမသွင်းနိုင်ဘဲ ပွဲအပြီးတွင် လီဗာပူးတို့ နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ် (၂၉) အပြီးတွင် လီဗာပူးတို့ ၈၂ မှတ်ဖြင့် ဇယားထိပ်၌ ရပ်တည်နေမြဲဖြစ်ကာ ဘုန်းမောက်က ၂၇ မှတ်ဖြင့် တန်းဆင်းဇုန်၌ ရပ်တည်နေဆဲဖြစ်သည်။

အခြား ပွဲစဉ်များတွင် အာဆင်နယ်က ဝက်စ်ဟမ်းကို တစ်ဂိုး – ဂိုးမရှိ၊ ပဲလေ့စ်က ဝက်ဖို့ဒ်ကို တစ်ဂိုး – ဂိုးမရှိ၊ ရှက်ဖီးက နော့ဝစ်ချ်ကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရပြီး ဆောက်သမ်တန်က အိမ်ကွင်း၌ နယူးကာဆယ်ကို တစ်ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**အောင်ဇော်**

# ဖေဖော်ဝါရီလအတွက် MNL အကောင်းဆုံးဆု ဦးတင်မောင်ထွန်းနှင့် မောင်မောင်လွင် ရရှိ

**ရန်ကုန် မတ် ၇**

မြန်မာနေရှင်နယ်လိဂ် ကော်မတီက ရွေးချယ်ချီးမြှင့်သည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးဆုများကို ရန်ကုန်အသင်းနည်းပြချုပ် ဦးတင်မောင်ထွန်းနှင့် ရန်ကုန်အသင်း တောင်ပံကစားသမား မောင်မောင်လွင် တို့ရရှိခဲ့သည်။

ရန်ကုန်အသင်းသည် ဖေဖော်ဝါရီလအတွင်း ကစားခဲ့သည့် ငါးပွဲတွင် ရလဒ်ကောင်းများ ရခဲ့သောကြောင့် အကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဖေဖော်ဝါရီလ၌ ကစားသည့်ငါးပွဲတွင် လေးပွဲနိုင်၊ တစ်ပွဲသရေကျခဲ့ပြီး စစ်ကိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Southern အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရခိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ရှမ်းယူနိုက်တက်အသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။ ထို့ကြောင့် အကောင်းဆုံး နည်းပြဆုကို ဦးတင်မောင်ထွန်းက ရရှိခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးကစားသမားဆုရ မောင်မောင်လွင်သည် ယင်းငါးပွဲတွင် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း ကစားဖော်များဂိုးရရန် ဂိုးဖန်တီးမှုများ ပြုလုပ်နိုင်ခဲ့သောကြောင့် ရွေးချယ်ခံရခြင်းဖြစ်သည်။ ယင်းဆုများကို မတ် ၇ ရက်က ပုသိမ်ကွင်း၌ ကျင်းပသည့် ရောဝတီနှင့် ရန်ကုန်အသင်းပွဲ မတိုင်မီ ချီးမြှင့်ခဲ့ပြီး အကောင်းဆုံး ကစားသမားဆုကို ဆုတံဆိပ်နှင့် ကျပ်နှစ်သိန်း၊ အကောင်းဆုံးနည်းပြဆုကို ဆုတံဆိပ်နှင့် ကျပ်တစ်သိန်းခွဲ ချီးမြှင့်ခဲ့ကာ ဆုကြေးများတိုးမြှင့်ပေးထားကြောင်း သိရသည်။



အကောင်းဆုံးနည်းပြဆုရ ဦးတင်မောင်ထွန်း (ရန်ကုန်) အား MNL COO ဦးဆူးအောင် ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ-MNL

ယခုရာသီတွင် လအလိုက် အကောင်းဆုံးဆု နှစ်ကြိမ်သာ ချီးမြှင့်ရသေးပြီး ဇန်နဝါရီလအတွက် အကောင်းဆုံးဆုများကို ဦးမျိုးမင်းထွန်း (ဟံသာဝတီ) နှင့် ဒိုနယ် (ဟံသာဝတီ)၊ ဖေဖော်ဝါရီလအတွက် အကောင်းဆုံးဆုများကို ဦးတင်မောင်ထွန်း (ရန်ကုန်) နှင့် မောင်မောင်လွင် (ရန်ကုန်) တို့က ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အဲဗာတန်နှင့် ငါးနှစ်ရှိသော သက်တမ်းတိုးစာချုပ် လီဝင် ချုပ်ဆို**

အဲဗာတန်တိုက်စစ်ကစားသမား လီဝင်သည် အသင်းနှင့်အတူ ငါးနှစ်ရှိသော သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်သည်။ အသက် ၂၂ နှစ်အရွယ်အဆိုပါ ကစားသမားသည် ယခုနှစ်ရာသီတွင် အသင်းအတွက် ၃၁ ပွဲ ကစားပြီး ၁၅ ဂိုးသွင်းယူထားနိုင်သည်။

**ဒီဂီယာကို ကမ်းလှမ်းရန် ရီးရဲမက်ဒရစ် စီစဉ်**

ရီးရဲမက်ဒရစ်သည် မန်ယူမှ စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာ (၂၉နှစ်) ကို ကမ်းလှမ်းရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒီဘရိုင်းနှင့် စတားလင်းတို့ကို စာချုပ်သစ် ချုပ်ဆိုရန် အဆင်သင့်ရှိ**

မန်စီးတီးအသင်းသည် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒီဘရိုင်း (၂၈နှစ်) နှင့် အင်္ဂလန်တိုက်စစ်ကစားသမား စတားလင်း (၂၅နှစ်) တို့ကို စာချုပ်သစ် ချုပ်ဆိုနိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးသွားရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**စတန်းဖို့ဒ်ဘရစ်၌ စာချုပ်သစ်ဆိုရန် ဂျီရူဒ် ပစ်မှတ်ထားနေ**

ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကစားသမား အိုလီဗာ ဂျီရူဒ် (၃၂နှစ်) သည် အင်တာမီလန်နှင့် ကလပ်အသင်းအများအပြားက ခေါ်ယူရန် ချိတ်ဆက်ခြင်းခံနေရသော်လည်း စတန်းဖို့ဒ်ဘရစ်တွင် နေလိုပြီး စာချုပ်သစ်ချုပ်ဆိုရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မူနီယာကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ်နှင့် ဒေ့ါမွန် စိတ်ဝင်စားနေ**

ဘိုင်ယန်မြူးနစ်နှင့် ဒေ့ါမွန်အသင်းတို့သည် ပီအက်စ်ဂျီအသင်းနှင့် ရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော ဘယ်လ်ဂျီယံညာနောက်ခံကစားသမား သောမက်စ် မူနီယာ (၂၈နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မြစ်ကြီးနား၊ မိုးညှင်း၊ မိုးမိတ်၊ နောင်ချိုနှင့် သာစည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၅ ရက် ည ၁၀ နာရီခွဲက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် လမ်းသွယ်(၁၈) အိမ်အမှတ် (ခမ/၇၀၁)နေ တူးအောင်နှင့်ဇနီး မလဆယ်ခေါန်ဂျာတို့၏ နေအိမ်အတွင်းမှ ဘိန်းဖြူအလေးချိန် ၅ ဒသမ ၃၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၁၅၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်နေ ဆန်အောင်နှင့်ဇနီး မဇော်းညွယ်တို့၏ နေအိမ်ကိုရှာဖွေရာ ငွေကျပ် ၄၅ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

အလားတူ မတ် ၅ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် သာစည်မြို့နယ် ကျွဲတပ်ဆုံစစ်ဆေးရေးစခန်းတွင် သုတဆွေ(ခ)ဘိုဘို မောင်းနှင်ပြီး ယာဉ်မောင်းအကူ ကောင်းစံဦး(ခ) ကျားကြီး၊ ယာဉ်နောက်လိုက် ရဲပိုင်စိုးတို့ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်၏ ဝမ်းဗိုက်အတွင်းရှိ ပဲအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၃၂၇ ပြားနှင့် အိုက်စ် သုည ဒသမ ၉၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မတ် ၆ ရက်တွင် မမိုးမိုးသန်းနှင့် သုတဆွေ(ခ)ဘိုဘိုတို့ကို လည်းကောင်း။

ထို့အတူ မတ် ၆ ရက် နံနက် ၁၁ နာရီခွဲခန့်က မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးတုံကျေးရွာအုပ်စု လုံးကောက်ကျေးရွာနေ စိုးအောင်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းစိမ်း သုည ဒသမ ၈၂ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၆၁၀ နှင့် ငွေကျပ် ၄၉၀၀၀ တို့ကို လည်းကောင်း။

အလားတူ မတ် ၆ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၈၀/၄)အနီးတွင် မသက်ဘဖွယ်



ဆိုင်ကယ်တစ်စီးကို သတင်းအရ စစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀၀ တို့ကို လည်းကောင်း။

ထို့အပြင် မတ် ၆ ရက် ည ၇ နာရီက မိုးမိတ်မြို့နယ် ကျောက်မော ကျေးရွာအနီး မိုးမိတ်-တွင်းငယ်လမ်း ပေါ်၌ မအမာတင်(ခ)အဲမီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက် အထောက်အထားမဲ့လူသုံးကုန်နှင့် စားသောက်ကုန်များဖမ်းမိ

**နေပြည်တော် မတ် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၂၅ စီး၊ သွင်းကုန် ၁၄၂၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၉၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၉၇ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့်စားသောက်ကုန်ပစ္စည်းနှစ်မျိုးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မအီမြို့နယ်တွင် တရားမဝင် ဝင်ရောက်လာသူများ ဖမ်းဆီးရမိ

**မအီ မတ် ၇**

မအီမြို့နယ် လက်ပန်ကျေးရွာအုပ်စု ဇီးကိုင်းကျေးရွာအနီးတွင် တရားမဝင် ဝင်ရောက်လာသူ ခုနစ်ဦး ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် မတ် ၆ ရက် ညနေ ၃ နာရီခွဲက မအီနယ်မြေရဲစခန်းမှ ရဲအုပ် ဇော်ဝင်းနိုင်၊ ဒုတိယ လဝကမှူး ဇင်မင်းကို၊ သဒွန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းနှင့် ဇီးကိုင်းကျေးရွာမှ ဦးတင်ရွှေတို့ သွားရောက်ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသော တရားမဝင် ဝင်ရောက်သူ ခုနစ်ဦးမှာ မြောက်ဦးမြို့နယ်နေ မော်ဟီးဘူလာ(ခ) မောင်မောင်ဝင်း (၂၅နှစ်)၊ ဖူဆွန် ရော်ရီ (၂၀နှစ်)၊ မားကော်ရီ (၁၈နှစ်)၊ မင်းပြားမြို့နယ် ရော်ဖီးဟိ(၂၅နှစ်)၊ အာမွတ်အူဆောင် (၁၆နှစ်)၊ ဖော်မီရှမ်း (ခ)လှမောင် (၁၆နှစ်)နှင့် အဘူရာဟိန်း (၁၆နှစ်)တို့ ဖြစ်ကြသည်။

၎င်းတို့သည် ပွဲစားများဖြစ်သည့် မင်းပြားမြို့နယ်မှ ဆာဒိတ်၊ မြောက်ဦးမြို့နယ်မှ ရောဘီအာလောင်တို့နှင့် ဆက်သွယ်၍ တစ်ဦးလျှင် ပို့ခ ၅၅သိန်း ပေးရမည်ဖြစ်ပြီး ပို့ဆောင်ခအား ချက်ချင်းပို့ရန်မလိုဘဲ သတ်မှတ်ထားသောနေရာသို့ ရောက်ရှိမှသာ ပေးရမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့ခုနစ်ဦးသည် လွန်ခဲ့သော သုံးရက်ခန့်က မင်းပြားမြို့နယ် အောင်ဒိုင်ကျေးရွာအနီးမှ စက်လှေတစ်စင်းဖြင့် ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းတွင် တစ်ညအိပ်ကြရာ မနက်မိုးလင်းချိန်တွင် စားစရာရှာဖွေရန် ကျေးရွာတစ်ရွာသို့ ရောက်ရှိစဉ် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် တရားမဝင် ဝင်လာသူခုနစ်ဦးအား မအီနယ်မြေမှ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# စမ်းချောင်းမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၇**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း ခြံအမှတ် ၆ A တိုက်အတွင်း ယနေ့ မွန်းလွဲ ၁ နာရီ ၂၇ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဌေးဝင်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့ပြီး ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၃၇ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

ဖြစ်စဉ်မှာ တိုက်အဟောင်းအမိုးအား ပြန်ပြင်ရာတွင် အသုံးပြုသည့် ဝရိန်ဆော်စက်အား ထပ်ခိုးသစ်သားကြမ်းပြင်တွင် လျှပ်စစ်ခလုတ်မပိတ်ဘဲ အလုပ်သမားများက ထမင်းစားထွက်သွားရာမှ စက်မှာ အပူလွန်ကဲပြီး သစ်သားကြမ်းပြင် စတင်မီးလောင်ခဲ့ခြင်းဖြစ်ပြီး အောက်ထပ်တွင်ရှိသော အရောင်းအဝယ်ပြုလုပ်သည့် အဝတ်အထည်ထုပ်များ ပေါ်သို့ကျကာ မီးလောင်မှုဖြစ်ပွားခဲ့ရကြောင်း သိရသည်။

မီးလောင်မှုကြောင့် ၁၂ ပေ/၂၅ ပေအခန်းတွင်း ထပ်ခိုးကြမ်းပြင်များနှင့် အောက်ထပ်ရှိ အဝတ်ထုပ်များ မီးလောင်ဆုံးရှုံးခဲ့ရသည်။

မီးလောင်မှုကြောင့် အလုပ်သမား ပြည့်ဖြိုးအောင် (၂၈ နှစ်)ကို စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**

## မြန်မာ့ရုပ်မြင်သံကြား

၈ . ၃ . ၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆ : ၀၀ – တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇ : ၀၀ – Breakfast News
၉ : ၁၀ – "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသ ရွှေသာကျောင်း၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီးထံမှ နဝကဥပေါသထသီလ ခံယူဆောက်တည်ခြင်း"
၁၀ : ၀၀ – Sunday Talk
၁၃ : ၃၀ – This Week's Special Interest
၁၄ : ၄၀ – သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ နွေဦးဆောင်း နှောင်းလတပေါင်း (အပိုင်း–၂)

**ညပိုင်း**

၁၇ : ၀၅ – "ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်"
၁၈ : ၃၀ – ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု "နရသူမင်း"
၁၈ : ၄၅ – **လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင်" ပေါ့ပါးပျော်ရွှင်ဖို့ရည် အားလပ်ရက်ကိုဖွဲ့သီ**
၁၉ : ၁၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
၂၀ : ၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– **အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဂုဏ်ပြုဇာတ်လမ်း "မကျေကြွေးနှင့် ပန်းပွင့်များအန္တရာယ်"**
– ဘဝနှင့်အနုပညာ (ဖြတ်သန်းလာသမျှ အနုပညာဘဝ) "သိုက်ထွန်းသက်" (အပိုင်း–၁) "ရှသဟန်သရုပ်မှန် ဝတ္ထုတိုများရဲ့သခင်" (ကဗျာတစ်စ စာအစ သူ့ငယ်ဘဝ)
– မြန်မာဗီဒီယိုဇာတ်လမ်း

## လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် အချက်အလက်များ

- နိုင်ငံတော်သမ္မတရုံး၏ (၇.၁.၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉/ ၂၀၁၉ ဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။
- ကော်မတီ၏ ဥက္ကဋ္ဌမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့အား လည်းကောင်း၊ အတွင်းရေးမှူးမှာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား လည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီဝင် စုစုပေါင်း (၁၈) ဦး ရှိပါသည်။
- ကော်မတီ၏ ပုံမှန်ညှိနှိုင်းအစည်းအဝေးများအား (၄) ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပြီး (၂၁.၁. ၂၀၁၉) ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းရန် သဘောတူခဲ့ကြပါသည်။
- အဆိုပါဆုံးဖြတ်ချက်အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ သဘောထားမှတ်ချက်များရယူပြီးနောက် နိုင်ငံတော်သမ္မတရုံး၏ (၉.၁၁.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၁၁၂ (၂)/ ၈/ သမ္မတရုံးဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီအား စုစုပေါင်းအဖွဲ့ဝင် (၁၆) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်အား လည်းကောင်း၊ အတွင်းရေးမှူးမှာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အားလည်းကောင်း ဖွဲ့စည်းပေးခဲ့ပါသည်။
- လုပ်ငန်းကော်မတီ၏ ပုံမှန်ညှိနှိုင်းအစည်းအဝေးများအား (၅)ကြိမ် ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များအရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကြေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အတည်ပြုရေးဆွဲခဲ့ပါသည်။
- လုပ်ငန်းကော်မတီသည် Country Task Force on Monitoring and Reporting (UNCTFMR) နှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံညှိနှိုင်းခြင်း၊ လုပ်ငန်းကော်မတီ (Core Group) နှင့် UNCTFMR (Small Group) တို့ တွေ့ဆုံညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရေးဆွဲရာတွင်လည်း UNCTFMR ၏ နည်းပညာပိုင်းဆိုင်ရာ အကြံပြုချက်များကို ရယူရေးဆွဲခဲ့ပါသည်။
- ရေးဆွဲပြီးခဲ့သည့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် မူကြမ်းအား (၂၄.၁.၂၀၂၀) ရက်နေ့ ကျင်းပသည့် ကော်မတီအစည်းအဝေးတွင် တင်ပြခဲ့ရာ ကော်မတီမှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

# ပွန်တန်ဆာမြို့တွင် ဆိုင်ကယ်လဲကျစဉ် နောက်မှမောင်းလာသည့် ယာဉ်တက်ကြိတ်မိပြီး ဆိုင်ကယ်မောင်းသူသေဆုံး

**ညောင်လေးပင် မတ် ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွန်တန်ဆာမြို့ မြို့မ (၃) ရပ်ကွက် မီးရထားသံလမ်းဂုန်းအနီးတွင် မတ် ၇ ရက် မွန်းလွဲ ၁၂ နာရီခန့်က ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ပွန်တန်ဆာမြို့နယ် ယာဉ်မောင်း ဦးစိန်သန်း (၆၃နှစ်) ပွန်တန်ဆာမြို့နေသူမောင်းနှင်ပြီး နောက်တွင် နန်းမွန်ကျော် လိုက်ပါလာသော ဆိုင်ကယ်သည် ရထားသံလမ်းမောင်းတံနှင့် ဆိုင်ကယ်လက်ကိုင်ချိတ်မိပြီး လဲကျသွားစဉ် လားရာတူ နောက်မှ ပွန်တန်ဆာမြို့နယ်နေသူ ဇာနည်မောင် မောင်းနှင်လာသော ယာဉ်၏ ယာဘက်နောက်ဘီးဖြင့် ကြိတ်မိခဲ့ရာ ဆိုင်ကယ်မောင်းသူ ဦးစိန်သန်းတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ထို့အပြင် မနန်းမွန်ကျော်တွင်(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သဖြင့် ပွန်တန်ဆာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပွန်တန်ဆာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဆော်ဒီမှမင်းသားသုံးပါးကို အာဏာသိမ်းရန် ကြံစည်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းထား



ဆော်ဒီဘုရင် ဆယ်မန်(ယာ)၊ တူ မိုဟာမက်ဘင်နာယက်ဖ်(အလယ်)နှင့် အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်(ဝဲ) တို့ကို တွေ့ရစဉ်။

**ရီယာ့ဒ် မတ် ၇**

ဆော်ဒီဘုရင်ဆယ်မန်၏ ညီနှင့် တူတော်သူအပါအဝင် မင်းသားသုံးပါးကို အာဏာသိမ်းရန် ကြံစည်မှုဖြင့် ဆော်ဒီအာရေဗျနိုင်ငံမှ အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း အမေရိကန် မီဒီယာတွင် မတ် ၆ ရက်က ဖော်ပြထားသည်။

ဆော်ဒီဘုရင်ဆယ်မန်၏ ညီမင်းသားအာမက်ဘင် အဗ္ဗဒူလာဇစ်နှင့် တူမင်းသား မိုဟာမက်ဘင်နာယက်ဖ်ကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် မတ် ၆ ရက် နံနက်ပိုင်းတွင် နေအိမ်မှ လာရောက် ခေါ်ဆောင်သွားကြကြောင်း ဝေါလ်စထရိဂျာနယ်တွင် ဖော်ပြထားသည်။

အဆိုပါမင်းသားနှစ်ဦးမှာ ထီးနန်းအတွက် ပြိုင်ဘက်များဖြစ်ပြီး ဆော်ဒီဘုရင်နှင့် အိမ်ရှေ့မင်းသားတို့ကို ဖြုတ်ချရန် ကြံစည်ခဲ့သည်ဟု ဆော်ဒီတော်ဝင်တရားရုံးက စွပ်စွဲထားသည်။

ယင်းပြစ်မှုအတွက် ထောင်ဒဏ်တစ်သက်တစ်ကျွန်း သို့မဟုတ် ကွပ်မျက်ခြင်း ခံရဖွယ်ရှိသည်ဟု ဝေါလ်စထရိဂျာနယ်တွင် ရေးသားထားသည်။

မင်းသားနာယက်ဖ်၏ ညီမင်းသား နာဝက်ဖ်ဘင်နာယက်ဖ်ကိုလည်းဖမ်းဆီးထိန်းသိမ်းထားကြောင်း နယူးယောက်တိုင်းမ်တွင် ဖော်ပြထားသည်။

ဆော်ဒီအာဏာပိုင်များဘက်ကမူ မည်သည့် ဖြေရှင်းချက်မှ မပေးခဲ့ပေ။ ယခုကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခြင်းသည် ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက်၏ အာဏာပိုခိုင်မြဲစေရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး ၎င်းသည် တော်ဝင်မင်းသားများ၊ စီးပွားရေးအထက်တန်းလွှာများနှင့် တက်ကြွလှုပ်ရှားသူများ၊ ထင်ရှားသည့် ဘာသာရေးခေါင်းဆောင်များကို ထောင်ဒဏ်ချမှတ်ခဲ့ဖူးသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းကလည်း အစ္စတန်ဘူလ်မြို့ရှိ ကောင်စစ်ဝန်ရုံးအတွင်း ဝေဖန်ရေးဆရာ ဂျမားခါရှော့ဂီအား သတ်ဖြတ်ခဲ့မှုအတွက်ဆော်ဒီအိမ်ရှေ့မင်းသားကို နိုင်ငံတကာက ဝိုင်းဝန်းအပြစ်တင်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ စုစုပေါင်းအရေအတွက် တစ်သိန်းကျော်ရှိလာ

**ဝါရှင်တန် မတ် ၇**

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ အရေအတွက် ပေါင်းသည် ယခုအခါတွင် တစ်သိန်းကျော်လာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၇ ရက်က ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၉၀ ကျော်သို့ ပျံ့နှံ့သွားခဲ့ပြီဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ အရေအတွက်မှာလည်း ၃၄၀၀ ထိ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ်သည် ကမ်းရိုးတန်းတစ်ခုမှ အခြားကမ်းရိုးတန်းတစ်ခုသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး လူပေါင်း အနည်းဆုံး ၁၁ ဦးသေဆုံးခဲ့ကြောင်း သိရသည်။



ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူတစ်ဦးကို ဆေးဝန်ထမ်းများက စောင့်ကြည့်ကုသမှုများပြုလုပ်နေစဉ်။

အများစုမှာ ကယ်လီဖိုးနီးယားကမ်းလွန်တွင် ဆိုက်ကပ်ထားသော အပျော်စီးဇိမ်ခံသင်္ဘောကြီးပေါ်မှ ဖြစ်ကြောင်း သိရသည်။ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် Grand Princess သင်္ဘောပေါ်မှ လူ ၂၁ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်ဟု ပြောကြားခဲ့သည်။ ၁၉ ဦးမှာ သင်္ဘောဝန်ထမ်းများဖြစ်ပြီး နှစ်ဦးမှာ ခရီးသည်များ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ သင်္ဘောပေါ်တွင် လူပေါင်း ၃၀၀၀ ကျော် လိုက်ပါလာခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါ သင်္ဘောပေါ်တွင် လိုက်ပါလာသူများ အားလုံးကို ကိုရိုနာဗိုင်းရပ်စ်ရှိ မရှိ စစ်ဆေးဆောင်ရွက်မှုများပြုလုပ်နိုင်ရန် စီးပွားရေးဆိပ်ကမ်းမဟုတ်သည့် အခြားဆိပ်ကမ်းတစ်ခုတွင် ရပ်နားခွင့်ပြုခဲ့ကြောင်း အမေရိကန်ဒုတိယသမ္မတမိုက်ပန့်စ်က ပြောကြားခဲ့သည်။

ယခုဖြစ်စဉ်သည် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည့် အပျော်စီးဇိမ်ခံသင်္ဘော Diamond Princess ၏ ဖြစ်စဉ်ကဲ့သို့ ဖြစ်ပွားမည်ကို ခရီးသည်များက စိုးရိမ်လျက်ရှိသည်။ အဆိုပါ အပျော်စီး ဇိမ်ခံသင်္ဘောကို တိုကျိုအနီးရေပိုင်နက်တွင် သီးသန့်ခွဲထားပြီး ရက်သတ္တ နှစ်ပတ်ကြာ စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို တိုက်ဖျက်ရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံပမာဏခန့်ကို အရေးပေါ်ရန်ပုံငွေအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

ထိုကဲ့သို့ သတ်မှတ်ပြဋ္ဌာန်းမှုတွင် ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ကုသဆေးဆိုင်ရာများနှင့် နှာခေါင်းစည်းများဝယ်ယူရေးလည်း ပါဝင်သည်။ တရုတ်နိုင်ငံအာဏာပိုင်များက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများကို သူတို့နိုင်ငံသို့ ဝင်ရောက်မှုမရှိရေး အစွမ်းကုန်အရှိန်မြှင့်လုပ်ဆောင်နေကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ်အသစ်ထပ်မံ ကူးစက်ခံရသူ ၁၄၀ ခန့်တွင် ၁၆ ဦးလောက်သည် အီတလီ သို့မဟုတ် အီရန်နိုင်ငံမှဖြစ်ကြောင်း အစီရင်ခံဖော်ပြထားသည်။

ပေကျင်းနှင့် ရှန်ဟိုင်းတို့မှ အာဏာပိုင်များက ဂျပန်၊ တောင်ကိုရီးယား၊ အီတလီနှင့် အီရန်နိုင်ငံတို့မှ လာရောက်သူများကို ၁၄ ရက်ကြာ သီးသန့်ခွဲခြားစောင့်ကြည့်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

မတ် ၇ ရက်အထိ တရုတ်ပြည်မကြီးတွင်သေဆုံးသူအရေအတွက်သည် ၃၀၇၀ အထိရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## မရှိမဖြစ်ဆေးဝါးများ အပူတပြင်းလိုအပ်မှု မရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ မတ် ၇**

ကိုဗစ် – ၁၉ ရောဂါကြောင့် ကမ္ဘာ့ဆေးဝါးထုတ်လုပ်မှုတွင် သက်ရောက်မှုရှိနိုင်သော်လည်း တစ်ကမ္ဘာလုံးအတိုင်းအတာအထိ မရှိမဖြစ်လိုအပ်သည့် ဆေးဝါးများ အပူတပြင်းလိုအပ်နေသည့် အနေအထားမျိုးတွင် မရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့က ပြောကြားလိုက်သည်။ ကိုဗစ်–၁၉ ရောဂါအခြေအနေကြောင့် ကမ္ဘာ့ဆေးဝါးထောက်ပံ့ပေးခြင်း ပြတ်လပ်မှုအန္တရာယ်ကို အမြဲစောင့်ကြည့်လျက် ရှိကြောင်း၊ တစ်ကမ္ဘာလုံးရှိ ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများနှင့် ကြားခံပစ္စည်းများကို တရုတ်နိုင်ငံမှ ထုတ်လုပ်ခြင်းဖြစ်သော်လည်း လက်ရှိအနေအထားတွင် အရေးတစ်ကြီးလိုအပ်နေသည့် ဆေးဝါးမျိုးရှိသည်ကို မတွေ့ရသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒ်ရော့စ်အက်ဒါနွန်ဂီဘရီယက်စ်ဆုက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် လက်ရှိတွင် လုပ်ငန်းကော်မတီ၊ စီမံစောင့်ကြည့်ရေးဌာန၊ အခြားမိတ်ဖက်များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ကာ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ဆေးဝါးပြတ်လပ်မှုအန္တရာယ်ကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ အဓိကအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံဆေးဝါးများနှင့် ရုတ်တရက်ဖြစ်ပွားသည့် ကျန်းမာရေးကိစ္စများအတွက် အရေးတကြီးလိုအပ်သည့် မရှိမဖြစ်ဆေးဝါးများကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ တစ်ကိုယ်ရေရောဂါအကာအကွယ်ပစ္စည်းများနှင့် ဆက်စပ်ဆေးကုသရေးသုံး စက်ပစ္စည်း၏ ပံ့ပိုးမှုအာမခံချက်ရရှိနိုင်ရန် နိုင်ငံတိုင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြံပြုချက်အရ ရောဂါကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာပစ္စည်းများကို အသေးစိတ်ခန့်မှန်းထားကြရန် ၎င်းက တိုက်တွန်းပြောကြားလိုက်သည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ အခမ်းအနားတစ်ခုအတွင်း တိုက်ခိုက်ခံရမှုကြောင့် လူ ၂၇ ဦးသေဆုံး

**ကဘူးလ် မတ် ၇**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်၌ ပြုလုပ်သည့်အခမ်းအနားတစ်ခုတွင် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူ ၂၇ ဦးထက်မနည်းသေဆုံးခဲ့ကာ လူ ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထင်ရှားသည့် အာဖဂန်ခေါင်းဆောင်တစ်ဦးအတွက် အထိမ်းအမှတ်ပွဲ ကျင်းပနေစဉ် ယင်းသို့ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲသို့ အာဖဂန် သမ္မတ၏ နိုင်ငံရေးပြိုင်ဘက်ဖြစ်သူ အဗ္ဗဒူလာ အဗ္ဗဒူလာလည်း တက်ရောက်ခဲ့သည်။

သို့သော် ၎င်းမှာ ဘေးအန္တရာယ်ကင်းရှင်းကြောင်းလည်း သိရသည်။ တာလီဘန်ဘက်မှ ပြောရေးဆိုခွင့်ရှိသူကမူ ယင်းသို့တိုက်ခိုက်မှုတွင် ၎င်းတို့၏ တာဝန်မရှိဟု ငြင်းဆိုခဲ့သည်။

သမ္မတ ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးနောက် ဝရုန်းသုန်းကား အခြေအနေများ ပေါ်ပေါက်ခဲ့ပြီး ယခုလို သေနတ်ပစ်ခတ်မှု ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်က အက်ရှရက်ဖ်ဂါနီကို ရွေးကောက်ပွဲတွင် အနိုင်ရသူအဖြစ်ကြေညာခဲ့သော်လည်း အဗ္ဗဒူလာကမူ မဲလိမ်ခံရသည်ဟု ပြောဆိုခဲ့သည်။ သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ရွှေ့ဆိုင်းထားရသည်။

**အင်န်အိတ်ချ်ကေ**

## နွေရာသီရောက်သည့်တိုင် ကိုရိုနာဗိုင်းရပ်စ်လျော့ပါးသွားဖွယ်မရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပြော

**ဂျီနီဗာ မတ် ၇**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို နိမ့်နင်းနိုင်ရေးကမ္ဘာ့နိုင်ငံများက အမြင့်ဆုံး ဦးစားပေးအစီအစဉ်ဖြင့် လုပ်ဆောင် ထားသင့်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရာရှိတစ်ဦးက ပြောသည်။

တုပ်ကွေးရောဂါကဲ့သို့ နွေရာသီသို့ ရောက်သည့်အခါ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုလျော့ပါးသွားမည့် အခြေအနေများ မရှိသေးဟုလည်း ၎င်းက သတိပေးထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကျန်းမာရေး အရေးပေါ်အစီအစဉ်မှ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး မိုက်ကယ်ရန်က မတ် ၆ ရက်တွင် ဂျီနီဗာ၌ သတင်းထောက်များကို ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်၏ အခြေအနေမှာ ရာသီဥတုနှင့် ဆက်စပ်မှုရှိ မရှိ မသိနိုင်သေးကြောင်း ၎င်းက ပြောကြားခဲ့သည်။ ကိုဗစ်–၁၉ ရောဂါမှာ နွေရာသီရောက်သည့်အခါ ပျောက်ကင်းသွားလိမ့်မည်ဆိုသည့် မျှော်လင့်ချက်မှာ မှားယွင်းသည့်မျှော်လင့်ချက်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် တစ်သိန်းကျော် ရှိလာသည့်နောက်တွင် ယခုလို သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို တတ်စွမ်းသမျှ အကောင်းဆုံး လုပ်ကိုင်ကြရန်နှင့် ရာသီဥတု အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေစရာ မလိုကြောင်း မိုက်ကယ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဟောလိဝုဒ်ကို ခြိမ်းခြောက်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်

**ချူးစန္ဒီနွေး**

ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်ဖြစ်တဲ့ No Time To Die ရုပ်ရှင် အမေရိကန်နဲ့ ဥရောပတို့မှာ ရုံတင်ပြသမယ့်ရက်ကို ရွှေ့ဆိုင်းထားရတဲ့နောက်မှာတော့ ကိုရိုနာဗိုင်းရပ်စ်ရဲ့ ရိုက်ခတ်မှုဟာ နယ်စည်းမခြားဘူးဆိုတာ ပိုပြီးတော့ သိသာထင်ရှားလာပါတယ်။

### အလူးအလဲခံနေရ

ကိုရိုနာဗိုင်းရပ်စ်ရဲ့ ထိုးနှက်မှုဒဏ်ကိုခံရတာ ဂျိမ်းစ်ဘွန်းရုပ်ရှင်တစ်ခုပဲ မဟုတ်ပါဘူး။ ဒစ္စနေးရဲ့နာမည်ကျော် မူလန်ရုပ်ရှင်ကားကိုလည်း ရပ်နားထားရပါတယ်။ နာမည်ကျော်ထုတ်လုပ်ရေးတွေ ရပ်နားထားရသလို ရုပ်ရှင်ပွဲတွေကိုလည်း ဖျက်သိမ်းထားရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရဲ့ စိန်ခေါ်မှုတွေကို ဟောလိဝုဒ်မှာ အလူးအလဲခံနေရပါတယ်။ ရုပ်ရှင်တွေအများကြီး တစ်ချိန်တည်းမှာ ထိခိုက်စေခဲ့တဲ့ဖြစ်ရပ်မျိုး တစ်ခါမှ မတွေ့ဖူးဘူးလို့ ပြပွဲဆိုင်ရာ ကျွမ်းကျင်သူ အကြီးတန်းသုတေသီတစ်ဦးဖြစ်တဲ့ ဂျက်ဖ်ဘော့ခ်က အေအက်ဖ်ပီသို့ အခုသီတင်းပတ်အတွင်းမှာပဲ ပြောကြားခဲ့ပါတယ်။

### အောက်ခြေအလွှာထိ နစ်နာ

သာမန်အားဖြင့်ကြည့်မယ်ဆိုရင် ရုပ်ရှင်ဇာတ်ကား ရုံတင်ရက်တွေ ရွှေ့ဆိုင်းတာ၊ ရပ်နားထားရတာကြောင့် ရုပ်ရှင်ကားတွေကိုပဲ ထိခိုက်စေတယ်လို့ ယူဆရပေမယ့် လက်တွေ့မှာတော့ ရုပ်ရှင်လုပ်ငန်း ထိပ်ပိုင်းအလွှာကနေ အောက်ဆုံးအလွှာထိအောင် ထိခိုက်နစ်နာရပါတယ်။ အာရှတစ်လွှား ရုပ်ရှင်ရုံတွေ ပိတ်ထားရတာကြောင့် ဆုံးရှုံးနစ်နာမှုငွေကြေးခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့်ရှိမယ်လို့ ခန့်မှန်းထားကြပါတယ်။ အခုအချိန်ထိတော့ ကိုရိုနာဗိုင်းရပ်စ်ခြိမ်းခြောက်မှုအောက် ရောက်နေပေမယ့်လည်း အမေရိကန်ရုပ်ရှင်ရုံတွေမှာ လာရောက်ကြည့်ရှုသူတွေကတော့ ပုံမှန်ပါပဲ။ ယခုလအတွင်း မြောက်အမေရိကမှာ မူလန်ဇာတ်ကား ရုံတင်ဖို့ စီစဉ်ခဲ့ပေမယ့် လက်ရှိအခြေအနေမှာ ဆိုင်းငံ့ထားရပါတယ်။ အမေရိကန်နိုင်ငံ နယူးယောက်နဲ့ ကယ်လီဖိုးနီးယားတို့မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုတွေရှိနေပြီး ဝါရှင်တန်မှာတော့ ဗိုင်းရပ်စ်ကြောင့် သေဆုံးမှု ဖြစ်ပေါ်ခဲ့ပါတယ်။

### ရုပ်ရှင်ပွဲတော်ဖျက်သိမ်းဖို့ တောင်းဆို

ရုပ်ရှင် အဓိကဈေးကွက်ဖြစ်တဲ့ SXSW ရုပ်ရှင်နဲ့ဂီတပွဲတော်ကနေ အဓိက ရုပ်ရှင်ဇာတ်ကားဝယ်ယူသူတွေဖြစ်တဲ့ Netflix ၊ Amazonနဲ့ Apple တို့ဟာလည်း နောက်ဆုတ်ကုန်ပါတယ်။ SXSW ရုပ်ရှင်ပွဲတော်ကို ဖျက်သိမ်းဖို့ အွန်လိုင်းကနေ လက်မှတ်ထိုးအသနားခံစာတင်တဲ့လူပေါင်းကတော့ ၅၀၀၀၀ ကျော်ရှိပါတယ်။ ဒီလိုမျိုးတောင်းဆိုမှုတွေရှိနေပေမယ့် ပွဲစီစဉ်သူတွေကတော့ ပွဲကိုဆက်လက်ကျင်းပသွားမယ်လို့ပြောခဲ့ပါတယ်။

### ဝယ်သူနည်းပါး

ဒါပေမယ့်လည်း နာမည်ကျော် ဝင်းနားဘရားသားလိုကုမ္ပဏီကြီးတွေကတော့ ပါဝင်ဖို့ တွန့်ဆုတ်လာကြပါတယ်။ ရုပ်ရှင်ရိုက်ကူးသူတွေဟာလည်း သူ့တို့ရဲ့ဇာတ်ကားတွေကို ဝယ်သူပေါ်လာဖို့ သိပ်ပြီးမမျှော်လင့်ကြတော့ပါဘူး။ ဘာလို့လဲဆိုတော့ ပွဲကိုတက်ရောက်လာမယ့်အထဲမှာ ဝယ်သူနည်းပါးလိမ့်မယ်လို့ သူတို့ခန့်မှန်းထားကြပြီးသားပါ။ SXSW ပွဲတော်ဖြစ်မြောက်ဖို့တောင် သိပ်ပြီးမသေချာဘူးလို့ Freak Power ဇာတ်ကားဒါရိုက်တာဖြစ်သူ နီမက်က ပြောပါတယ်။ မတ်လ ၆ ရက်နေ့မှာတော့ တက္ကဆက်ပြည်နယ် အော်စတင်မြို့မှာ ကျင်းပမယ့် SXSW ရုပ်ရှင်နဲ့ဂီတပွဲတော်ကို ရပ်နားထားတယ်လို့ ကြေညာခဲ့ပါတယ်။ လပ်ဗီးဂတ်စ်မှာပြုလုပ်မယ့် CinemaCon နဲ့ ကန်းရုပ်ရှင်ပွဲတွေ ဖြစ်လာဖို့တောင် စစ်ဆေးဆဲကာလပဲ ရှိပါသေးတယ်။

### အခြေအနေစောင့်ကြည့်

CinemaCon ရုပ်ရှင်ပွဲတော်ကိုတော့ မတ်လ ၃၀ ရက်ကနေ ဧပြီ ၂ ရက်နေ့အထိ ကျင်းပဖို့ စီစဉ်ထားတာပါ။ အဲဒီပွဲတော်ဟာ ကမ္ဘာအရပ်ရပ်က ရုပ်ရှင်ရုံပိုင်ရှင်တွေ စုဝေးကြတဲ့ပွဲလည်းဖြစ်ပါတယ်။ ပွဲစီစဉ်သူတွေကတော့ သူတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ရဲ့အခြေအနေကိုစောင့်ကြည့်နေတယ်၊ “ရုပ်ရှင်ပွဲတော်ကို စီစဉ်ထားတဲ့အတိုင်း လုပ်ဖြစ်မဖြစ်ကိုလည်း အသိပေးသွားမယ်လို့ ပြောပါတယ်။ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့နဲ့ ဆက်သွယ်ပြီး ရှေ့ဆက်ဘယ်လိုလုပ်ကိုင်ရမလဲဆိုတာကို စဉ်းစားနေတယ်လို့ ရုပ်ရှင်ရုံပိုင်ရှင်များအသင်းက ပြောပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေတဲ့ နိုင်ငံကနေလာပြီး ပွဲကိုတက်ရမယ့်လူပေါင်းကတော့ ၂၄ ယောက်နီးပါးရှိပါတယ်။ အဲဒီလူတွေကတော့ ဒီပွဲကိုလာရောက်နိုင်မှာ မဟုတ်ပါဘူး။ အခုအချိန်ထိတော့ လပ်ဗီးဂတ်စ်မှာ ရောဂါကူးစက်ခံရတဲ့သူ မတွေ့ရသေးပါဘူး။

### ပြင်သစ်က ကန်းရုပ်ရှင်ပွဲတော်

ပြင်သစ်နိုင်ငံမှာကျင်းပမယ့် ကန်းရုပ်ရှင်ပွဲတော်ကိုတော့ မေလ ၁၂ ရက်ကနေ ၂၃ ရက်နေ့အထိ ကျင်းပဖို့စီစဉ်ထားတာပါ။ ပြင်သစ်နိုင်ငံမှာတော့ လူပေါင်း ၂၁၅ ဦးမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရတာကိုတွေ့ရပါတယ်။ လူလေးဦးကတော့ သေဆုံးသွားခဲ့ပါပြီ။ မတ်လ ၅ ရက်နေ့မှာတော့ ပြင်သစ်ကျန်းမာရေးဝန်ကြီးက လူ ၅၀၀၀ ထက်ကျော်ပြီးစုဝေးတာကို တားမြစ်ခဲ့ပါတယ်။

### တွမ်ခရုရဲ့ဇာတ်ကားလည်းရပ်နား

ဟောလိဝုဒ်နာမည်ကျော်မင်းသား တွမ်ခရုရဲ့ Mission Impossible ရုပ်ရှင်ကို အီတလီမှာ သုံးပတ်ကြာရိုက်ကူးဖို့ စီစဉ်ခဲ့ပေမယ့် လက်ရှိအီတလီနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ဆိုးရွားစွာကူးစက်ခံနေရတာမို့ လွန်ခဲ့တဲ့လကပဲ ရိုက်ကူးရေးကို ရပ်နားထားရပါတယ်။ ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ ရိုက်ကူးရေးအဖွဲ့သားတွေ ရောဂါကူးစက်ခံရခြင်းမရှိစေဖို့ ပါရာမောင့် ရုပ်ရှင်ကုမ္ပဏီကလည်း သတိကြီးကြီး ထားဆောင်ရွက်နေပါတယ်။ ဒွိန်းဂျွန်ဆင်ရဲ့ Red Notice ဇာတ်ကားရိုက်ရာမှာလည်း Netflix ဟာ ရိုက်ကွင်းကောင်းကောင်းရှာနေပါတယ်။ အဲဒီဇာတ်ကားကို အီတလီမှာရိုက်ကူးဖို့ အစောပိုင်းက စီစဉ်ခဲ့တာပဲ ဖြစ်ပါတယ်။

### ဟောလိဝုဒ်ကိုထိခိုက်လာ

ကိုရိုနာဗိုင်းရပ်စ်ခြိမ်းခြောက်မှုကြောင့် ဖျက်သိမ်းရမလိုဖြစ်နေတဲ့ ရုပ်ရှင်ပွဲတော်တွေထဲမှာ နယူးယောက်မြို့မှာကျင်းပမယ့် Tribeca ရုပ်ရှင်ပွဲတော်လည်း အပါအဝင်ပါပဲ။ ဟောလိဝုဒ်ရဲ့ စီးပွားရေးလုပ်ငန်းကိုကလူစုလူဝေးနဲ့ လုပ်ဆောင်ရတဲ့ လုပ်ငန်းပါ။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူစုလူဝေးတွေ၊ ပွဲလုပ် တာတွေကို ရှောင်ရတဲ့အခါမှာတော့ ဟောလိဝုဒ်လုပ်ငန်းကို ထိခိုက်လာစေပါတယ်။ အမေရိကန်နိုင်ငံ ဖလော်ရီဒါက လူသုံးဦးမှာ ကိုရိုနာဗိုင်းရပ်စ် တွေ့ရှိရတဲ့အခါမှာတော့ အယ်ထရာဂီတပွဲတော်ကို ဖျက်သိမ်းလိုက်ရပါတယ်။ သုံးရက်ကြာကျင်းပရတဲ့ အဲဒီပွဲတော်မှာ မီးရောင်စုံတွေ၊ အကတွေနဲ့ နိုင်ငံ ပေါင်း ၁၀၀ကျော်က လူပေါင်း ၅၅၀၀၀ ကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ လူတွေမှာလည်း အချို့လူတွေက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှာကို ကြောက်ကြပေမယ့် အချို့ကျပြန်တော့လည်း ပွဲလမ်းသဘင်တွေကို နှစ်သက်ကြပြန် ပါတယ်။

### ခြိမ်းခြောက်မှုအောက်ရောက်နေ

ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူဘယ်လောက်များများ သူတို့ရဲ့အစီအစဉ်တွေကို ရွှေ့ဆိုင်းပစ်ချင်ကြသလဲဆိုတာကတော့ သေချာမသိရပါဘူး။ အခြေအနေတွေ ဒီထက်ပိုပြီးဆိုးရွားလာရင်တော့ ရုပ်ရှင်၊ ဂီတပွဲတော်တွေကို ဖျက်သိမ်းပစ်ရမှာပါ။ သူတို့ရဲ့ဒေသမှာကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတဲ့လူ တွေ့ပြီဆိုရင် ယေဘုယျအားဖြင့် လူဦးရေသုံးပုံနှစ်ပုံကတော့ ရုပ်ရှင်ရုံတွေ၊ ဂီတပွဲတွေ၊ ကဇာတ်ရုံတွေကို သွားလိုစိတ် နည်းသွားတယ်လို့ အရွယ်ရောက်ပြီးသား လူပေါင်း ၂၂၀၀ ကို စစ်တမ်းကောက်ယူကြည့်တဲ့အခါမှာ သိရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်နစ်နာရတဲ့ လုပ်ငန်းတွေထဲမှာ ရုပ်ရှင်လုပ်ငန်းလည်း အပါအဝင်ပါပဲ။ ရုပ်ရှင်ပွဲတော်တွေ ကျင်းပဖြစ်ဖို့ မသေချာသလို ဟောလိဝုဒ်ဟာ လက်ရှိအခြေအနေမှာ ကိုရိုနာဗိုင်းရပ်စ်ရဲ့ ခြိမ်းခြောက်မှုအောက်ရောက်နေတာကတော့ အမှန်ပါပဲ။ **ကိုးကား – အေအက်ဖ်ပီ၊ဗန်နတီဖဲ**




ရုံတင်ရက်နောက်ဆုတ်ထားရသည့် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် ပိုစတာကို တွေ့ရစဉ်။

“သာမန်အားဖြင့်ကြည့်မယ်ဆိုရင် ရုပ်ရှင်ဇာတ်ကား ရုံတင်ရက်တွေ ရွှေ့ဆိုင်းတာ၊ ရပ်နားထားရတာကြောင့် ရုပ်ရှင်ကားတွေကိုပဲ ထိခိုက်စေတယ်လို့ ယူဆရပေမယ့် လက်တွေ့မှာတော့ ရုပ်ရှင်လုပ်ငန်း ထိပ်ပိုင်းအလွှာကနေ အောက်ဆုံးအလွှာထိအောင် ထိခိုက်နစ်နာရပါတယ်။ အာရှတစ်လွှား ရုပ်ရှင်ရုံတွေ ပိတ်ထားရတာကြောင့် ဆုံးရှုံးနစ်နာမှု ငွေကြေးခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့်ရှိမယ်လို့ ခန့်မှန်းထားကြပါတယ်”

## နိုင်ငံတကာသတင်းတိုထွာ

### ဗီယက်နမ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈ ဦးရှိလာ

ဟန္နိုင်း မတ် ၇

ဗီယက်နမ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ထပ်မံတွေ့ရှိခဲ့ရာ ယခုအခါ ကူးစက်ခံရသူအရေအတွက် စုစုပေါင်းမှာ ၁၈ ဦး ရှိလာပြီဟု ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက မတ် ၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

နောက်ဆုံးတွေ့ရှိထားသည့်လူနာမှာ အသက် ၂၇ နှစ်အရွယ်ဖြစ်ပြီး မတ် ၄ ရက်က တောင်ကိုရီးယားနိုင်ငံ ဒယ်ဂူမြို့မှ ဗီယက်နမ်သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ပထမဦးဆုံးကူးစက်ခံရသည့်လူနာမှာ အသက် ၂၆ နှစ်အရွယ်အမျိုးသမီးတစ်ဦးဖြစ်ပြီး ဥရောပသို့ ခရီးသွားခဲ့သူဖြစ်သည်။ ဗီယက်နမ်တွင် ကူးစက်ခံထားရသူ ၁၆ ဦးမှာ ဆေးရုံမှဆင်းခွင့်ရသွားပြီဖြစ်ပြီး သံသယရှိသည့်လူနာအရေအတွက်မှာ ၁၀၁ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

### ပါကစ္စတန်တွင် အဆိပ်ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူပေါင်း ၈၀ ကျော် ထိခိုက်ခံစားရ

အစ္စလာမ္မာဘတ် မတ် ၇

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချိမြို့ရှိ ဓာတုဗေဒစက်ရုံ၌ အဆိပ်ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူပေါင်း ၈၀ ကျော် ထိခိုက်ခံစားခဲ့ရသည်ဟု မတ် ၆ ရက်တွင် ရဲတပ်ဖွဲ့က ပြောသည်။

အန်ဂရို ကော်ပိုရေးရှင်းပိုင် စက်ရုံအတွင်း ပိုက်ကျိုးပျက်မှုကြောင့် ဓာတ်ငွေ့ယိုစိမ့်မှုပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။

အနီးအနားတွင်အလုပ်လုပ်ကိုင်နေကြသည့်လူများ ဘေးသင့်ခဲ့ကြကြောင်း ရဲအရာရှိတစ်ဦးဖြစ်သူ မူဟာမက်အလီ ရာဇာက ပြောသည်။

ယင်းနေရာမှလူများအားလုံးကိုကယ်ထုတ်ခဲ့ရပြီး ကရာချိမြို့ရှိ ဂျင်နာ့ရှ်ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ လူအများစုမှာ အော့အန်ခဲ့ကြပြီး လူတစ်ဦးမှာစိုးရိမ်ရသည့်အခြေအနေရှိနေသည်။ အခြားလူများအားလုံး ဆေးရုံမှဆင်းသွားကြပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဆလုံလူမျိုးများအတွက် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆွေးနွေး

**ထားဝယ် မတ် ၇**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆလုံလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၅ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆလုံ တိုင်းရင်းသားများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆလုံ တိုင်းရင်းသားများအတွက် အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အရေးကြီးကြောင်း၊ ဆလုံတိုင်းရင်းသားများအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် ဒေသအလိုက် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိ သေချာစွာ သုံးသပ်ရန်လိုအပ်ကြောင်း၊ ဆလုံတိုင်းရင်းသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးလာစေရေးအတွက် ထည့်သွင်းစဉ်းစားဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စု အရေအတွက် တိတိကျကျသိရှိနိုင်ရန်အရေးကြီးပြီး သက်ဆိုင်ရာဌာနများက ဆလုံ အိမ်ထောင်စုများ၏ မိသားစုဝင်အရေအတွက် အမှန်ရရှိနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးတို့ကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ဆလုံဒေသခံများကို အရန်သားဖွားသင်တန်းများ သီးသန့်ဖွင့်လှစ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစောလုကာနှင့် တက်ရောက်လာကြသူများက ဆလုံတိုင်းရင်းသားများအား ထောက်ပံ့ပေးရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**ပဲခူး မတ် ၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်အေးက အမှာစကား ပြောကြားသည်။

တရားသူကြီးချုပ် ဦးမောင်မောင်အေးက တရားစီရင်ရာတွင် အဂတိကင်းစင်စွာနှင့် ဘက်လိုက်မှုမရှိဘဲ ဥဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးမူနှင့်အညီ စီရင်ကြရန်ဖြစ်ကြောင်း၊ တရားသူကြီးများသည် မိမိတို့စောင့်ထိန်းရမည့် ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကို မြဲမြဲမြံမြံ စောင့်ထိန်းပြီး အသိအမြင်၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ ခံယူချက်နှင့် အရည်အသွေးများ တိုးတက်မြင့်မားလာအောင် မိမိတို့ကိုယ် မိမိတို့ ပြုစုပျိုးထောင်ကြ ရန်ဖြစ်ကြောင်း၊ ဘဏ္ဍာသိမ်းပစ္စည်းများ၊ သက်သေခံပစ္စည်းများ လေလွင့်ဆုံးရှုံးမှု၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တရားရုံးများက စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို လျာထားချက်ထက် ကျော်လွန်အောင် စစ်ဆေးပြီးပြတ်မှသာ မှုခင်းလက်ကျန်ကျဆင်းပြီး ထိရောက် သည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ညွှန်ကြားချက်များအား မှာကြားသည်။

ယင်းထပ်ဆင့်ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ထပ်ဆင့်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# ပျော်ဘွယ်မြို့နယ်အဆင့် မြေအရင်းအမြစ်များပေါ်တွင် မူတည်၍ သင့်လျော်သော သီးနှံများကို ဖော်ထုတ်ခြင်းဖြင့် မြေယာအသုံးချမှုအစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၇**

ပျော်ဘွယ်မြို့နယ်အဆင့် မြေအရင်း အမြစ်များပေါ်တွင် မူတည်၍ သင့်လျော်သော သီးနှံများကို ဖော်ထုတ်ခြင်းဖြင့် မြေယာအသုံးချမှု အစီအစဉ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး စီမံကိန်းဒါရိုက်တာက စီမံကိန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်း အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သီးနှံအမျိုးအစား၊ စုစုပေါင်းစိုက်ဧက၊ မြေဆီလွှာထိန်းသိမ်းနည်းလမ်းများ၊ တိုးချဲ့စိုက်ပျိုးလိုသောဧရိယာ၊ ပံ့ပိုးရန်လိုအပ်ချက်၊ စီးပွားရေးအကျိုးအမြတ်ရရှိမှု၊ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု၊ လူမှုဆိုင်ရာသက်ရောက်မှု စသည့်အချက်များပါဝင်သော ဆွေးနွေးချက်များဖြင့် မြေဆီလွှာသိပ္ပံပညာရှင်များ၊ တိုးချဲ့ပညာပေးဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပျော်ဘွယ်မြို့နယ်မှ ဒေသခံတာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။




မြေယာအသုံးချမှု အစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

အဆိုပါစီမံကိန်းအရ ကွင်းမြေပုံနှင့် ဓာတ်ခွဲခန်းမြေပုံများ ပေါင်းစပ်ပြီး တောင်သူများအား သင့်လျော်သော သီးနှံ စိုက်ပျိုးနိုင်သည့် ဇုန်များခွဲပေးနိုင်မည်ဖြစ်ကြောင်း၊ မြေအမျိုးအစားအပေါ်မူတည်၍ သင့်လျော်သည့် သီးနှံများ စိုက်ပျိုးနိုင်မှသာ တောင်သူများအတွက် အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဈေးကွက်၊ အရင်းအနှီး၊ နည်းပညာများ ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်နိုင်ရေးအတွက် တောင်သူနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများအကြား ဆက်စပ်ပေးလျက်ရှိကြောင်း၊ သို့မှသာ တောင်သူလိုအပ်သည့်သွင်းအားစုများ ပံ့ပိုးပေးနိုင်ခြင်း၊ ဖြစ်နိုင်သော ဈေးကွက်များအား ကြိုတင်ညှိနှိုင်းထားခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ဒေသအလိုက် မြေဆီလွှာဆိုင်ရာမြေပုံနှင့် စိုက်ပျိုးသင့်သည့် သီးနှံအကြံပြု မြေပုံကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သင့်သော်လည်း လတ်တလောတွင် ကွင်းမြေပုံနှင့် ဓာတ်ခွဲ ခန်းမြေပုံများ ပေါင်းစပ်ပြီး တောင်သူများအား သင့်လျော်သောသီးနှံ စိုက်ပျိုးနိုင်သည့် ဇုန်များ ခွဲပေးနိုင်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းကို ပျော်ဘွယ်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်၍ ပျော်ဘွယ်မြို့နယ်အတွင်းရှိ တောင်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ပါရှိသည့် နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံနှင့် ဈေးဝယ်စင်တာ ပန္နက်တင် မင်္ဂလာအခမ်းအနား သတင်းတွင် “Junction Express” အစား “အဆင့်မြင့်” ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၁၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၄၀/၈၁၅ | ကျပ် | ၈၀၀/၈၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၅၀/၈၂၅ | ကျပ် | ၈၁၅/၈၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၄၀ | ကျပ် | ၇၆၀/၇၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၆၀ | ကျပ် | ၈၉၀/၉၀၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၀ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၅ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၅ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၀ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၂၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၁၅၈၁ | ၁၈၅၃၄၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၂၇၃၈ | ၁၀၈၁၅၁၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅ | ၁၁၀၀၀၀ |
| TMH | ၂၉၀၀ | ၂၈၅၀ | ၄၉ | ၁၃၉၈၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကာတွန်းရုပ်ရှင်တွေထဲမှာမြင်ဖူးပြီး အပြင်ကမ္ဘာမှာ တွေ့ဖို့ခက်ခဲတဲ့သတ္တဝါတွေ

ကေ-ဂျူဝယ်လ်

**ကာတွန်းကားတွေထဲမှာ မြင်ရတဲ့ အချို့သော ထူးထူးဆန်းဆန်းအကောင်တွေဟာ စိတ်ကူးယဉ်ထားတဲ့ သတ္တဝါတွေ မဟုတ်ကြပါဘူးကွယ်။ များသောအားဖြင့် အပြင်ဘက်မှာရှိတဲ့ သတ္တဝါတွေထဲကမှ ထူးခြားဆန်းပြားတဲ့ သတ္တဝါတွေကို ပုံစံနည်းနည်းပြုပြင်ပြီး ဖန်တီးထားတာပေါ့။ ဒီတစ်ပတ်မှာတော့ သမုဒ္ဒရာထဲမှာ အသက်ရှင်နေထိုင်ပြီး အလွန့်အလွန် ရှားပါးတဲ့ မျိုးစိတ်ရေသတ္တဝါသုံးမျိုးရဲ့အကြောင်းကို ကလေးတို့အတွက် မမက ပြောပြပေးချင်ပါတယ်။**




### ခေါင်းပေါ်မှာ မီးလုံးကြီးနဲ့ ပါးစပ်ပြဲတဲ့ငါး ဗိုင်ပါငါး (Viper Fish)

အဲဒီငါးတွေဟာ မမတို့၊ ကလေးတို့ လူသားတွေ လွယ်လွယ်ကူကူ ရောက်ဖို့မဖြစ်နိုင်တဲ့ သမုဒ္ဒရာကြမ်းပြင်နားမှာ နေထိုင်ကျက်စားခဲ့ကြတာပေါ့ကွယ်။ ရေအောက်မီတာ ၄၀၀၀ လောက်အနက်မှာ နေကြပြီး တခြားငါးတွေလို အလျားလိုက်မရွေ့လျားဘဲ အချိန်အတော်ကြာကြာ အထက်အောက် ရွေ့လျားသွားလာနေကြသတဲ့။ သူ့ပါးစပ်တွေက အခြားငါးတွေလိုမဟုတ်ဘဲ အကျယ်ကြီး ဟလို့ရသတဲ့။ သွားတွေကလည်း ချွန်ချွန်ထက်ထက်ကြီးတွေနဲ့ မျက်လုံးတွေ၊ ပါးစပ်တွေပါတဲ့ ငါးကြီးရဲ့အပေါ်ပိုင်းက အမြီးပိုင်းထက်ပိုပြီးတော့ သိသိသာသာလည်း ကြီးသတဲ့။ မျိုးစိတ်မျိုးကွဲပေါင်းကတော့ ကိုးမျိုးတောင်ရှိပြီး ကာတွန်းတွေထဲမှာ အများဆုံးတွေ့ကြရတဲ့ပုံစံကတော့ လိမ္မော်ရောင်ငါးကြီးဖြစ်ကာ မျက်လုံးကြီးကလည်း အစွမ်းကုန်ပြူးထားတယ်။ ပါးစပ်ကြီးဟလိုက်တာနဲ့ ကြောက်စရာကောင်းတဲ့ သွားချွန်ချွန်တွေကို အတိုင်းသားမြင်ရပြီး ကျောရိုးကနေ မီးတိုင်လေးလို အရာတစ်ခုထောင်နေကာ အပေါ်မှာ မီးလင်းတဲ့ ငါးကြီးအဖြစ်ပေါ့။ အမှန်တကယ်လည်း အပြင်မှာရှိတယ်နော်။ ကာတွန်းကားထဲကအတိုင်း သူ့ပုံစံက တော်တော်လေး ထူးခြားတယ်။ မီးလုံးကြီးနဲ့ ငါးပေါ့ ကလေးတို့ရယ်။ သူက မီးလုံးကိုလိုသလို အဖွင့်အပိတ် လုပ်နိုင်ပြီး သူ့အစာအဖြစ် သတ်မှတ်ထားတဲ့ ငါးလေးတွေကို မီးလုံးဖွင့်လိုက် ပိတ်လိုက်လုပ်ပြီး သူ့အနားကို လာအောင် ဆွဲဆောင်တာပေါ့။ အနားရောက်မှ ပါးစပ်ပြဲကြီးနဲ့ ဆတ်ခနဲ ဝါးစားပစ်လိုက်တာပေါ့ကွယ်။ သူ့ရဲ့ကိုယ်မှာ ထူးခြားတာက အလင်းထုတ်လုပ်တဲ့ အင်္ဂါအစိတ်အပိုင်းတွေ ပါပါတယ်။ ရှည်လျားတဲ့ အမြီးလည်း ပိုင်ဆိုင်ထားပါတယ်။ အခုအချိန်မှာတော့ အတော့်ကို ရှားပါးတဲ့ ရေသတ္တဝါအဖြစ် သတ်မှတ်ထားကြပါတယ်။ တစ်ခါတလေမှာတော့ ပင်လယ်ထဲမှာ ငါးဖမ်းတဲ့သူတွေနဲ့ လေ့လာတဲ့သူတွေဟာ ဗိုင်ပါငါးတွေကို ဖမ်းမိရတတ်ပါတယ်။ ဒါကလည်း နှစ်ပေါင်းများစွာမှ တစ်ခါတစ်ရံသာ မတော်တဆဖြစ်ပြီး မိလာခဲ့တာမျိုးပါ။ သူတို့ဟာ ရေအနက်ပိုင်းမှာနေတဲ့ သတ္တဝါတွေမို့ ဖမ်းမိပြီး တစ်ရက်တောင်မကြာပါဘူး သေသွားကြတာပေါ့။ သူတို့ရဲ့ အရေပြားအရောင်ကလည်း အတော်လေးလှတယ်လို့ လေ့လာတဲ့သူတွေက ပြောပြထားပါတယ်။ အပြာရောင်လေးတွေ၊ အစိမ်းရောင်လေးတွေနဲ့ ရွှေရောင်၊ လိမ္မော်ရောင် စတဲ့ အရောင်စုံရှိတတ်ပြီး တောက်ပလင်းလက်နေတာပဲတဲ့။ ကလေးတို့ရော အဲဒီငါးကို ကာတွန်းကားတွေမှာ မြင်ဖူးကြသလားဆိုတာ ကြည့်လိုက်ပါဦးနော်။



### မြွေနဂါးကြီးနဲ့တူတဲ့ ငါးမန်းကောင် (Frilled Shark)

သတ္တိရှိတဲ့ ကလေးလေးတွေကို ရေထဲမှာ ရန်ပြုတိုက်ခိုက်တတ်တဲ့ ကာတွန်းထဲက မြွေနဂါးကြီးပုံသဏ္ဌာန် ငါးမန်းမျိုးစိတ်တစ်ခုဟာ ပင်လယ်သမုဒ္ဒရာအောက် မီတာ ၁၅၀၀ လောက်မှာ နေကြသတဲ့။ ကာတွန်းရုပ်ရှင်ထဲမှာတော့ လူတွေကို ရန်ပြုတဲ့ မြွေနဂါးကြီးတွေအဖြစ် မြင်ရပေမယ့် အခုအချိန်မှာတော့ ရှားပါးရေသတ္တဝါအဖြစ် တော်တော်ကို အကောင်ရေ နည်းပါးသွားပြီ ကလေးတို့ရေ။ အဲဒီသတ္တဝါတွေဟာ အညိုရောင်ပြောင်ချောချောအရေပြားရှိပြီး ငါးရှဉ့်အကြီးစားနဲ့တောင် တူပါတယ်။ သူတို့ရဲ့သွားတွေမှာ အပ်တွေလို ချွန်ချွန်အစွန်းတွေပါပေမယ့် တိုလွန်းတာကြောင့် ရေဘဝဲလို ကျောရိုးမပါတဲ့ အကောင်တွေကို ပိုပြီး စားသုံးကြပါတယ်။ သူတို့ကို အသက်ရှင်လျက်နဲ့ တွေ့ဖူးတဲ့သူက လက်ချိုးပြီး ရေတွက်လို့တောင်ရသလို အသေကောင်တွေကိုပဲ လူသားတွေက မြင်ဖူးကြတာ ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်လောက်တုန်းက ဂျပန်တံငါသည်တစ်ဦးဟာ ရေပေါ်မှာ မျောနေတဲ့ နေမကောင်းတဲ့ မြွေနဂါးကြီးကို တွေ့ခဲ့ရတယ်။ အဲဒီရေသတ္တဝါဟာ လူကြီးတစ်ဦးရဲ့ အရပ်လောက် ရှည်ပါတယ်။ ကမ်းစပ်ကို ယူဆောင်လာခဲ့ပြီး သိပ်မကြာဘူး သူသေဆုံးသွားပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က ငါးပေနီးပါးရှည်တဲ့ မြွေနဂါးတစ်ကောင်ကို ဖမ်းမိခဲ့ပါတယ်။ ဒါပေမယ့် သူဟာလည်း ဖမ်းဆီးမိပြီး နာရီအနည်းငယ်ကြာတော့ သေသွားပါသတဲ့။ စိတ်ကူးယဉ်ပြီး ဇာတ်လမ်းဖန်တီးကြတဲ့ ဒါရိုက်တာတွေ၊ စာရေးသူတွေကတော့ မြွေနဂါးကြီးကို ကြောက်စရာကောင်းအောင် ဖန်တီးထားကြပေမယ့် တကယ်တော့ သူတို့ဟာ ရှားရှားပါးပါး ကျန်ရှိနေပြီး လူတွေကို ကြောက်ကြရှာတဲ့ သနားစရာ သတ္တဝါတွေပဲပေါ့ ကလေးတို့ရယ်။





### မှော်ဇာတ်လမ်းကားတွေထဲက ဖန်ဖား (Glass Frog)

စုန်းမကြီးတွေအကြောင်း ရှေးဟောင်းဇာတ်လမ်းမျိုးတွေကို ရုပ်ရှင်ရိုက်တဲ့အခါ ဖန်ဖားလေးတွေက မပါမဖြစ်ပေါ့။ တကယ်တမ်းတော့ သူတို့က အပြင်မှာမြင်ရဖို့ ခက်ခဲသွားပြီဖြစ်တဲ့ ရှားပါးသတ္တဝါလေးတွေ ဖြစ်ကြပါတယ်။ သနားစရာ အကြည်ရောင်နဲ့ အတွင်းကလီစာတွေကို အတိုင်းသားမြင်ရတဲ့ ဖန်ဖားလေးတွေဟာ မြစ်ချောင်းအင်းအိုင်တွေမှာ ဟိုးရှေးရှေးကတည်းက ရှိခဲ့ကြပါတယ်။ ရေတံခွန်နားက ကျောက်တုံးလေးတွေပေါ်မှာ ဥကလေးတွေ ဥတတ်ကြတဲ့ ဖန်ဖားလေးတွေဟာ သိပ်ကိုမေတ္တာတရားကြီးမားကြပါတယ်။ ဖန်ဖားအဖေကြီးဟာ သူ့ကလေးတွေ ဥကနေ ဖားလောင်းလေးတွေဖြစ်လာတဲ့အချိန်အထိ ရန်သူတွေမလာနိုင်အောင် စောင့်ရှောက်ပေးသလို ဖန်ဖားမေမေကြီးကလည်း ကလေးတွေ အာဟာရပြည့်ပြည့်နဲ့ ကြီးထွားနိုင်အောင် စောင့်ရှောက်သူဖြစ်ပါတယ်။ ကာတွန်းတွေထဲက ဖန်ဖားလေးတွေက တော်တော်လေးအရွယ်ကြီးပေမယ့် အပြင်မှာတကယ်ရှိတဲ့ ဖန်ဖားလေးတွေကတော့ အကြီးဆုံးက ကလေးတို့လက်ညှိုးကလေးတစ်ချောင်းစာလောက်ပဲ ရှည်ပါတယ်။ ဖန်ဖားတွေလို့ ခေါ်ရလောက်အောင် သူတို့အရေပြားက ကြည်လင်နေတော့ အတွင်းကို အတိုင်းသားမြင်နေကြရတာပေါ့။ သူတို့ကို အလှမွေးကြသူတွေကြောင့် ဖန်ဖားလေးတွေ ကမ္ဘာပေါ်မှာ နည်းပါးလာနေပြီး အခုဆိုရင် ကလေးတို့ရှာရင်တောင် တွေ့ဖို့ခက်နေပါပြီကွယ်။

ကလေးတို့ရေ ဒီတစ်ပတ်မှာ ကာတွန်းဇာတ်ကောင်သတ္တဝါလေးတွေရဲ့ တကယ့်ပကတိအခြေအနေမှန်ကို ပြောပြသလို နောက်တစ်ပတ်မှာရော ဘယ်လိုအကြောင်းအရာတွေကို ပြောပြမလဲဆိုတာသိရအောင် တနင်္ဂနွေနေ့ ရင်သွေးကမ္ဘာကဏ္ဍကို ဖတ်ရှုပေးကြဖို့ မမက မျှော်လင့်ရင်းနဲ့ ဗဟုသုတတွေများများ ရှာမှီးနိုင်ပါစေလို့။ ။

## လောကဝတ် (Etiquette)

မမမေ

# ဆိုဆုံးမသင်ပြသူကို ကလေးတို့ဘယ်လိုတုံ့ပြန်မလဲ


**မင်္ဂလာပါကလေးတို့ရေ။ အားလပ်တဲ့တနင်္ဂနွေနေ့လေးမှာ ကလေးတို့ ဘာတွေလုပ်ဖို့ စီစဉ်ထားကြသလဲ။ မမကတော့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဟောပြောပွဲတစ်ခုကို သွားဖို့ရှိပါတယ်။ အဲဒီလိုသွားဖို့ ပြင်ဆင်နေရင်းနဲ့ ကလေးတို့အတွက်လည်း လိမ္မာယဉ်ကျေးအောင်၊ သိနားလည်အောင် ဆုံးမပဲ့ပြင်ပေးသူတွေကို ဘယ်လိုတုံ့ပြန်မှုတွေ ပေးရမလဲဆိုတာကို သတိရသွားပြီး ပြောပြပေးမှာ ဖြစ်ပါတယ်။ ကလေးတို့ကို မေမေတို့၊ ဖေဖေတို့က ဘယ်လိုနေရမယ်၊ ဘယ်လိုပြောရမယ်ဆိုတာကို သင်ကြားပေးကြမှာပါပဲနော်။**

အဲဒီလိုပဲ ဆရာသမားတွေနဲ့ ဘိုးဘိုးဘွားဘွားတို့ကလည်း ကလေးတို့ကို နေနည်းထိုင်နည်းတွေအားလုံး သင်ပေးကြမှာပါ။ သူတို့က ကလေးတို့ကို စကားပြောဆိုဆုံးမတဲ့အခါ ဘယ်လိုပုံစံနဲ့ ပြန်ပြီးနားထောင်နေမလဲဆိုတာက အရေးကြီးပါတယ်။ သေသေချာချာနားထောင်တဲ့ကလေးတွေကို အားလုံးက ချစ်ခင်ပြီး ဆိုဆုံးမရလွယ်တဲ့ကလေးတွေအဖြစ် သတ်မှတ်ကြမှာပါ။ ပြောတဲ့အချိန်မှာ နားစိုက်မထောင်ဘဲ လုပ်ချင်ရာလုပ်တတ်တဲ့ ကလေးကိုတော့ အားလုံးက ချစ်ခင်ကြမှာမဟုတ်ပါဘူး။ အဲဒီအတွက် မမကိုယ့်ကို ကောင်းစေချင်တဲ့စေတနာနဲ့ အကြံပေးပြီး ဆိုဆုံးမသူတွေနဲ့ တွေ့တဲ့အခါ လိုက်နာရမယ့် အချက်တွေကို ပြောပြပေးမယ်နော်။


၁။ ဆိုဆုံးမသူကို မျက်နှာချင်းဆိုင်လို့ မျက်လုံးတွေကလည်း သူ့ကိုပဲကြည့်ပြီးနေပါ။
၂။ အာရုံစူးစိုက်ပြီး ဆိုဆုံးမတဲ့စကားကို နားထောင်ပါ။
၃။ ဆိုဆုံးမတဲ့စကားမဆုံးခင် သေသေချာချာ နားမလည်ဘဲ မကောင်းမြင်တာမျိုး မတွေးမမြင်ပါနဲ့။
၄။ စကားကို သေသေချာချာနားထောင်ပြီး သူဘာကို ပြောနေသလဲဆိုတာကို ပုံဖော်ကြည့်ပါ။
၅။ စကားဖြတ်မပြောမိပါစေနဲ့။
၆။ ကလေးတို့ပြန်ပြီးမေးလိုတဲ့ မရှင်းတဲ့အကြောင်းတွေကို မှတ်ထားပြီး သူပြောပြီးတဲ့အခါ အေးအေးသာသာ ပြန်မေးလို့ရပါတယ်။
၇။ ဆိုဆုံးမတဲ့သူက ပြောတာကို နားမလည်တဲ့အခါ နားမလည်တဲ့အကြောင်းကို ယဉ်ယဉ်ကျေးကျေး ရှင်းပြပါ။
၈။ စေတနာနဲ့ ကိုယ့်အပေါ် ပြောဆိုနေတဲ့သူ့ရဲ့ ခံစားချက်က ဘာလဲဆိုတာကို သိအောင်လုပ်ပါ။
၉။ ဆိုဆုံးမသူပြောတာကို ကလေးတို့လက်ခံနိုင်သလား ဆိုတာကို ပြန်ပြီးကလေးတို့ကိုယ်တိုင် စဉ်းစားပေးပါ။
၁၀။ ရိုင်းစိုင်းတဲ့အမူအရာတွေကို လုံးဝမပြမိအောင် သတိထားပါ။

အဲဒီ ၁၀ ချက်စလုံးကို ကလေးတို့ ကောင်းကောင်း လုပ်ချင်မှ လုပ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် အားမလျှော့ပါနဲ့နော်။ အချက်တစ်ခုစီတိုင်းကို ဖြည်းဖြည်းချင်း လေ့ကျင့်ယူပြီး အကျင့်ကောင်းကလေးတွေကို တည်ဆောက်နိုင်ကြပါစေလို့ မမက တိုက်တွန်းဆုတောင်းလိုက်ပါတယ်။ ။




HTOO
လောဘ ကြောင့်ပဲ သတ်သတ်... ဒေါသ ကြောင့်ပဲ သတ်သတ်.. မောဟ ကြောင့်ပဲ သတ်သတ်..
ဘာကြောင့် သတ်သတ်..သတ်တဲ့သူမှာ အပြစ်ရှိတယ်..ဥပဒေအရ ပြစ်ဒဏ် ကျခံရမှာ ကျိန်းသေတယ်..
ဟုတ်လား ဆရာ...
အဲဒီလို မှန်းသိရင် မသတ်ဖို့ တားပါ တယ်...
ဘယ်သူ့ကို တားမှာလဲ...
ကျွန်တော့်အဖေ ကိုလေ...
မင်းအဖေက ဘယ်သူ့ကို သတ်နေလို့ လဲဟ..
အဲ..ခုချိန်ထိ ခြေလွန်လက် လွန်မဖြစ်လောက်သေးဘူး လို့ ထင်တာပဲ...
ငါမေးနေတယ်..မင်းအဖေက ဘယ်သူ့ကိုသတ်နေတာမြင် လာခဲ့လို့လဲ..ပြောစမ်း..
အိမ်မှာ အဖေရယ် ကြက်နဲ့ ကိုသူကိုယ်တိုင် သတ်နေလို့ ဆရာရေ...
အယ်... များပါတယ်...


ဟက်ပီး ဘတ်ဒေး မေမေ...
ဟင်...သားက မေမေ့ကိုမွေးနေ့ လက်ဆောင်ပေးတယ်...ဟုတ် လား...
ဘာလေးပါလိမ့်... မှန်းစမ်း...
ဟာ...ချောကလက် ဘူးလေးပါလား...
ဟင်...
အထဲမှာ ချောကလက်တွေလည်း မပါပါလား သားရဲ့...
သားက ချောကလက်တအားကြိုက် တော့ တစ်ခုယူစားကြည့်လိုက်တာ စားကောင်းတော့ နောက်တစ်ခုယူ စားလိုက်၊ နောက်တစ်ခု ယူ စားလိုက်နဲ့ နောက်ဆုံး ဘူးခွံ ပဲ ကျန်တော့တာ မေမေရဲ့ အဟီး...



ကာတွန်း
အေးကွ..
ခြင်ပြေးအောင်..ဘာစ်ရွက် ခြောက်မီးရှို့ပြီး မှိုင်းတိုက် ပြန်ရင်လည်း..မီးအန္တရာယ် ကြောက်ရ..
ဟုတ်တယ် ညီပုရေ..
အေး..
ဟဲ..တစ်ခြံလုံး တော့ရှင်း သွားပြီကွ..
ဒါ..ဒါပေမယ့် ငါ့ထပ်ရှင်းရမှာ ကျန်သေးတယ် ဒီ..
ဟာ...







ကာတွန်း စမ်းချောင်းကိုကိုအောင်



# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) ဤပုဒ်မအရ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ဥပဒေနှင့် အညီ လွှဲပြောင်းရောက်ရှိသွားသော ပစ္စည်းတစ်ရပ်ရပ်အတွက် သင့်လျော်သည့် အစားထိုးပစ္စည်းကို လူမွဲကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားဖြစ်စေ ဝယ်ယူရာ၌ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သည့် ငွေကြေးမှ ပေးချေရမည်။ ယုံမှတ်အပ်နှံခြင်းခံရသူ၏ အပေါ်တွင် တင်ရှိနေသော ဤပုဒ်မခွဲအရ ပေးချေရန် တာဝန်သည် လူမွဲပိုင်ပစ္စည်းများကို ရထိုက်ခွင့်ရှိသူများထံသို့ ခွဲဝေပေးရာတွင် လုပ်ဆောင်ရန် တင်ရှိနေသော အခြားသောပေးရန် တာဝန်များအနက်မှ ဦးစားပေးတာဝန် ဖြစ်စေရမည်။

(ဃ) ဤပုဒ်မအလို့ငှာ ပစ္စည်းတစ်ခု၏ လိုအပ်ချက်များကို အခြားပစ္စည်းတစ်ခုက ကျိုးကြောင်းဆီလျော်စွာလုံလုံလောက်လောက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုရှိလျှင် ထိုပစ္စည်းသည် အခြားပစ္စည်းတစ်ရပ်အတွက် သင့်လျော်သော အစားထိုးပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

**ပုဒ်မ ၂၈၆ သို့မဟုတ် ၂၈၇ အရ အကြောင်းကြားစာပေးပို့ရမည့် ကာလ သတ်မှတ်ချက်**

၂၈၈။ (က) တရားရုံး၏ ခွင့်ပြုချက်အရမှတစ်ပါး အကြောင်းကြားစာကို အောက်ပါအခြေအနေများတွင် ပေးပို့ခြင်းမပြုရ–

(၁) ပုဒ်မ ၂၈၆ အရ ပစ္စည်းကို လူမွဲကလက်ရောက်ရယူ ပိုင်ဆိုင်ကြောင်း သို့မဟုတ် ဆက်ခံပိုင်ဆိုင်ကြောင်းကို ယုံမှတ်အပ်နှံခြင်းခံရသူက စတင်သိရှိသည့်နေ့မှစ၍ ၄၂ ရက် ကုန်ဆုံးသွားခြင်း၊

(၂) ပုဒ်မ ၂၈၇ အရ ထိုပစ္စည်းရှိကြောင်း ယုံမှတ်အပ်နှံခြင်း ခံရသူ စတင်သိရှိသည့် နေ့မှစ၍ ၄၂ ရက် ကုန်ဆုံးသွားခြင်း။

(ခ) ဤပုဒ်မပါပြဋ္ဌာန်းချက်များအလို့ငှာ –

(၁) ထိုပစ္စည်းရှိကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူမှ စတင်သိရှိသည်ဟုဆိုရာတွင် ပထမယုံမှတ်အပ်နှံခြင်း ခံရသူက သိရှိခဲ့သည့်အချိန်သည် ၎င်းကိုဆက်ခံသော ယုံမှတ်အပ်နှံခြင်းခံရသူက သိရှိသည့်အချိန်ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ပုဒ်မခွဲငယ် (၁) နှင့် မသက်ဆိုင်သောကိစ္စရပ်ဖြစ်ပါက၊ တစ်စုံတစ်ဦးမှ သိရှိခဲ့ခြင်းသည် ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ခန့်ထားခြင်းမခံရမီ သိရှိခဲ့ခြင်းဖြစ်လျှင် ၎င်းအား ခန့်ထားသည့်နေ့တွင်မှသာ သိရှိကြောင်းနှင့် တရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားခြင်းဖြစ်လျှင်ထိုသို့ ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ခန့်ထားသည့်အချိန်တွင်မှ သိရှိသည်ဟု မှတ်ယူရမည်။

**လူမွဲ၏ဝင်ငွေများမှ ကြွေးမြီများကို ပေးဆပ်စေရန်အမိန့်ချမှတ်ခြင်း**

၂၈၉။ (က) ဤပုဒ်မအရ တရားရုံးက အမိန့်ချမှတ်ရာတွင် ထိုအမိန့်အတည်ဖြစ်နေသည့် အချိန်ကာလအတွင်း လူမွဲ၏ဝင်ငွေများအနက်မှ တရားရုံးက သတ်မှတ်သောပမာဏကို လူမွဲပိုင်ပစ္စည်းစာရင်းတွင် ထည့်သွင်း၍ လူမွဲ၏ကြွေးမြီအတွက် ပေးဆပ်စေရန် ညွှန်ကြားနိုင်သည်။

(ခ) ထိုဝင်ငွေမှ ပေးဆောင်ရန်အမိန့်ကို လူမွဲဖြစ်မှုရပ်စဲခြင်း မရှိမီ ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရသာချမှတ်နိုင်သည်။

(ဂ) ထိုသို့အမိန့်ချမှတ်ရာတွင် လူမွဲနှင့် ၎င်းမိသားစု၏ စားဝတ်နေရေးအတွက် ကျိုးကြောင်း ဆီလျော်သည့် ငွေပမာဏထက် လျော့နည်းစေသည်အထိ ဝင်ငွေများမှ ပေးဆပ်စေသည့် အမိန့်ကို ချမှတ်ခြင်း မပြုရ။

(ဃ) ဤပုဒ်မအရ အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်–

(၁) ထိုအမိန့်တွင် သတ်မှတ်ထားသည့် ငွေပမာဏကို လူမွဲက ယုံမှတ်အပ်နှံခြင်း ခံရသူထံသို့ ပေးချေစေခြင်း၊

(၂) တစ်ဦးတစ်ယောက်က လူမွဲထံသို့ ပေးရန်ရှိသော ထိုငွေပမာဏကို လူမွဲထံသို့ ပေးချေခြင်းမပြုစေဘဲ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ တိုက်ရိုက်ပေးချေစေခြင်း။

(င) ဤပုဒ်မအရ အမိန့်ချမှတ်ရာတွင် တရားရုံးသည် လူမွဲ၏ဝင်ငွေအပေါ် တရားမကျင့်ထုံး ဥပဒေအရဝရမ်းကပ်ထားသော အမိန့်အား ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။

(စ) ဤပုဒ်မပါအမိန့်အရ ယုံမှတ်အပ်နှံခြင်းခံရသူက လက်ခံရရှိထားသောငွေပမာဏအား လူမွဲပိုင်စွည်းအဖြစ် မှတ်ယူရမည်။

(ဆ) ဤပုဒ်မအရချမှတ်သော ဝင်ငွေများမှ ပေးဆပ်စေသည့် တရားရုံးအမိန့်တွင် ထိုအမိန့်အတည်ဖြစ် အကျိုးသက်ရောက်မှုရှိရမည့်ကာလကို ထည့်သွင်းဖော်ပြ သတ်မှတ်ရမည်ဖြစ်ပြီး ထိုသက်တမ်းကာလသည် ထိုအမိန့်ချမှတ်သည့် နေ့မှ ၃ နှစ်ထက်ကျော်လွန်ခြင်း မရှိစေရ။

(ဇ) လူမွဲအား လူမွဲဖြစ်မှု ရပ်စဲခြင်းမပြုမီဖြစ်စေ၊ ရပ်စဲပြီးနောက်တွင်ဖြစ်စေ ယုံမှတ်အပ်နှံခြင်း ခံရသူ သို့မဟုတ် လူမွဲ၏လျှောက်ထားချက်အရ တရားရုံးသည် ဤပုဒ်မအရ ချမှတ်ခဲ့သောဝင်ငွေမှ ပေးဆပ်စေသည့်အမိန့်ကို ပြင်ဆင်ပြောင်းလဲနိုင်သည်။

(ဈ) ဤပုဒ်မအလို့ငှာ လူမွဲ၏ဝင်ငွေဟုဆိုရာတွင် စီးပွားရေးလုပ်ငန်းတစ်ရပ်လုပ်ကိုင်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ငွေပေးချေမှုတစ်ရပ်ရပ် သို့မဟုတ် ရာထူးတစ်ရပ် သို့မဟုတ် အလုပ်အကိုင်တစ်ရပ်နှင့် စပ်လျဉ်းသည့် ငွေပေးချေမှုတစ်ရပ်နှင့် ပင်စင် အစီအစဉ်တစ်ရပ်အရ ငွေပေးချေမှုတစ်ရပ်အပါအဝင် အခါအားလျော်စွာ လူမွဲက ရထိုက်ခွင့်ရှိသောဝင်ငွေသဘောသဘာဝရှိသည့် ငွေပေးချေမှု အားလုံးပါဝင်သည်။

**ဝင်ငွေမှ ပေးဆပ်စေရန် သဘောတူစာချုပ်**

၂၉၀။ (က) ဤပုဒ်မအရ ဝင်ငွေမှ ပေးဆပ်စေရန် သဘောတူစာချုပ်ဆိုသည်မှာ အောက်ပါကိစ္စရပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လူမွဲနှင့် ၎င်းယုံမှတ်အပ်နှံခြင်းခံရသူတို့အကြား သို့မဟုတ် လူမွဲနှင့်တရားဝင် ပစ္စည်းထိန်းတို့အကြား စာဖြင့်ရေးသားချုပ်ဆိုသည့် သဘောတူညီချက်ကို ဆိုသည်–

(၁) သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း လူမွဲမှရရှိလာသောဝင်ငွေများအနက်မှသတ်မှတ်ထားသောငွေပမာဏ သို့မဟုတ် အချိုးအစားတစ်ရပ်နှင့် ညီမျှသော ငွေပမာဏကို ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ပေးဆပ်ခြင်း၊

(၂) သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း လူမွဲထံသို့ တစ်စုံတစ်ဦးက ပေးဆပ်ရန်ရှိသော ငွေများအနက်မှ သတ်မှတ်ထားသော ငွေပမာဏ သို့မဟုတ် အချိုးအစား တစ်ရပ်နှင့် ညီမျှသော ငွေပမာဏကို ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ပေးဆပ်စေခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ သဘောတူညီချက်များအား ဝင်ငွေမှ ပေးဆပ်စေသည့် အမိန့်တစ်ရပ် ဖြစ်ဘိသကဲ့သို့ ဥပဒေနှင့်အညီအတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ သဘောတူစာချုပ် အတည်ဖြစ်နေသည့် ကာလအတွင်း တရားရုံးသည် လူမွဲ၏ဝင်ငွေအပေါ် တရားမကျင့်ထုံး ဥပဒေအရ ဝရမ်းကပ်ထားသောအမိန့်အား ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မ ၂၈၉ ပုဒ်မခွဲ ( စ ) နှင့် ( ဈ ) တို့ပါ ပြဋ္ဌာန်းချက်များသည် ဝင်ငွေမှပေးဆပ်စေသည့်အမိန့်အပေါ် အကျိုးသက်ရောက်သကဲ့သို့ ဝင်ငွေမှပေးဆပ်စေရန် သဘောတူစာချုပ်အပေါ်တွင်လည်း အကျိုးသက်ရောက်စေရမည်။

(င) ပုဒ်မခွဲ (က) ပါ သဘောတူစာချုပ်တွင် ထိုသဘောတူညီချက် အတည်ဖြစ် အကျိုးသက်ရောက်မှုရှိရမည့်ကာလကို ထည့်သွင်းဖော်ပြ သတ်မှတ်ရမည်ဖြစ်ပြီး ထိုသက်တမ်းကာလသည် ထိုသဘောတူ စာချုပ်ချုပ်ဆိုသည့်နေ့မှ ၃ နှစ်ထက် ကျော်လွန်ခြင်း မရှိစေရ။

(စ) ပုဒ်မခွဲ (က) ပါ သဘောတူစာချုပ်ကို အောက်ပါအခြေအနေတစ်ရပ်ရပ်အရ ပုဒ်မခွဲ (င) နှင့်အညီ ပြင်ဆင်ပြောင်းလဲနိုင်သည်–

(၁) သက်ဆိုင်သူများက စာဖြင့်ရေးသားထားသောသဘောတူညီချက်အရ ပြင်ဆင်ခြင်း ၊

(၂) လူမွဲ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်း၏ လျှောက်ထားချက်အရ တရားရုံးအမိန့်ဖြင့် ပြင်ဆင်ခြင်း။

(ဆ) ပုဒ်မခွဲ(စ) ပုဒ်မခွဲငယ် (၂) အရ ထိုသဘောတူစာချုပ်ကို ပြင်ဆင်ရာတွင် တရားရုံးသည်–

(၁) ဝင်ငွေမှပေးဆပ်စေရန်အမိန့်တွင် ထည့်သွင်းချမှတ်နိုင်ခြင်း မပြုနိုင်သည့် စည်းမျဉ်းသတ်မှတ်ချက်များကို ထည့်သွင်းရန် ပြင်ဆင်ခြင်းမပြုရ၊

(၂) သို့ရာတွင်ပုဒ်မ ၂၈၉ ပုဒ်မခွဲ (ဂ) အရအကျိုးသက်ရောက်မှုကို ရှောင်ရှားရန်အတွက် ပြင်ဆင်ရန် လိုအပ်သည်ဟု ထင်မြင်ယူဆသော အတိုင်းအတာအထိ ဝင်ငွေများပေးဆောင်ရန် သဘောတူစာချုပ်ကို ပြင်ဆင်ရန် ခွင့်ပြုနိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူက ကြပ်မတ်ခြင်း**

၂၉၁။ (က) ခန့်အပ်ခြင်းခံရသည်နှင့်တစ်ပြိုင်နက် ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲ၏ပစ္စည်းများ သို့မဟုတ် လုပ်ငန်းကိစ္စများ၊ ပိုင်ဆိုင်သောအရာများ သို့မဟုတ် ၎င်း၏ ကြပ်မတ်မှု သို့မဟုတ် ၎င်း၏ လက်ဝယ်တွင်ရှိသော အရာများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို လက်ရောက်ရယူရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူက ဤပုဒ်မအရ စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို လက်ရောက်ရယူခြင်းအပေါ် လူမွဲက အခွင့်အရေး တစ်စုံတစ်ရာ တောင်းဆိုခွင့် မရှိစေရ။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူက လူမွဲပိုင်ပစ္စည်းအား လက်ဝယ်ထားခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းပြုရာ၌ တရားရုံးမှ ခန့်အပ်သော ပစ္စည်းထိန်းတစ်ဦးကဲ့သို့ မှတ်ယူရမည့်အပြင် ထိုလက်ဝယ်ထားရှိခွင့် သို့မဟုတ် ထိန်းသိမ်းခွင့်ကို ရရှိစေရန် တရားရုံးက အတည်ပြုဆောင်ရွက်ပေးနိုင်သည်။

(ဃ) လူမွဲပိုင်ပစ္စည်း၌ ကုမ္ပဏီတစ်ခုရှိ စတော့ရှယ်ယာ သို့မဟုတ် ရှယ်ယာများဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု ရှယ်ယာများဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် ရုံး သို့မဟုတ် လူတစ်ဦး၏ စာအုပ်စာတမ်းများတွင်ရှိသည့် လွှဲပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ဖြစ်စေ ပါဝင်နေသည့်အခါ ယုံမှတ်အပ်နှံခြင်းခံရသူသည် မြီစားက လူမွဲအဖြစ် ခံယူခြင်းမပြုခဲ့လျှင် ၎င်းအနေဖြင့် ကျင့်သုံးဆောင်ရွက်နိုင်မည်ဖြစ်သော တူညီသည့်လုပ်ပိုင်ခွင့် အတိုင်းအတာအထိ ထိုပစ္စည်းအား လွှဲပြောင်းရန် အခွင့်အရေးကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(င) လူမွဲပိုင်ပစ္စည်း၏ အစိတ်အပိုင်းတစ်ရပ်တွင် ဥပဒေအရ အတည်ပြုဆောင်ရွက်နိုင်သော အခွင့်အရေးတစ်ရပ်ရပ် ပါဝင်နေလျှင် ယင်းတို့သည် ယုံမှတ်အပ်နှံခြင်း ခံရသူထံ ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားပြီဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ထိုသို့ ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဦးစားပေးခံရမှုကို ကာကွယ်ရန်အတွက် လွှဲပြောင်းရောက်ရှိမှုသည် လူမွဲကိုယ်တိုင်ထံမှ လွှဲပြောင်းရရှိသည့်ကိစ္စ၌ လိုအပ်သည့်အခါမှတစ်ပါး အကြောင်းကြားရန် လိုအပ်ခြင်း မရှိစေရ။

(စ) လူမွဲပိုင်ပစ္စည်းတွင် ပါဝင်နေသော ကုန်စည်တစ်ရပ်ကို တစ်စုံတစ်ဦးက အပေါင်ပစ္စည်း သို့မဟုတ် အခြားအာမခံပစ္စည်းအဖြစ် ကိုင်ဆောင်လက်ဝယ်ထားရှိပြီး ပုဒ်မ ၂၇၁ ပုဒ်မခွဲ (င) အရ ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်း ခံရသူက အကြောင်းကြားစာပေးပို့ခဲ့ခြင်းမရှိသည့် ကိစ္စတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုကုန်စည်နှင့်စပ်လျဉ်း၍ လူမွဲ၏ပြန်လည်ရွေးနုတ်ခွင့်ကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လွှဲပြောင်းပေးရန်တာဝန်**

၂၉၂။ (က) ယုံမှတ်အပ်နှံခြင်းခံရသူက လက်ရောက်ရယူရန် သတ်မှတ်ထားသည့် ပစ္စည်းများ၊ စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက လက်ဝယ်ရယူ ထိန်းသိမ်းထားလျှင် ထိုသူသည် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရမည် –

(၁) တရားဝင်ပစ္စည်းထိန်း၊

(၂) ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ်မှ ရပ်စဲခြင်းခံရသူ၊

(၃) ဤဥပဒေအပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားခြင်း မရှိသည့် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ရပ်ဖြစ်သည့် လူမွဲနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေး အကြံပေးအဖြစ် ဆောင်ရွက်နေသူ။

(ခ) ဘဏ်လုပ်ငန်းရှင်ဖြစ်စေ၊ လူမွဲအတွက်၎င်း၏ကိုယ်စား ပစ္စည်းတစ်ရပ်ရပ်ကို ကိုင်ဆောင်ထားသူ သို့မဟုတ် ၎င်း၏အေးဂျင့်သည် ၎င်း၏ လက်ဝယ် သို့မဟုတ် ၎င်းထိန်းသိမ်းမှု အောက်တွင်ရှိသော လူမွဲပိုင်ပစ္စည်း၏ အစိတ်အပိုင်းအဖြစ် ရှိနေသည့်အရာများနှင့် တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ လူမွဲ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူကို ဆန့်ကျင်၍ လက်ဝယ် ထားခွင့်မရှိသော ပစ္စည်းများအားလုံးကို ယုံမှတ်အပ်နှံခြင်း ခံရသူထံသို့ လက်ရောက် လွှဲပြောင်းပေးအပ်ရမည်။

(ဂ) မည်သူမဆို ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မပါ တာဝန်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ဤဥပဒေပါ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံး မထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

**လူမွဲ၏နေအိမ်အပေါ်တွင် ကြွေးမြီတာဝန် တင်ရှိခြင်း**

၂၉၃။ (က) လူမွဲ သို့မဟုတ် ၎င်း၏ လက်ရှိ အိမ်ထောင်ဖက် သို့မဟုတ် ၎င်း၏ ယခင်အိမ်ထောင်ဖက်တစ်ဦးဦးက လက်ရှိနေထိုင်လျက်ရှိသော နေအိမ်ဥပစာသည် လူမွဲပိုင်ပစ္စည်းတွင် ပါဝင်နေပြီး ထိုပစ္စည်းကို ယုံမှတ်အပ်နှံခြင်းခံရသူက လတ်တလော ထုခွဲရောင်းချခြင်း မပြုနိုင်သည့် အနေအထားတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုပစ္စည်းအပေါ်တွင် ကြွေးမြီ တာဝန်တင်ရှိကြောင်း အမိန့်ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားသဖြင့် တရားရုံးက ဤပုဒ်မအရ အမိန့်တစ်ရပ် ချမှတ်လျှင် ထိုကြွေးမြီတာဝန်မှရရှိမည့် အကျိုးအမြတ်သည် လူမွဲပိုင်ပစ္စည်းတွင် ပါဝင်စေရမည်ဖြစ်ပြီး ထိုပစ္စည်းထဲမှ တာဝန်တင်ရှိနေသည့် ကြွေးမြီပမာဏကို အခြားသောနည်းဖြင့် ပေးဆပ်နိုင်စွမ်းမရှိလျှင် ထိုအကျိုးအမြတ်ကို အခါအားလျော်စွာ အတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ ( ခ ) တွင်ပါရှိသော ပစ္စည်းပေါ်တွင် တာဝန်တင်ရှိနေသည့် ကြွေးမြီပမာဏဆိုသည်မှာ ထိုအမိန့်ချမှတ်သည့် နေ့ရက်တွင် ထိုပစ္စည်း၌ တင်ရှိနေသော ကြွေးမြီအဖြစ် ယင်းအမိန့်၌ ဖော်ပြပါရှိသော ကြွေးမြီပမာဏကို ဆိုလိုသည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူထံ တရားဝင် လွှဲပြောင်းရောက်ရှိကြောင်း ဤပုဒ်မအရ ချမှတ်သောအမိန့်တွင် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ တင်ရှိနေသည့် ကြွေးမြီတာဝန်နှင့် ယခင်က တင်ရှိနေသည့် ကြွေးမြီတာဝန်များကို ဖြေရှင်းဆောင်ရွက်ပြီးသည့်အခါ ထိုပစ္စည်းသည် ယုံမှတ်အပ်နှံခြင်းခံရသူက ထိန်းသိမ်းထားသော လူမွဲပိုင်ပစ္စည်းစာရင်းမှ ရပ်စဲပြီး လူမွဲထံသို့ တရားဝင် လွှဲပြောင်းပေးအပ်ကြောင်း ဖော်ပြရမည်။

**လက်ဝယ်ရယူရန် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိထားရန်အတွက် လျှောက်ထားခြင်းနှင့် နေအိမ်တန်ဖိုး လျော့နည်းနေခြင်း**

၂၉၄။ (က) လူမွဲဖြစ်မှု စတင်သည့်နေ့ရက်၌ လူမွဲ သို့မဟုတ် ၎င်း၏လက်ရှိ အိမ်ထောင်ဖက် သို့မဟုတ် ၎င်း၏ ယခင်အိမ်ထောင်ဖက် တစ်ဦးဦးက အဓိကအားဖြင့် တစ်ခုတည်းသောနေထိုင်ရာ နေအိမ်အဖြစ် နေထိုင်လျက်ရှိသော ဥပစာတစ်ခုတွင် ရှိသည့် အကျိုးခံစားခွင့်တစ်ရပ်သည် လူမွဲပိုင်ပစ္စည်းတွင် ပါဝင်နေပြီး ထိုပစ္စည်းကို ရောင်းချရန် သို့မဟုတ် လက်ရောက်ရရှိရန်အတွက် အမိန့်တစ်ရပ် ချမှတ်ပေးရန် သို့တည်းမဟုတ် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၉၃ အရ အမိန့်တစ်ရပ် ချမှတ်ပေးရန် ယုံမှတ်အပ်နှံခြင်းခံရသူက လျှောက်ထားသည့်အခါ ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) ထိုပစ္စည်း၌ လူမွဲပိုင် အကျိုးခံစားခွင့်တန်ဖိုးသည် ဤပုဒ်မအလို့ငှာ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်သော ပမာဏထက်လျော့နည်းနေလျှင် တရားရုံးသည် တင်သွင်းသော လျှောက်လွှာကို ပလပ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စု လွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှ အဆက်*

(ဈ) တူးမြောင်းနယ်အတွင်း စက်ရုံ၊ အလုပ်ရုံများမှ ဘေးထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း မရှိစေရေးနှင့် ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ခြင်း၊ သတ်မှတ်စံနှုန်းများအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးပြီး သတ်မှတ်စံနှုန်းများနှင့် ညီညွတ်မှုမရှိပါက လုပ်ငန်းလည်ပတ်ခြင်းကို ကန့်ကွက်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊

(ည) တူးမြောင်းနယ်အတွင်း ရေတိုက်စားကမ်းပြိုမှုများမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဋ) တူးမြောင်းအတွင်း နစ်မြုပ်ရေယာဉ်ကို သတ်မှတ်ပေးသည့် အချိန်အတွင်း အမြန်ဆယ်ယူ ဖယ်ရှားရေးအတွက် သက်ဆိုင်ရာ ရေယာဉ်ပိုင်ရှင်ထံအကြောင်းကြားခြင်း၊ သတ်မှတ်ပေးသည့် အချိန်အတွင်း ဆယ်ယူဖယ်ရှားရန် ပျက်ကွက်ပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆယ်ယူဖယ်ရှားခြင်းနှင့် လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ဌ) တူးမြောင်းအတွင်း ရေယာဉ်များ ဖြတ်သန်းသွားလာခြင်းကို အနှောင့်အယှက် အဟန့်အတား ဖြစ်စေသည့် ပြုလုပ်မှုတစ်ခုခုကို တားမြစ်ခြင်း၊ တားမြစ်ချက် ဖောက်ဖျက်သူကို အရေးယူခြင်းနှင့် ထိုအနှောင့်အယှက် အဟန့်အတားများကို စိစစ်ဖယ်ရှားခြင်း၊ ထိုသို့ ဖယ်ရှားရာ၌ ကုန်ကျစရိတ်များကို တောင်းခံခြင်း၊

(ဍ) တူးမြောင်းအတွင်း ရေကြောင်းသွားလာမှုကို အနှောင့်အယှက်၊ အတားအဆီးသို့မဟုတ်ဘေးအန္တရာယ်ဖြစ်စေသည့် ငါးဖမ်းခြင်းနှင့် ငါးဖမ်းတိုင်၊ ငါးဖမ်းပိုက်၊ ဝါးတန်း၊ မျော သို့မဟုတ် ပစ္စည်းကိရိယာတစ်စုံတစ်ရာကို ချထားခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် မျောထားခြင်းကို တားမြစ်ခြင်း သို့မဟုတ် အမြန်ဖယ်ရှားခြင်း၊

(ဎ) သတ်မှတ်ထားသော ကုန်စည်နှင့် ရေယာဉ် လုံးပေါင်း တန်ချိန်၊ အလျား၊ အနံနှင့် ရေစူး ထက်ပိုသောရေယာဉ်၊ နိုင်ငံခြားရေယာဉ်နှင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများ တင်ဆောင်ထားသော ရေယာဉ်များကို တူးမြောင်းအတွင်း ရေကြောင်းပြ Pilotage Service (သို့မဟုတ်) ရေကြောင်းပြရေယာဉ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖြတ်သန်းသွားလာရန် ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(ဏ) ဝန်ကြီးဌာနက ပေးအပ်သော အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဦးစီးဌာနသည် တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသော ရေယာဉ်များနှင့် စပ်လျဉ်း၍ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရေယာဉ်ဦးစီးကို သတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာ တူးမြောင်းအရာရှိနှင့် ရေကြောင်းကြီးကြပ်ရေးမှူးတို့ကို တာဝန်ပေးအပ်နိုင်သည်။

၇။ သက်ဆိုင်ရာတူးမြောင်းအရာရှိနှင့် ရေကြောင်းကြီးကြပ်ရေးမှူးတို့သည် ပုဒ်မ ၆ အရ ရေယာဉ် ဦးစီး တစ်ဦးဦးအား အရေးယူရန် ဆောင်ရွက်ရာတွင် ယင်းရေယာဉ်ဦးစီး၏ ကျွမ်းကျင်မှုလက်မှတ်မူရင်းနှင့် ရေယာဉ်မှတ်ပုံတင်လက်မှတ်မူရင်းတို့ကို သက်သေနှစ်ဦး၏ ရှေ့မှောက်တွင် သိမ်းဆည်းပြီး သိမ်းဆည်း ကြောင်း မိတ္တူကို ရေယာဉ်ဦးစီးအား ထုတ်ပေးထားရမည်။

၈။ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တူးမြောင်းနယ်အတွင်း အောက်ပါကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ဦးစီးဌာန၏ ခွင့်ပြုချက်ကို သတ်မှတ်ချက်များနှင့်အညီတောင်းခံရမည်–

(က) မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း သို့မဟုတ် တုတ်ရိုက်ခြင်း၊

(ခ) လယ်ယာ သို့မဟုတ် ဥယျာဉ်ခြံမြေ သီးနှံစိုက်ပျိုးခြင်း၊

(ဂ) တူးမြောင်းမှ ရေကို သွယ်ယူအသုံးပြုခြင်း၊

(ဃ) ကမ်းပါးနယ်တွင် လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်နှင့် အခြားလေးလံသော ပစ္စည်းကိရိယာများကို စုပုံခြင်း သို့မဟုတ် ချထားခြင်း၊

(င) တူးမြောင်းနယ်အတွင်း မြေငှားရမ်း၍ လုပ်ငန်းဆောင်ရွက်ခြင်း၊

(စ) တူးမြောင်းအတွင်းသို့ ရေဆိုးနှင့် အခြားအရာဝတ္ထုအရည်များ စွန့်ပစ်ခြင်း။

၉။ ဦးစီးဌာနသည် ပုဒ်မ ၈ အရ ခွင့်ပြုချက်တောင်းခံခြင်းအပေါ် တူးမြောင်းရေရှည်တည်တံ့ခိုင်မြဲ ရေးကိုစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၀။ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တူးမြောင်းနယ်အတွင်း အောက်ပါကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက သတ်မှတ်ချက်နှင့်အညီ သဘောထားမှတ်ချက်ကို တောင်းခံရမည် –

(က) အဆောက်အအုံဆောက်လုပ်ခြင်း၊

(ခ) စီးပွားရေးအလို့ငှာ ငါးကန်တူးဖော်ခြင်း သို့မဟုတ် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊

(ဂ) စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်း။

၁၁။ ဦးစီးဌာနသည် ပုဒ်မ ၁၀ အရ သဘောထားမှတ်ချက်တောင်းခံခြင်းအပေါ် တူးမြောင်းရေရှည် တည်တံ့ခိုင်မြဲရေးကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၅)
## တူးမြောင်းအရာရှိ၏ တာဝန်များ

၁၂။ တူးမြောင်းအရာရှိ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) တူးမြောင်းနှင့်တူးမြောင်းနယ်ရေရှည်တည်တံ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) အကောက်စခန်းများမှ ရေယာဉ်ဖြတ်သန်းခများ လျှာထားချက်အတိုင်း ပြည့်မီစွာ ကောက်ခံနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဂ) တူးမြောင်းအတွင်း ဖြတ်သန်းသည့် ရေယာဉ်များ ဖြတ်သန်းခ ပေးဆောင်ခြင်းကို စစ်ဆေးခြင်း၊

(ဃ) တူးမြောင်းအတွင်း ရေယာဉ်များ ရေကြောင်းသွားလာမှု လုံခြုံစေရန် တာဝန်ခံကြီးကြပ်ကွပ်ကဲခြင်း၊ ဥပဒေဖောက်ဖျက်ကျူးလွန်မှုများအား အရေးယူဆောင်ရွက်ခြင်း၊

(င) တူးမြောင်းအတွင်း ရေယာဉ်မတော်တဆမှုနှင့် ထူးခြားဖြစ်စဉ် ပေါ်ပေါက်ပါက အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့ဆောင်ရွက်ခြင်း၊

(စ) တူးမြောင်းနှင့် တူးမြောင်းနယ်ပေါ်တွင် စီးပွားရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ စစ်ဆေးကြပ်မတ်ခြင်း။

## အခန်း (၆)
## ရေကြောင်းကြီးကြပ်ရေးမှူး၏ တာဝန်များ

၁၃။ ရေကြောင်းကြီးကြပ်ရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) တူးမြောင်းအတွင်း ရေကြောင်းသွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ကြပ်မတ် ဆောင်ရွက်ခြင်း၊

(ခ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာမည့် ရေယာဉ်သည် ကြံ့ခိုင်မှုနှင့် စက်စွမ်းအား လုံလောက်မှုမရှိကြောင်း သံသယရှိလျှင်ဖြစ်စေ၊ သတ်မှတ်ထားသည့် ကျွမ်းကျင်သူရေယာဉ်ဦးစီး မပါလျှင်ဖြစ်စေ ယင်းရေယာဉ်ကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့်မပြုဘဲ တားမြစ်ခြင်း၊

(ဂ) ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းများကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာသယ်ဆောင်ခြင်းမရှိသည့် ရေယာဉ်များကို တူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့် မပြုခြင်း၊

(ဃ) တူးမြောင်းအတွင်း ရေယာဉ်မတော်တဆမှုဖြစ်ပါက အလျင်အမြန်သွားရောက်စစ်ဆေး၍ အခြားရေယာဉ်များအား အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ခြင်း ။

## အခန်း (၇)
## အကောက်စခန်းမှူး၏ တာဝန်များ

၁၄။ အကောက်စခန်းမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဖြတ်သန်းခများ ကောက်ခံရာတွင် သက်ဆိုင်ရာ ဦးစီးဌာနက စစ်ဆေးထုတ်ပေးထားသော ရေယာဉ်မှတ်ပုံတင် လက်မှတ်နှင့် ရေယာဉ်ဆိုင်ရာ အခြားအထောက်အထား စာတမ်း အမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊

(ခ) တူးမြောင်းအတွင်းဖြတ်သန်းသွားလာသော ရေယာဉ်အတိုင်းအတာနှင့် စပ်လျဉ်း၍ ရေယာဉ်မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်နှင့် ကွဲလွဲသည်ဟု သံသယရှိပါက ထိုရေယာဉ်ကို ချက်ချင်းတိုင်းတာ၍ တွက်ချက်ပြီး ဖြတ်သန်းခ ကောက်ခံခြင်း၊

(ဂ) ဖြတ်သန်းခ မပေးဆောင်ဘဲ တူးမြောင်းအတွင်း ဖြတ်သန်းလျှင်ဖြစ်စေ၊ စစ်ဆေးသည့်အခါ ဖြတ်သန်းခ ပေးပြီးကြောင်း အထောက်အထား မပြနိုင်လျှင်ဖြစ်စေ အနီးဆုံး အကောက်စခန်းက ဖြတ်သန်းခကောက်ခံပြီးမှ ဖြတ်သန်းသွားလာခွင့်ပြုခြင်း၊

(ဃ) ဖြတ်သန်းခကို လပေးစနစ်ဖြင့် ပေးဆောင်ခွင့်ပြုရန် လျှောက်ထားတောင်းဆိုပါက စိစစ်၍ ခွင့်ပြုခြင်း၊

(င) ဝန်ကြီးဌာန၏ ကင်းလွတ်ခွင့်ရရှိထားသော ရေယာဉ်များမှအပ ကျန်ရေယာဉ်အားလုံးကို ဖြတ်သန်းခကောက်ခံခြင်း၊

(စ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့် ရေယာဉ်များ၏ ဖြတ်သန်းချိန်၊ ခရီးစဉ်၊ ကုန်ပစ္စည်းတန်ချိန်၊ အရေအတွက် အပါအဝင် ရေယာဉ်ဆိုင်ရာ အချက်အလက်များကို စာရင်းပြုစု မှတ်တမ်းတင်ထိန်းသိမ်းထားရှိခြင်း၊

(ဆ) ဖြတ်သန်းခများ ကောက်ခံရာတွင် ရေယာဉ်မှတ်ပုံတင်လက်မှတ်ပါ တန်ချိန်နှင့် ပုံသေနည်းအရ တွက်ချက်တန်ချိန်တို့ ကွဲလွဲနေပါက များရာတန်ချိန်ဖြင့် ကောက်ခံခြင်း။

## အခန်း (၈)
## ရေယာဉ်ဦးစီး၏ တာဝန်များ

၁၅။ ရေယာဉ်ဦးစီးသည် –

(က) ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးမြောင်းအတွင်းသို့ ရေယာဉ်ဖြတ်သန်းသွားလာသည့်အခါ ဖြတ်သန်းခကို သက်ဆိုင်ရာ အကောက်စခန်းသို့ ပေးဆောင်ရမည်။

(ဂ) သက်ဆိုင်ရာအကောက်စခန်း၌ဖြတ်သန်းခပေးဆောင်နေစဉ် ရေယာဉ်ကို ရပ်တန့်ထားရမည်။ ထုတ်ပေးထားသော ဖြတ်သန်းခ ပြေစာလက်ခံရရှိမှသာ ရေယာဉ်ကို ဆက်လက်ထွက်ခွာရမည်။

(ဃ) တူးမြောင်းအရာရှိက စစ်ဆေးလျှင် ဖြတ်သန်းခ ပြေစာကို ပြသရမည်။

(င) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာနေစဉ် ထူးခြားဖြစ်စဉ် ဖြစ်ပေါ်ပါက နီးရာအကောက်စခန်းသို့ ချက်ချင်းသတင်းပို့ရမည်။

(စ) တူးမြောင်းအတွင်း ဖြတ်သန်းသွားလာသည့်အခါ သက်ဆိုင်ရာ အကောက်စခန်းမှူး၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## တားမြစ်ချက်များ

၁၆။ မည်သူမျှ ဝန်ကြီးဌာန၏ ခွင့်ပြုချက် မရှိဘဲ–

(က) တူးမြောင်းမြေကို အသုံးပြုခြင်း၊ တူးဖော် ဖောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ခြင်းမပြုရ၊

(ခ) တူးမြောင်းအတွင်း ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ သယ်ဆောင်သွားလာခြင်း မပြုရ။

၁၇။ မည်သူမျှ တူးမြောင်းနယ်အတွင်း –

(က) ရေလမ်းထိန်း အဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ၊

(ခ) ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ အသုံးပြုခြင်း၊ စွန့်ပစ်ခြင်း မပြုရ၊

(ဂ) မြေပေါ်မြေအောက်ရှိ ရေသယံဇာတများနှင့် တူးမြောင်းအတွင်းသို့ စီးဝင်ရာ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ၊

(ဃ) မြေငှားရမ်းသုံးစွဲခွင့် တောင်းခံခြင်း မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(င) ရေဆိုးနှင့် အခြားအရာဝတ္ထုအရည်များ စွန့်ပစ်ခြင်းမပြုရ၊

(စ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း၊ တုတ်ရိုက်ခြင်းမပြုရ၊

(ဆ) လယ်ယာ သို့မဟုတ် ဥယျာဉ်ခြံမြေသီးနှံ စိုက်ပျိုးခြင်း မပြုရ၊

(ဇ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းမှရေကိုသွယ်ယူ အသုံးပြုခြင်း မပြုရ၊

(ဈ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တူးမြောင်းကမ်းပါးနယ်တွင် လမ်းခင်းကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်နှင့် အခြားလေးလံသော ပစ္စည်းကိရိယာများကို စုပုံခြင်း သို့မဟုတ် ချထားခြင်း မပြုရ၊

(ည) ဦးစီးဌာန၏ သဘောထားမှတ်ချက် တောင်းခံခြင်းမရှိဘဲ အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရ၊

(ဋ) ဦးစီးဌာန၏ သဘောထားမှတ်ချက် တောင်းခံခြင်းမရှိဘဲ စီးပွားရေးအလို့ငှာ ငါးကန်တူးဖော်ခြင်း၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ခြင်း မပြုရ၊

(ဌ) ဦးစီးဌာန၏ သဘောထားမှတ်ချက် တောင်းခံခြင်းမရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း၊ သယံဇာတထုတ်ယူခြင်း မပြုရ၊

(ဍ) ကမ်းပါးနယ်တွင် အိမ်သာများ ဆောက်လုပ်ခြင်း သို့မဟုတ် မိလ္လာအညစ်အကြေးစွန့်ပစ်ခြင်း မပြုရ၊

(ဎ) တူးမြောင်းကမ်းပါးများ တည်ငြိမ်မှုကို အထောက်အကူပြုသော ကမ်းပါးနယ်ရှိ လမုတော၊ ဒီရေတောများ အပါအဝင် မည်သည့် အပင်ကိုမျှဖျက်ဆီးခြင်း၊ ရှင်းလင်းခြင်းမပြုရ။

၁၈။ မည်သူမျှ တူးမြောင်းအတွင်း –

(က) ရေယာဉ်များ ကျောက်ချရပ်နားခြင်း မပြုရန် တားမြစ်ထားသည့် နေရာတွင် ရေယာဉ်ကို ကျောက်ချရပ်နားခြင်း၊ ရပ်တန့်ခြင်း သို့မဟုတ် ဆိုက်ကပ်ခြင်း မပြုရ၊

(ခ) ရေစုန်တွင် တစ်နာရီ ရေမိုင် ၁၂ မိုင်နှုန်းနှင့် ရေဆန်တွင် တစ်နာရီ ရေမိုင် ၈ မိုင်နှုန်းထက် ပို၍ မောင်းနှင်သွားလာခြင်း မပြုရ၊

(ဂ) ကမ်းပြိုလျက်ရှိသည့် နေရာများနှင့် လုပ်ငန်းလိုအပ်ချက်အရလိုအပ်သောနေရာများတွင် သီးခြားသတ်မှတ်ထားသော ရေမိုင်နှုန်းထက်ကျော်လွန်၍ မောင်းနှင်ခြင်းမပြုရ၊

*(ဆက်လက်ဖော်ပြပါမည်)*

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၂၀ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၈-၃-၂၀၂၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁-၆-၂၀၂၀ ရက်နေ့မှ ၁၂-၆-၂၀၂၀ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၄၄၀၀ဝိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၅၀၀၀ဝိ/- ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၂၀၄၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ဝိ/- နှုန်းဖြင့် ၁၀၀၀ဝိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# မုဒုံမြို့နယ်အသင်း (ရန်ကုန်)

## (၁၆)ကြိမ်မြောက်၊ ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၂၀ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ဆရာတော်(၆)ပါး ဖြစ်သည့်-

၁။ ဆရာတော်ဘဒ္ဒန္တမေတ္တေယျ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝိဇ္ဇောတာရုံစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဂျုံးဂျုံးကျောတောရစာသင်တိုက်၊ မြို့မ (၄) ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၃။ ဆရာတော် ဘဒ္ဒန္တမင်္ဂလာဘိဝံသ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အာသောကာရာမမွန်စာသင်တိုက်၊ မြို့မ(၃)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၄။ ဆရာတော် ဘဒ္ဒန္တပညာနန္ဒ၊ ဂန္ထဝါစကပဏ္ဍိတ၊ သာသနဝေပုလ္လာရာမကျောင်းတိုက်၊ ကော့ခပုံစံပြကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၅။ ဆရာတော် ဘဒ္ဒန္တဥပါလိ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဝေပုလ္လာရာမကျောင်းတိုက်၊ ကော့ခပုံစံပြကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၆။ ဆရာတော်ဘဒ္ဒန္တကေတုဝါရ၊ သဒ္ဓမ္မဇောတိကဓဇ၊ ယာဝဘောဇနကျောင်းတိုက်၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်တို့အား ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး-

(၁) ဒေါ်နန္ဒာလှိုင်၊ သီရိသုဓမ္မသိင်္ဂီဘွဲ့
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၂) ဒေါ်ဝင်းမြင့်မိုး၊ သုဓမ္မသိင်္ဂီဘွဲ့
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တို့အား ဂုဏ်ပြုပွဲအခမ်းအနားကို တစ်ဆက်တည်းကျင်းပမည်ဖြစ်ပါ၍-

မုဒုံမြို့နယ်အသင်း(ရန်ကုန်)အသင်းသူ/အသင်းသားများနှင့် ဆရာတော်ကြီးများ၏ တပည့်ဒါယကာ၊ ဒါယိကာမများ စုံစုံညီညီကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** ။ ၁၅-၃-၂၀၂၀ ရက် (တနင်္ဂနွေနေ့)
၁၃၈၁ ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်

**ကျင်းပမည့်အချိန်** ။ နံနက် ၉:၀၀ နာရီ

**ကျင်းပမည့်နေရာ** ။ ဝိဇ္ဇောတာရုံစာသင်တိုက်၊ မြစ်ပါယ်လမ်း၊ အမှတ် (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**မှတ်ချက်** ။ တစ်ဦးချင်းသီးခြားဖိတ်စာမပို့ပါ။ ကြိုတင်လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
ဦးအေးကျော် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၆၁၉၇၀၇၅၉၊ ဦးတင်ကြိုင် (အတွင်းရေးမှူး) ဖုန်း-၀၉-၄၂၀၀၆၃၇၄၇၊ ဦးသန်းစိုး (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၄၅၂၀၀၊ ဒေါ်ခင်လှသန်း (အမှုဆောင်) ဖုန်း-၀၁-၆၅၃၃၀၆၊ ဒေါ်ထွေးကြည် (အမှုဆောင်) ဖုန်း-၀၉-၂၅၄၃၀၉၈၃၈

**အလုပ်အမှုဆောင်အဖွဲ့**
**မုဒုံမြို့နယ်အသင်း (ရန်ကုန်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (၈+၁၅ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ် (၂၄/က)၊ ဧရိယာ ၀ ဒသမ ၁၀၁ ဧကရှိ မြေအား ဒေါ်ခင်ဝင်း ၁၃/တကန(နိုင်)၀၄၅၀၅၂ မှ မြို့မြေခွန်ပြေစာ၊ (၁၀၅)(၁၀၆)ပုံစံတို့ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း (၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၂၃၆၅/၃၂+၂၃၆၅/၃၃)၊ ဧရိယာ ၀ ဒသမ ၁၃၄ ဧကရှိမြေအား မြေဂရန်အမှုတွဲအမှတ် ၂၄-၅/၂၀၁၃-၂၀၁၄ ဖြင့် ဒေါ်ဝင်းဝင်းဌေး အမည်ပေါက်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးထွန်းလင်းထံမှ ၁၀-၂-၂၀၂၀ ရက်တွင် အိမ်မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ် (၅၃၁/၂၀၂၀) ဖြင့် ဒေါ်နန်းအေးလိတ် ၁၃/မဆတ(နိုင်)၀၄၃၀၉၇ က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ အမည်ပြောင်း လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း (၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းအများသိစရေန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ် ၇၄၊ ဦးပိုင်အမှတ် ၁၃၆၊ မြေဧရိယာ ၀ဒသမ၂၃၀ဧကရှိ မြေကွက်အား ဒုမှူးကြီးဖုန်းမြတ်အမည်ဖြင့် ၂၆-၁-၂၀၀၇ ရက်တွင် မြို့မြေနရာချထားရေးကော်မတီမှ ချပေးထားသော မြေကွက်ဖြစ်ပြီး၊ ၁၈-၄-၂၀၁၂ရက်တွင် ဒုမှူးကြီးဖုန်းမြတ်ထံမှ ဒေါ်မာတောမ်က နှစ်ဦးသဘောတူအိမ်ရာမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဒေါ်မာတောမ် ၁၃/ကခန(နိုင်)၀၂၇၈၀၈ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၁၉-၁၁-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၈၅၇/၂၀၁၉ကို ၂၂-၁၁-၂၀၁၉ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၇၁၈/၂၀၁၉ ပြုဆိုတင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါနေရာများတွင် မြေဂရန်(အသစ်၊ အမည်ပြောင်း၊သက်တမ်းတိုး၊ စက်မှုစီးပွား) လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဒေါ်ဝင်းသိင်္ဂီ | ၁၀-A၊ ရွာသစ်အနောက် | ၂၈ | ၀.၀၇၂ | အမည်ပြောင်း သက်တမ်းတိုး |
| ၂။ | ဒေါ်ခင်ဌေးလတ် | ၁၃၊ ရန်အောင်တောင် | ၂၆ | ၀.၀၉၄ | သက်တမ်းတိုး |
| ၃။ | ဒေါ်မြမြ + ဒေါ်မေသူထွန်း | ၁၆၄၇-အလယ်ရပ် | ၂၄ | ၀.၀၅၅ | အသစ် |
| ၄။ | ဦးနော်အောင် | ၁၆၁၁/ခ-၁၊ကန်ပြား(န) | ၁၀၁ | ၂.၄၄ | စက်မှု/စီးပွား |
| ၅။ | ဒေါ်မြင့်မြင့်ခင် | ၁၆၁၁/ဂ၊ကန်ပြား(ရမ) | ၆၇/၂-က | ၂.၇၅ | စက်မှု/စီးပွား |
| ၆။ | ဒေါ်မြင့်မြင့်ခင် | ၁၆၁၁/ဂ၊ကန်ပြား(ရမ) | ၆၇/၂-ခ | ၂.၆၁ | စက်မှု /စီးပွား |

### MANDA FERMENTATION CO.,LTD.(MYANMAR BRANCH)
### မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရကုမ္ပဏီဖျက်သိမ်းကြောင်းကို အများပြည်သူများသိစေရန်ကြော်ငြာခြင်း

MANDA FERMENTATION CO.,LTD.(MYANMAR BRANCH) သည် ဒါရိုက်တာအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆန္ဒအလျောက် မြန်မာပြည်ကုမ္ပဏီရုံးခွဲကို ဖျက်သိမ်းမည်ဖြစ်ကြောင်းနှင့် စာရင်းရှင်းလင်းရေးအရာရှိမှ ပေးရန်ယူရန် ငွေကြေးကိစ္စများ၊ ကုမ္ပဏီဖျက်သိမ်းရေးနှင့်သက်ဆိုင်သော လုပ်ဆောင်ရမည့်ကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချို** **MR.MATSUURA TOSHIHARU**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** **Authorised Officer**
**MANDA FERMENTATION**
**CO.,LTD.**
**(MYANMAR BRANCH)**

### ဦးဝဏ္ဏကျော်ထင် ၈/မသန(နိုင်)၀၆၃၇၃၅ နှင့် သက်ဆိုင်ရာဆွေမျိုးသားချင်း မိတ်ဆွေများသိစေရန် ကြေညာခြင်း

ဦးဝင်းဗိုလ် ၈/မကန(နိုင်)၀၆၁၇၁၂ အမှတ်(ခ)/၂၂၅၊ (၁၇)လမ်း၊ ရွာသစ်ပွဲကြိုရပ်၊မကွေးမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝဏ္ဏကျော်ထင် ၈/မသန(နိုင်)၀၆၃၇၃၅ နှင့် သက်ဆိုင်ရာဆွေမျိုးသားချင်း မိတ်ဆွေများသိစေရန် ကြေညာအပ်ပါသည်။

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊မကွေးမြို့၊ မကွေးတိုင်း အားကစားကွင်းအနောက်ဘက်ခြမ်း၊ အဝေရာလမ်းပေါ်ရှိ ဆိုင်ခန်းအမှတ်(၃၉)၊(၄၀) (C2-C3) ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သည့် ဆိုင်ခန်းများအား လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် နှစ်ရှည်ဆိုင်ခန်းငှားရမ်းရန်အတွက် သဘောတူညီကြကာ ၂၃-၃-၂၀၁၇ ရက်မှစ၍ သဘောတူစာချုပ်ချုပ်ဆိုကြပြီး လူကြီးမင်းအား ငှားရမ်းခဲ့ပါသည်။ ထိုသို့ငှားရမ်းခြင်းသဘောတူညီပြီး ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သည့် ဆိုင်ခန်းအမှတ်(၃၈)၊ (၃၉)တွင် လူကြီးမင်းမှငှားရမ်း၍ ဆိုင်ခန်းဖွင့်လှစ်ရောင်းချခဲ့သော်လည်း ယခုအခါ လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေထံမှ ငှားရမ်းထားသည့် ဆိုင်ခန်းငှားရမ်းခများ မပေးသည့်အပြင် အဆိုပါဆိုင်ခန်းတွင် လူကြီးမင်းသည် လူကြီးမင်း၏ပစ္စည်းများ ထားရှိခဲ့၍ ဆိုင်ခန်းအား ဖွင့်လှစ်ခြင်းမရှိ ပိတ်ထားသည်ကိုတွေ့ရှိရပါသည်။

ထို့ကြောင့် ဤကြေညာချက်ပါသည့်ရက်စ၍ ၁၅ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားသိစေအပ်ပါသည်။ လူကြီးမင်းမှ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ၏ ဆိုင်ခန်းအတွင်းမှ လူ ကြီးမင်းပိုင် ပစ္စည်းများအား ဖယ်ရှားရှင်းလင်းမည်ဖြစ်ပြီး အဆိုပါပစ္စည်းများနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်မှူးကို(LL.B)** | **ဒေါ်ဇင်မာဝင်း(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၉၁၆၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၂၁)** |
| **အမှတ်(၂၇၃/၂၇၄)၊(၁၄)လမ်း၊** | **အမှတ်(၆၁၄)၊(၅)လမ်း၊** |
| **ရန်ကျော်ရပ်၊မကွေးမြို့** | **အောင်မေတ္တာ(ဃ)ရပ်၊မကွေးမြို့** |
| **ဖုန်း-၀၉-၄၅၀၀၅၂၇၄၈** | **ဖုန်း-၀၉-၄၃၁၂၆၈၆၆** |

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ သိပိတ္တန်းရပ် အရှေ့အနောက်(၂၉'x၂၄')၊ တောင်မြောက် (၄၉') အကျယ်အဝန်းရှိ မြေကွက်အား ပိုင်ဆိုင်သူ ဒေါ်သန်းနု(ဘ)ဦးလှမောင် ၉/အမရ(နိုင်)၀၆၅၆၈၉ မှ ၎င်းပိုင်ဆိုင်ကြောင်း မြွက်ဟကာ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို စာရွက်စာတမ်း အထောက်အထားအခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက် အထားခိုင်လုံစွာဖြင့် ကန့်ကွက်ခြင်းမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန်းနွယ်**
**အထက်တန်းရှေ့နေ(စဉ်-၃၉၈၃၄)**
**နေပြည်တော်လမ်း၊မင်းလမ်းရပ်ကွက်**
**စစ်ကိုင်းမြို့**
**ဖုန်း-၀၉-၅၀၆၇၆၈၆**

# မွေးနေ့မင်္ဂလာဆုတောင်း

ကျေးဇူးရှင်ချစ်ဖေကြီး ဦးသန်းလွင် Chairman,Steel Stone Group of Companies ၏ ၈-၃-၂၀၂၀ (တပေါင်းလပြည့်နေ့)တွင် ကျရောက်သော နှစ် (၆၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ ပြည့်စုံစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံအကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်ရင်း အေးချမ်းသာယာသောဘဝခရီးကို တန်ဖိုးရှိစွာ ဖြတ်သန်းနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါသည်-

**ချစ်ဇနီး၊ သားကြီးနှင့်ချစ်သမီးများ**

### အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (ရပ်-၁၀)၊ ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ်(၁၁က)၊ မြေကွက်အမှတ်(၁၂၀၊၂၁၂)၊ မြေဧရိယာ ၀ ဒသမ ၀၃၇၈ ဧကခန့်ရှိသောမြေကို ဦးဉာဏ်လင်းဖြိုးအမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ ဈေးလယ်စိုးရပ်ကွက်၊ အလယ်ရပ်၊ (၄)လမ်း၊ ဦးပိုင်အမှတ် (၃၉-စ) ဧရိယာ ၀ဒသမ၀၅၈၊ ဦးမောင်ကြီး(ကွယ်လွန်သူ)အမည်ပေါက်သော မြေကွက်အား ၎င်း၏အမွေဆက်ခံခွင့်ရှိသူသား/သမီးများထံမှ ကျွန်တော် ဦးမြင့်သိန်း ၈/မကန(နိုင်)၀၁၃၇၂၀မှ ဝယ်ယူရန်စရန်တစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်တော့်အနေဖြင့် တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မကွေးမြို့၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမြင့်သိန်း ဖုန်း-၀၉-၄၂၁၃၁၄၁၅၁**
**အမှတ် ၃၉-ဆ၊ ဈေးလမ်း၊ ဈေးလယ်စိုးရပ်ကွက်၊ မကွေးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၈၂၃၊ မြေကွက်တည်နေရာအမှတ် ၈၂၃၊ ဟိုပင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစောစံမြူရယ်(AD-၀၅၂၁၀၃) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးစောစံမြူရယ်ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်နော်လားစေး ၁၂/အလန(နိုင်)၀၂၁၆၅၁မှ ခင်ပွန်းသေစာရင်း၊ ပါမစ်မူရင်း၊ ဦးစောစံမြူရယ်၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး အမွေဆက်ခံခွင့်ရှိကြောင်း၊ ဒေါ်နော်လားစေး၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာပါသည်။ မြို့/အိမ်မှလွှဲပြောင်းပေးသောမြို့မြေစာရင်း (TLR) တွင် ဦးစောစံမြူရယ် အမည်ဖြင့် နှစ် (၆၀)ဂရန်ထုတ်ပေးထားကြောင်း စိစစ်တွေ့ရှိရသဖြင့် ဤဌာနမှ ၂၇-၄-၁၇ရက်စွဲပါ စာအမှတ် ရကစ/မြို့ပြ-မြေစီမံ-၂၀၁၇(၇၇၀၃)ဖြင့် မြန်မာ့မီးရထားသို့ မေးမြန်းခဲ့ရာ အဆိုပါဝန်ကြီးဌာနမှ ဦးစောစံမြူရယ် အမည်ဖြင့် ၎င်းမြေကွက်အား နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) ထုတ်ပေးခဲ့ခြင်းမရှိကြောင်း (၁၈-၇-၁၇)ရက်စွဲပါ စာအမှတ် ၅၂-အမ-၂၀၁၇/ဒဂုံမြောက်ဖြင့် ပြန်ကြားလာပါသဖြင့် နှစ်(၆၀)ဂရန်မြေ အမည်ပေါက် ဦးစောစံမြူရယ် အမည်ဖြင့် မြေငှားစာချုပ်ထုတ်ပေးခဲ့ခြင်းရှိ/မရှိနှင့် ထုတ်ပေးပြီးပါက မူရင်းခွဲတစ်ပါတည်း လွှဲပြောင်းပေးပါရန် ဤဌာနမှ ၁၃-၉-၁၇ရက်စွဲပါစာအမှတ် ရကစ/မြို့ပြ-မြေစီမံ-၂၀၁၇(၁၇၇၈၁)ဖြင့် မြို့/အိမ်ဌာနသို့မေးမြန်းခဲ့ပါသည်။ မြို့/အိမ်မှ မြေတိုင်းရပ်ကွက် (၄၀)၊ မြေကွက်အမှတ် ၈၂၃ သည် နှစ်(၆၀) ဂရန်မြေအမျိုးအစားဖြစ်၍ ဒ၀မ/၄၀/မမ/၁၇၇အရ ဦးစောစံမြူရယ်အမည်ဖြင့် မြန်မာ့မီးရထားမှ စီမံချက်ဖြင့် ဂရန်ထုတ်ပေးခဲ့ပြီး မြို့/အိမ်ဌာနသို့ ဂရန်အမှုတွဲပြန်လည်ပေးအပ်ခဲ့ခြင်းမရှိပါသဖြင့် သက်ဆိုင်ရာဌာနသို့ဆက်သွယ်မေးမြန်းသင့်ပါကြောင်း၊ ပြန်ကြားလာသဖြင့် မြန်မာ့မီးရထားသို့ ၂၈-၆-၁၈ရက်စွဲပါစာအမှတ် ရကစ/မြို့ပြ-မြေစီမံ-၂၀၁၈(၁၁၇၇၁)ဖြင့် ဦးစောစံမြူရယ်အမည်ဖြင့် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်) ထုတ်ပေးခဲ့ခြင်းရှိ/မရှိ ထပ်မံမေးမြန်းခဲ့ပါသည်။ မြန်မာ့မီးရထားမှ ၃၁-၈-၂၀၁၈ ရက်စွဲပါ စာအမှတ် ၅၂-အမ-၂၀၁၈(ဒဂုံမြို့သစ်) ၂၈၈ဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၀)၊ မြေကွက်အမှတ် ၈၂၃၊ ဦးစောစံမြူရယ်(AD-၀၅၂၁၀၃)၏ အမည်ပေါက်မြေချပါမစ်မူရင်းအား ၎င်းတို့ဌာနမှ သိမ်းဆည်းခဲ့ခြင်းမရှိကြောင်းနှင့် ဦးစောစံမြူရယ်အမည်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)ထုတ်ပေးခဲ့ခြင်းမရှိကြောင်း ပြန်ကြားလာပါသည်။ မြို့/အိမ်ဌာနပြန်ကြားစာနှင့် မြန်မာ့မီးရထား၏ ပြန်ကြားစာတို့ကို အထောက်အထားပြု၍ မြို့/မြေစာရင်း(TLR)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၈၂၃၊ ဧရိယာ ၀ဒသမ၀၅၅ကို မြေငှားစာချုပ်အမှုတွဲအမှတ်ဒ၀(မ)/၄၀/မမ/၁၇၇ဖြင့် ဦးစောစံမြူရယ်(AD-၀၅၂၁၀၃) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မှတ်သားထားခြင်းအား ပယ်ဖျက်ပြီးဖြစ်ပါသည်။ သို့ပါ၍ ဒေါ်နော်လားစေး၏ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဝန်ရအုပ်စု ကံကုန်းရွာ အထက အဋ္ဌမတန်းမှ မနှင်းမှုံဇင် ၈/စလန(နိုင်)၂၅၁၅၀၃ ၏ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၈/စလန(နိုင်)၁၄၉၄၁၆ ဖြစ်ပါကြောင်း။ **ဦးကျော်လွင်**

### အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (A)မှ မဂျာဒင်မိုင်၏ အမည်မှန်မှာ မလဖိုင်ဂျာဒင်မိုင် ဖြစ်ပါကြောင်း။

**မလဖိုင်ဂျာဒင်မိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်၊ မန်သာကျေးရွာအုပ်စု၊ နောင်ဟူးကျေးရွာနေ မသဇင်၏မိခင် ဒေါ်ခင်သီ(ခ)ဒေါ်ခင်သီး ၁/မစန(နိုင်)၀၂၁၇၇၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်သီ (ခ) ဒေါ်ခင်သီး**

### အမည်ပြောင်း

မြဝတီမြို့၊ အထက(၁)၊ Grade-1 အဖြူခန်းမှ (ဘ)ဦးစည်သူအောင် ၁၂/ပဇတ(နိုင်)၀၃၁၂၆၆၏သား မောင်အောင်ကောင်းဆက်အား မောင်အောင်ကောင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ကောင်းထက်**

### ဖခင်အမည်မှန်

မြဝတီမြို့၊ ထီးဝါပလောကျေးရွာ၊ အလက(ခွဲ)မှ နော်ဘောဘောအဲ့၏ ဖခင်အမည်မှန်မှာ ဦးထွန်းစိန် ဖြစ်ပါကြောင်း။

**ဦးထွန်းစိန်**

### ဖခင်အမည်မှန်

မြဝတီမြို့၊ ထီးဝါပလောကျေးရွာ၊ အလက(ခွဲ)မှ နော်အက်စဲမူး၏ ဖခင်မှန်မှာ ဦးစောကျော်ပိုး ဖြစ်ပါကြောင်း။

**ဦးစောကျော်ပိုး**

### မွေးသက္ကရာဇ်အမှန်

မြဝတီခရိုင်၊ ဝေါလေမြိုင်မြို့ (ဘ) ဦးထွန်းကြည်၏သား မောင်ဇော်ထွေး၏ မွေးသက္ကရာဇ်မှန်မှာ ၁၉-၁၀-၁၉၉၃ ဖြစ်ပါကြောင်း။

**မောင်ဇော်ထွေး**

### ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မန်နောင် အထကကျောင်း အဋ္ဌမတန်းမှ မောင်အောင်လတ်သူနှင့် တတိယတန်းမှ မောင်အောင်မြတ်သူတို့၏ ဖခင်အမည်မှန်မှာ ဦးနန်းမြိုင် ဖြစ်ပါကြောင်း။

**ဦးနန်းမြိုင်**
**မန်နောင်ကျေးရွာ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/5030 Honda Fit 6E7 Hatch Back (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမိစော ၁၂/ပဘတ(နိုင်)၀၁၅၀၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/4462 Toyota Succeed NCP 51 Station Wagon(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကို ၁၂/သကတ(နိုင်)၀၇၀၃၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ် (၁၃၄၄)၊ အကျယ်အဝန်း (၄၀x၆၀)ရှိ ဒေါ်စန်းစန်းအေး အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ထွေး၊ ၁၀/တမရ (နိုင်) ၀၁၆၈၅၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်း အဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေစန္ဒာယမုံအေး LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၂၇၇)**
**အမှတ် ၁၉၊ ၄လွှာ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၅၄၀၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မင်းလမ်း၊ မြေညီထပ်(ဝဲဘက်ခြမ်း)၊ တိုက်ခန်းအကျယ်အဝန်း (၁၅ပေx ၅၅ပေ)ရှိ ခြေရင်းခန်း တစ်စုံ(၂)လွှာနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူ ပိုင်ဆိုင်နေထိုင်သူ ဒေါ်မြင့်မြင့်ဦး ၁၄/မမတ(နိုင်)၀၀၂၃၈၇ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်သော စာချုပ်စာတမ်းများဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နုနုယဉ်(စဉ်-၁၁၀၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**(LL.B,D.B.L,D.M.L,D.I.L,D.A.Psy)**
**အမှတ် ၁၁၊ ပထမထပ်၊စမ်းချောင်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၁၄၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၂၀)ရပ်ကွက်၊ မြေတိုင်းအမှတ် (၄၆)၊ စက်မှုလမ်း၊ အမှတ် (၆၀၅)၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိသော မြေကွက်အား တရားဝင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးစိုးနိုင် ၁၂/လမန(နိုင်)၀၈၇၀၁၂ ထံမှ ဒေါ်သိန်းသိန်းရီ အမည်ပေါက် မြေချပါမစ်နှင့်အတူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်မြင့် ၁၂/မဂတ(နိုင်)၀၆၀၆၁၃ ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဝင်းမာ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၀၉)**
**အမှတ် (၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ တာလယ်ကျေးရွာအုပ်စု၊ မဲလကျေးရွာတွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောဘလိုင်း ၃/ကကရ(နိုင်)၀၆၃၅၂၂ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မြို့ပတ်လမ်း၊ မြေကွက်အမှတ် (၄)၊ အမှတ် (၂၀)ဟုခေါ်တွင်သော ဧရိယာ ၇ ဒသမ ၀၂၁ကေရှိ မြေကွက်၏တရားဝင်မခွဲစိတ်ရသေးသည့် အစိတ်အပိုင်း ဧရိယာ ၄ ဒသမ ၇၀ ကေရှိသော မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် လွှဲအပ်ခဲ့သည့် ၁၂-၃-၂၀၁၉ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ယခုအခါ မလိုအပ်တော့ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောဘလိုင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဝင်းမာ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၀၉)**
**အမှတ် (၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၈)၊စတုတ္ထထပ်၊ ၅လွှာ(ခေါင်းရင်း)၊ ခြောက်ထပ်တိုက်အဆောက်အအုံကြီး (၂)ခန်းတွဲ(၁၂ပေခွဲx၅၀ပေ)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် တိုက်ခန်း၏အကျိုးခံစားခ=ခွင့်ကို ဒေါ်အိအိပြုံး ၆/ထဝန(နိုင်)၀၇၅၀၃၉မှ တရားဝင်ပိုင်ဆိုင်ခံစားခွင့်ရှိကြောင်း ဝန်ခံ ကတိပြုပြီးရောင်းချရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းအေးနွဲ့နွဲ့စံ ၁၂/လမန(နိုင်)၁၂၂၄၀၁မှ လည်းဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သောစရန်ငွေကို ပေးချေထားပြီးဖြစ်ရာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြတ်သန်းထွန်း LL.B,DML,WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၂၁၄) ဖုန်း-၀၉-၇၇၉၂၃၅၃၄၆**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယိကာမကြီး
## ဒေါ်ခင်နွဲ့နွဲ့
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အထက(၁)ဗဟန်း
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အလက(၂)ဗဟန်း
### အထက်တန်းပြဆရာမ(ငြိမ်း) အထက(၁)ဒဂုံ
### St. Anne's Convent ကျောင်းသူဟောင်း
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် (၈၀/ဧ)နေ (ဦးကြင်-ဒေါ်ဇီဇာ) တို့၏သမီးဦး၊ [ ဗိုလ်မှူးကြီးတင်ကြီး၊ ဒုဝန်ကြီး(ငြိမ်း)၊ ကုန်သွယ်ရေးဝန်ကြီးဌာန]၏ ချစ်လှစွာသောဇနီး၊ Dr. ဦးနိုင်ရှင်-Dr.ဒေါ်စန္ဒာတင်၊ Dr.ဦးတင်အောင်ခိုင်-Dr.ဒေါ်စံပယ်တင်၊ Capt. ဦးရဲမင်း-ဒေါ်စုစုမွန်၊ ဦးရဲမြင့်-Dr. မြတ်ပန်းမှုံ (Australia)တို့၏မိခင်၊ မောင်နိုင်အုပ်ခန့်၊ မထက်ထက်ဦးအောင်၊ မောင်အောင်မိုးဟိန်းကျော်၊ မောင်ပိုင်အုပ်သန့်၊ မမြတ်ဖြူစင်မင်း၊ မသင်းသီရိမင်းတို့၏ ဘွားဘွားကြီး၊ ဦးသန်းအောင်နိုင်-ဒေါ်ခင်လေးငယ်၊ (ဦးသန်းမောင်)-ဒေါ်မြင့်မြင့်လှတို့၏အစ်မကြီးသည် ၆-၃-၂၀၂၀ရက် (သောကြာနေ့)နေ့လယ်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးမြင့်ဋွေး(ငြိမ်း)
## အထွေထွေမန်နေဂျာ(ငြိမ်း)
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
## အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ(ဦးအောင်သန်း-ဒေါ်အုံးမြ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ်(၆၄) (၄လွှာ)နှင့်နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မလိခ(၆)လမ်း၊ အမှတ်(ပ-၂၀၉၇၉)နေ ဒေါ်အေးမြင့် (ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဥပဒေအရာရှိ-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်မေမြတ်မွန်ကျော်(Myanmar Noble University)၏ကျေးဇူးရှင်မွေးသဖခင်သည် ၆-၃-၂၀၂၀ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူ အားရည်စူး၍ ၁၂-၃-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးခရိုင် ပညာရေးမှူးရုံးမှ စာရေး(၃) ဒေါ်နန်းစောရင်လှ ၁၃/လခတ (နိုင်)၀၁၉၈၃၅၏ဖခင် ဦးစိုင်းထွန်းစံ (ခ) ဦးကောတန်လှသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုင်းထွန်းစံ (ခ) ဦးကောတန်လှ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ဇလဲ)၊ နဝမတန်းမှ မစိန်လောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၁၃/တကန (နိုင်)၀၅၁၈၂၆ ဖြစ်ပါကြောင်း။

**ဦးထွန်းအောင်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ဆုနှင်းပိုင် ၁၃/တကန (နိုင်)၂၇၇၂၅၂၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၄၀၉၀၂၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းဟိန်းဆက်ပိုင် ၁၃/တကန(နိုင်)၃၁၉၆၉၉ ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၄၀၉၀၂၉**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ရဲဝင်းနိုင် CDC 107422 ၏ All in one စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၆၂၉၀၁၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5098 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅/သမိုင်း၊ မြေကွက်အမှတ် ၂၆-က/D-၃၊ ၀ဒသမ၀၇၂၈ကေ၊ မြေကွက်တည်နေရာအမှတ် ၂၆-A-5၊ တေးနုယဉ်လမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်ကြည်ကြည်အေး MGK-၀၄၅၇၅၀)အမည်ပေါက် B၊ လ/န-၃၉(အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်အေး (MGK-၀၄၅၇၅၀)၏ S/P ၁၁၀၅၀/၂၀၁၈(၁၆-၁၀-၂၀၁၈)ရရှိသူ ဦးသန်းလင်း ၁၂/ဗတထ (နိုင်)၀၂၄၀၉၁မှ အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ် ၇၀၀/၁၉၈၆(၁၈-၈-၁၉၈၆) မိတ္တူမှန်၊ အမှားပြင်စာချုပ် ၃၅၉၅/၂၀၁၈(၁၆-၁၁-၂၀၁၈)၊ S/P အထောက်အထား၊ S/P ပေးထားခြင်းအတွက် ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/ဇေယျာသီရိ)၊မြေကွက်အမှတ်(၂၇၈)၊ဧရိယာ ၀ ဒသမ ၀၂၈ ကေ=(၂၅'x၅၀')၊မြေကွက်တည်နေရာအမှတ်(၇၃)၊ ဇေယျာသီရိ ၄ လမ်း ဇေယျာသီရိ ရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်လှလှသန်း ၁၂/ဒပန(နိုင်)၀၀၃၀၈၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တရားလို ဦးမျိုးဇင်ဦး၊ ဒေါ်စန္ဒာထွေး၊ဒေါ်မာလာမြင့်တို့မှ တရားပြိုင် ဒေါ်လှလှသန်း အပေါ် ဒေါပုံမြို့နယ်တရားရုံး ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၀ဖြင့် မြေနှင့်အိမ်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာ ၂၇-၆-၂၀၁၉ ရက်စွဲပါ အနိုင်ဒီကရီ၊ဒေါပုံမြို့နယ် တရားရုံး ၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ် ၆၏ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာတို့အရ တရားရုံးကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁ မှ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဒေါပုံမြို့နယ်တရားရုံး၏ ၃၀-၁၂-၂၀၁၉ ရက်စွဲပါစာအမှတ် ၃၆၂/၁၃-၁/၂၀၁၉ ဖြင့် ဘီလစ်ခန့်စာ၊ ဒေါ်လှလှသန်း အမည်ပေါက်ဂရန်မူရင်းတို့ တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂-J)၊မြေကွက်အမှတ်(ပဥ္စမတန်းစား-၄၁)၊ဧရိယာ ၀ ဒသမ ၀၂၂ ကေ၊ မြေကွက်တည်နေရာ အမှတ်(၂၀/က)၊ မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးဘိုးသန်း၊ ဦးခင်အောင်) အမည်ပေါက်စက္ကူတာမြေအား အမည်ပေါက်သူတစ်ဦးဖြစ်သူ ဦးခင်အောင်(ဖခင်)နှင့် ဒေါ်ခင်ခင်လေး(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးစိုးဝင်းအောင် ၁၄/ဟသတ(နိုင်)၀၁၇၄၀၄၊ ဦးမင်းဇော်အောင် ၁၂/သဃက(နိုင်)၀၇၅၇၇၁၊ ဦးစိုးပိုင်အောင် ၁၂/မဂတ(နိုင်)၀၆၈၆၀၄၊ ဒေါ်စုစုအောင် ၁၄/ဟသတ(နိုင်)၁၈၈၉၂၀၊ ဒေါ်သက်သက်အောင် ၁၄/ဟသတ(နိုင်)၀၂၂၅၈၄ တို့မှ ကျမ်းကျိန်လွှာများ၊အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်အောင်ဝယ်ယူခဲ့သည့် အရောင်းအဝယ်စာချုပ် ၃၄၇/၇၃(၂၀-၄-၁၉၇၃)စာချုပ်၊ သေစာရင်းတို့တင်ပြ၍ ပူးတွဲပိုင်ရှင် ဦးဘိုးသန်းသည် ကွယ်လွန်သွားပြီး ၎င်းတို့ထံမှ အရပ်ကတိဖြင့် အဆင့်ဆင့်ရောင်းချပြီးဖြစ်သူ ပူးတွဲပိုင်ရှင်များနှင့်အတူ မြေပုံကူးလျှောက်ထားရန်မဖြစ်နိုင်ပါသဖြင့် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်အောင်၏အစုအားတစ်ဖက်သတ်ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးဝင်းမောင်
### မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
### အသက်(၉၅)နှစ်

တောင်ငူမြို့၊(၂)ရပ်ကွက်၊ တေဇာခင်ဦး(၆)လမ်းနေ (ဒေါ်ခင်နွဲ့)၏ခင်ပွန်း၊ ဦးလှမြင့်(ကြယ်ငါးပွင့်သဘော်အရာရှိ-ငြိမ်း)-(ဒေါ်သန်းနွဲ့)၊ ဦးရှိန်မင်းနိုင်[မြန်မာ့သစ်လုပ်ငန်း၊(လ/ထမန်နေဂျာအင်/ယာ-ငြိမ်း] -ဒေါ်မြင့်မြင့်စမ်း(လ/ထ မန်နေဂျာ၊ ဘဏ္ဍာရေး-ငြိမ်း)၊ ဦးဝင်းလှိုင်(စံစီတိုး)-ဒေါ်သူဇာ၊ ဦးစိုးမင်း-ဒေါ်စန္ဒာ(ပါဝါစတိုး)၊ ဦးမောင်သော်-ဒေါ်နုနု၊ ဒေါ်ဖြူဖြူတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၇-၃-၂၀၂၀ရက်(စနေနေ့) နံနက် ၁၁:၅၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ ၂:၃၀နာရီတွင်တောင်ငူမြို့အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်အောင်(မြိုင်ကုန်း)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း
### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### အသက်(၈၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မြိုင်ကုန်းရွာနေ (ဦးဘိုးရ-ဒေါ်မုန်း)တို့၏သားကြီး၊ မြင်းခြံကုန်းရွာနေ(ဦးဘရီ-ဒေါ်ချော)တို့၏သားသမက်၊ (ဒေါ်လှတင်)၏ခင်ပွန်း၊ ဒေါ်သိန်းသိန်းနိုင်၊ ဦးအောင်ဇင်ဝင်း(လ/ထ ညွှန်မှူး လဝက)-ဒေါ်သီတာအောင် (လ/ထ ညွှန်မှူး လဝက)၊ ဒေါက်တာနီလာအောင်(ဒု-ပါချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးနေမျိုးဝင်းအောင် (ဒု -ညွှန်မှူး၊ ပို့/ ဆက် ဝန်ကြီးဌာန)-ဒေါ်မြသီတာလင်း၊ ဦးလှမျိုးဝင်းအောင်-ဒေါ်ကြူကြူမြတ်(အလက-၄၊ ကြည့်မြင်တိုင်)၊ဦးဇော်ဝင်းအောင်-ဒေါ်အေးလဲ့ဖြူ တို့၏ဖခင်၊ မဇွန်မြတ်နိုး(စ-နှစ်၊ BBM )၊ မောင်စည်သူငြိမ်းချမ်းအောင် (စ-နှစ်၊ ရှေး/သု YU)၊ မောင်ကောင်းဇင်သူ( ပ-နှစ်၊ E.C. YTU )၊ မနေခြည်လင်းလက်(သတ္တမတန်း TTC )၊ မောင်ချမ်းမြေ့လင်းအောင်၊ မောင်အေးချမ်းလင်းအောင် တို့၏အဘိုးဦးတင်အောင်သည် ၆-၃-၂၀၂၀ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(အမှတ် ၂၆/ ဘီ၊ ရွာမကျောင်းလမ်းသွယ်၊(၁) ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်အောင်(မြိုင်ကုန်း)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း
### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### အသက်(၈၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မြိုင်ကုန်းရွာနေ (ဦးဘိုးရ-ဒေါ်မုန်း)တို့၏သားကြီး၊ မြင်းခြံကုန်းရွာနေ(ဦးဘရီ -ဒေါ်ချော)တို့၏သားသမက်၊ (ဒေါ်လှတင်)၏ခင်ပွန်း၊ (ဒေါ်ခင်တုတ်)၊ဦးစံလှ-ဒေါ်သန်းသန်း၊ ဦးပြည့်-ဒေါ်နှင်းရီ၊ ဦးဝင်းနိုင် -(ဒေါ်မြင့်မြင့် အေး)တို့၏အစ်ကို၊ ဦးသာချို-ဒေါ်ညွန့်ကြည်၊ (ဦးတင်ဝင်း)-ဒေါ်ခင်စန်းမြင့်၊ ဦးတင်လှိုင်-ဒေါ်ခင်သန်းထွေးတို့၏အစ်ကို ဦးတင်အောင်သည် ၆-၃-၂၀၂၀ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(အမှတ် ၂၆/ ဘီ၊ ရွာမကျောင်းလမ်းသွယ်၊(၁) ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုကျော်ဇေယျာမျိုး(ဖိုးသား)
### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာအိမ်ရာ(၁)လမ်း၊ အမှတ်(၁၈)နေ ဦးမျိုးထွန်း (ဒု-ညွှန်/ချုပ်-ငြိမ်း၊ ဆည်မြောင်း)-ဒေါ်ကြူကြူတို့၏သား ကိုကျော်ဇေယျာမျိုး(ဖိုးသား)သည် ၅-၃-၂၀၂၀ရက် နံနက် ၂:၃၅နာရီတွင် ပြည်သာယာနေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၉၇၁၊ ဖိုးရာဇာ(၂)လမ်းဟုခေါ်တွင်သော အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိဒေါ်မြင့်မြင့်သွင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်မြင့်မြင့်သွင် ၁၂/ဗတထ(နိုင်)၀၂၃၉၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ် ၁၅၉၅၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကျေးဇူးဥပကာရတင်ရှိခြင်း

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး သခင်မကြီး ဒေါ်အုန်းခင်(ရေနံချောင်း)အား နာမကျန်းဖြစ်သည့် အချိန်မှစပြီး ကွယ်လွန်၊ ရက်လည်သည့်အချိန်ထိ မေတ္တာ၊စေတနာဖြင့် လိုလေသေးမရှိအောင် အဘက်ဘက်မှ စီစဉ်စောင့်ရှောက်ပေးခဲ့ကြသည့် ရပ်ဆွေရပ်မျိုးများ၊ နာမကျန်းဖြစ်စဉ် ကာလအတွင်း ပြုစုစောင့်ရှောက်ပေးခဲ့ကြသော အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံ၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်- ၅၀၀)၊ တပ်မတော်အရိုးဆေးရုံကြီးတို့မှ တပ်မှူးကြီးများ၊ တဆရ(၁/၁၀၀၀)မင်္ဂလာဒုံ အထူးကုသကြပ်မတ်ဆောင်၊ မေ့ဆေးပညာဌာနမှ ဌာနမှူးနှင့် ပါရဂူများ၊ သူနာပြုအရာရှိများ၊ တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဌာန၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာဌာနတို့မှ ဌာနမှူးများ၊ ပါရဂူများနှင့် တပည့်များ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ပေးပို့ ခဲ့ကြသည့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းမိသားစုများ၊ နေအိမ်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူမှုဆက်သွယ်ရေးကွန်ယက်များမှသော်လည်းကောင်း၊ ဆက်သွယ်အားပေးသတင်းမေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရေနံချောင်းအသင်း(ရန်ကုန်)တို့အား လည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များ၊ ဌာနဆိုင်ရာများနှင့်တကွ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိ ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်တင်တင်ကြည်

(ပြင်ဦးလွင်မြို့)

**အသက်(၈၅)နှစ်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ (ဈ-၁၀၄)ဂမုန်းလမ်းနေ ဦးစိန်ထွန်း-ဒေါ်သန္တာထွန်း၊ ရန်ကုန်မြို့နေ ဦးအောင်မြင့်-ဒေါ်သီတာထွန်း၊ ပြင်ဦးလွင်မြို့နေ ဦးညီညီထွန်း၊ ဦးဇော်မင်း-ဒေါ်သိင်္ဂီထွန်း၊ ရန်ကုန်မြို့နေ ဦးကိုကိုဦး-ဒေါ်သဇင်ထွန်း၊ ဒေါ်သက်သက်ထွန်းတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးကျော်ထွန်း)၏ချစ်လှစွာသော ဇနီးသည် ၆-၃-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင်(ဈ-၁၀၄)၊ ဂမုန်းလမ်းနေအိမ်မှ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၂၀ရက် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအုန်းဖေ

**အသက်(၈၄)နှစ်**

ရန် ကု န် မြို့ နေ (ဦးဘကျင် - ဒေါ်ရီ) တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၅၇ နေ (ဒေါ်သန်း အေး)၏ခင်ပွန်း၊ ဦးဝင်းနိုင်၊ဦးအောင်နိုင် -ဒေါ်အေးအေးစံ၊ ဦးဇော်လွင်မိုး-ဒေါ်ဇင်မာအုံး တို့၏ဖခင်၊ ကိုပြည့်ဖြိုးအောင်၊ ကိုဟိန်းဇော်သူ -မဆုမြတ်နိုး၊ မောင်ဘုန်းပြည့်ဇင်မိုးဦးတို့၏ အဘိုးသည် ၇-၃-၂၀၂၀ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၀ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောနစ်ဆင်(ခ)စောဝါးဝါ

**အသက်(၅၉)နှစ်**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အိမ်အမှတ်(၁၇၀၆)နေ (ဦးစောမက်ခရူး(စ်)-နော်အားစေး)တို့၏သားသမက်၊ (ဦးစောခင်မောင်-နော်ရှယ်လီဘ)တို့၏သား၊ နော်လယ်ဖောဓ၏ခင်ပွန်း၊ နော်မွန်းနစ်ဆင်(ခ)ရှားရှား(Heguru Yangon Centre-Myanmar Plaza) ၏ ဖခင်၊ နော်မရင်းဒါ-ဦးမျိုးဟန်တို့၏မောင်၊ (စောပီတာဆင်)-နော်ဝင်း(U.K)တို့၏ညီ၊ နော်အစ္စဘဲ(လ်)(လ/ထညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)-ဦးအောင်စိုး၊ နော်အယ်နာဘဲ(လ်)(KBTS-BARS)-(ဆရာဦးတိုင်နီစိုးမြင့်ဇော်)တို့၏အစ်ကို၊ တူ/တူမကိုးယောက်တို့၏ဦးလေးသည် ၆-၃-၂၀၂၀ရက် ည ၈:၅၅ နာရီတွင် K.B.C ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့်ဈာပနဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ကို တောင်သူကုန်းကရင်နှစ်ခြင်းအသင်းတော်၊ အင်းစိန်မြို့တွင် ၉-၃-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ကျင်းပ၍ ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံမည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင့်ဆွေ(ဟသ်ာတ)

ဟိတေသီ(ဘဏ္ဍာရေးမှူး)မဟာစည်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း သွယ်(၄)၊ တိုက်အမှတ် ၃၂/ အခန်း ၁နေ (ဦးရွှေဗျော်-ဒေါ်ဖွားရှင်)တို့၏သားကြီး၊(ဒေါ်ခင်မြင့်မြင့်)၏ခင်ပွန်း၊ ဦးတင်ရှိန်၏ အစ်ကို၊ ဦးအောင်မျိုးသန့်(ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ဝင်းမာထွေး၊ ဦးမျိုးလွင်(HINO Company, Japan)-ဒေါ်မိမိခိုင်(အထက်တန်းပြ-အထက-၁၊ သဃ်န်းကျွန်း၊ ငြိမ်း)၊ ဦးဝင်းမြတ် ဇော်(မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ဒဂုံတောင်(Y.C.D.C)-ဒေါ်မိမိဦး(မြန်မာ့မီးရထား၊ ငြိမ်း)တို့၏ ချစ်လှစွာသောဖခင်၊ မောင် ဟိန်းသစ်အောင်(Starhigh Asia Pacific Pte Ltd )-မနှင်းဝေဝေအောင်(မြဝတီဘဏ်)၊မောင်သီဟသန်း၊ မောင်ထက်အောင် အောင်၊ မောင်ဂုဏ်ဝင်းစံ၊မောင်ဇော်ရဲအောင်၊ မဆောင်းဝတ်ရည်တို့၏ချစ်လှစွာသော အဘိုး၊ မောင်သုတလင်း၏ချစ်လှစွာသော အဘေးသည် ၆-၃-၂၀၂၀ရက် ည ၅:၀၇ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးမြင့်ဌေး(ငြိမ်း)

အထွေထွေမန်နေဂျာ(ငြိမ်း)

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

စက်မှုဝန်ကြီးဌာန

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ်(၆၄)၊ ၄လွှာနေ ဒေါ်အေးမြင့်(ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဥပဒေအရာရှိ-ငြိမ်း)၏ ခင်ပွန်း ဗိုလ်မှူးမြင့်ဌေး(ငြိမ်း)သည် ၆-၃-၂၀၂၀ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(၆၁)သီဟတပ်ခွဲမှသူငယ်ချင်းများ**

---

## ဒေါ်မြင့်မြင့်စိန်

(၁၉၇၉ခုနှစ် B.Ag ဦးစီးအရာရှိ၊ မင်္ဂလာဒုံသစ်ခွဲခြံ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)

**အသက်(၆၅)နှစ်**

ရေကြည်မြို့နယ်၊ အသုတ်မြို့၊ (၄)ရပ်ကွက်၊ ဘူတာလမ်းနေ (ဦးချစ်အေး-ဒေါ်အေးတင်)တို့၏သမီး၊ ဦးဆန်းမြင့်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်သန်းသန်းထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဆင့်(ငြိမ်း)-ဒေါ်ခင်မာလေး၊ ဦးအေးချို(စာတိုက်မှူး-ငြိမ်း)-ဒေါ်နွဲ့(အလပြ-ငြိမ်း)တို့၏ညီမ၊ ဦးမြသိန်း(အလပြ)-ဒေါ်သန်းသန်းဌေး(အလပြ-ငြိမ်း)တို့၏အစ်မသည် ၇-၃-၂၀၂၀ရက်(စနေနေ့) နံနက် ၆:၂၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၂၀ရက် (သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကြည်း၁၇၅၁၂ ဗိုလ်ကြီးလှဌေး(ငြိမ်း)

စတသ(၂၄)

**အသက်(၆၁)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၅၅/က)၊ ၁၆လမ်း (၆၃x၆၄လမ်းကြား)နေ (ဦးစံထွန်း)-ဒေါ်ခင်စော(ပဲနွယ်ကုန်း)တို့၏သား၊ ဒေါ်ညိုနွဲ့၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဝေယံထွန်း-ဒေါ်ချမ်းမြေ့မွန်၊ မအေးမြတ်သူ(Mytel,Mdy)တို့၏ဖခင်၊ မမေဟန်နီမွန်၏အဘိုးသည် ၇-၃-၂၀၂၀ ရက်(စနေနေ့) နံနက် ၈:၃၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးရဲကျော်သူ(ခ)ရဲလေး

**အသက်(၄၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးစံသိန်း)-ဒေါ်သန်းရွှေတို့၏ သားသမက်၊ ဦးမြင့်ကြည်-ဒေါ်ချိုနွယ်စိုး၊ ဦးမိုးလှိုင်-ဒေါ်ကေသွယ်ဝင်း၊ ဒေါ်စုရည်မွန်တို့၏မောင်၊ မောင်အောင်စည်သူဖြိုး၊ မောင်အောင်ကောင်းမြတ်၊ မနှင်းအဥ္ဇလီ၊ မရှူပါအေးတို့၏ဦးလေး၊ အမှတ်(၂၅)၊ နွယ်နီလမ်း၊ အလုံနေ မဝတ်ရည်ဝင်း၏ ခင်ပွန်းသည် ၇-၃-၂၀၂၀ရက် နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်အောင်(မြိုင်ကုန်း)

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**အသက်(၈၄)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းအောင်၏ဖခင်ကြီး ဦးတင်အောင် အသက်(၈၄)နှစ်သည် ၆-၃-၂၀၂၀ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်စင်မောင်-ဒေါက်တာ ဒေါ်ခင်သန်းအေး**
**ပြည်ထောင်စုဝန်ကြီး**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်အောင်(မြိုင်ကုန်း) အသက်(၈၄)နှစ်

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁) ရပ်ကွက်၊ ရွာမကျောင်းလမ်းသွယ်၊ အမှတ်(၂၆/ဘီ)နေ ဦးနေမျိုးဝင်းအောင်(ဒုတိယညွှန်ကြားရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်မြသီတာလင်းတို့၏ချစ်လှစွာသော ဖခင်ကြီး ဦးတင်အောင်(မြိုင်ကုန်း)သည် ၆-၃-၂၀၂၀ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်အေး

(မြိတ် တင်တင်အေး မုန့်ဟင်းခါး)

**အသက်(၉၀)**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ပုလဲရတနာလမ်းနှင့် ထားဝယ်လမ်းထောင့်၊အမှတ်(၂၃၇/၂၃၈/၂၃၉)နေ (ဦးလှိုင်ကြည်)၏ဇနီး၊ (ဦးဖိုးသွင်-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးရွှေဦးခိုင်-ဒေါ်နွဲ့)၊ (ဦးစိုးလင်း-ဒေါ်မြတ်လင်း)၊ (ဦးတင်အောင်)-ဒေါ်ငွေသိန်းတို့၏ညီမ၊ (ဦးကျင်ရှိန်-ဒေါ်စိန်)၊ ဦးကြည်ရွှေ-ဒေါ်ခင်မြင့်၊ (ဦးအင်ပို-ဒေါ်တင်ရွှေ)တို့၏အစ်မ၊ ဦးမြသိန်း၊ ဒေါ်ဝင်းဝင်းကြူ၊ ဦးတင်ထွဋ်-ဒေါ်ညွှန့်ညွှန့်မေ၊ (ဒေါ်သီသီထွေး)၊ (ဦးဝင်းကိုကို)-ဒေါ်စိုးစိုးမေ၊ (ဦးခင်မောင်ချို)၊ ဗိုလ်မှူးခင်အောင်ချို(ငြိမ်း) (လူထုမိတ်ဆွေ Co.,Ltd )-ဒေါ်ခင်ဝင်းဝင်းတို့၏ချစ်လှစွာသော မိခင်၊မြေး ၁၀ယောက်တို့၏ အဘွား၊မြစ် ၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၃-၂၀၂၀ရက်(သောကြာနေ့) ည၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၂-၃-၂၀၂၀ ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ရွှေ

**အသက်(၈၇)နှစ်**

မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက်-ဒေါ်သီတာပြုံးတို့၏ဖခင်ကြီး ဦးမြင့်ရွှေသည် ၇-၃-၂၀၂၀ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၇) ရပ်ကွက်၊ ကျောင်းကုန်း ၂လမ်း၊ အမှတ်(၁၇)၊မြေညီ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့်**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ**

---

## ဦးစံလှိုင်

မြန်မာ့ကုန်တိုက်၊ ကုန်သွယ်လယ်ယာ(ငြိမ်း)

**အသက်(၈၄)နှစ်**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကျားပိုက္ကေရွာနေ (ဦးရွှေလှအောင်-ဒေါ်မရွှေ)တို့၏သား၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ (ဦးရွှေအောင်-ဒေါ်မသိန်း)တို့၏သားသမက်၊ (ဦးကျော်ကြီး)၊ (ဒေါ်ကျော်မဖြူ)၊ (ဒေါ်လှကြာဖံ)၊ (ဒေါ်မကြာ)၊ဦးအောင်ချေ တို့၏ညီ/မောင်၊ (ဦးအောင်ဖုန်းညွှန့်)-ဒေါ်ခင်ကြည်၊ ဒေါ်မငွေးတို့၏မတ်/ခဲအို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊မာလာမြိုင် ၃ လမ်း၊ အမှတ် ၅၆၊ ပထမထပ်နေ ဒေါ်ခင်သန်းရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်သိန်း-ဒေါ်ခင်မြတ်လှိုင်(Myanmar Solar Rays Co.,Ltd)၊ ဦးကျော်လွင်ထွန်း-ဒေါ်မြတ်မိုးသူ(Silver Conch Co.,Ltd )တို့၏ချစ်လှစွာသောဖခင်၊ မောင်နေကိုလင်း၊ မခင်ဆုဆုလွင်တို့၏ အဘိုး သည် ၇-၃-၂၀၂၀ရက်(စနေနေ့) နံနက် ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄)မှ ဦးလှဌေး အသက်(၆၁)နှစ်သည် ၇-၃-၂၀၂၀ရက် နံနက် ၈:၃၃နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ညီနောင်(၂၄)သူငယ်ချင်းမိသားစုများမှ ကွယ်လွန်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညီနောင်(၂၄)မှသူငယ်ချင်းများနှင့်မိသားစုများ**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## အရှင်ပညာဝံသ(ဦးမြစိန်)

ဒါနချောင်းအထက်ကျောင်းတိုက်၊ ဒါနချောင်းကျေးရွာ၊ ကျိုက်လတ်မြို့

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၁၀)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ဒါနချောင်းကျေးရွာနေ (ဦးမောင်ချစ်-ဒေါ်အေးကြည်)တို့၏သား၊ ဦးစန်းဦး-ဒေါ်တင်တင်ဝင်း၊ ဦးကျော်မင်း၊ ဒေါ်မြင့်မြင့်ရွှေ၊ ဦးကျော်လွင်-ဒေါ်ရီရီခိုင်၊ ဗိုလ်မှူးကျော်ဆန်းထွေး(ငြိမ်း)-ဒေါ်နီနီလွင်၊ ဦးကျော်စိုး-ဒေါ်ကြူကြူလွင်၊ ဦးမောင်ဇော်-ဒေါ်သန္တာလွင်၊ ဦးနေလင်းထွန်း-ဒေါ်နီလာလွင်၊ ဦးမင်းအောင်-ဒေါ်သန်၊ ဦးအောင်ဖြိုး-ဒေါ်ဇာဇာ၊ ဦးငွေမြင့်အောင်-ဒေါ်မြသန္တာထွေးတို့၏ခမည်းတော်၊ မြေး ၃၂ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ (ဒေါ်ရင်ရွှေ)၏ခင်ပွန်း ဦးမြစိန်(ခ)အရှင်ပညာဝံသသည် ၇-၃-၂၀၂၀ရက်(စနေနေ့) နံနက် ၇:၃၀နာရီတွင် ရန်ကုန်မြို့အာရှတော်ဝင်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော် မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်တော်အား ကျိုက်လတ်မြို့နယ်၊ ဒါနချောင်း အထက်ကျောင်းတိုက်မှ ဒါနချောင်းသုသာန် သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်ဆွေဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ရဟန်းဒါယိကာမကြီး

## ဒေါ်သန်းခင်(ဥက္ကံ-သုံးခွ)

**အသက်(၉၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဥက္ကံ(၈)ရပ်ကွက်နေ (ဦးစံတင်)၏ဇနီး၊ တောဖွန်းကန်ရွာနေ (ဦးလှအောင်-ဒေါ်တိုး)၊ (ဦးချစ်တီး-ဒေါ်ကျော့)တို့၏အစ်မ၊ (ဦးမိုး)-ဒေါ်တင်နု၊ ဦးအီတိုး-ဒေါ်မြင့်၊ ဦးခင်သောင်း-ဒေါ်အုံးမြင့်၊ ဦးလှစိန်(စာတည်းမှူး၊ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)-ဒေါ်သီတာဝင်း(သုတေသန လ/ထ-၂၊ မြန်မာ့အလင်းသတင်းစာတိုက်)၊(ဦးတင်ဝင်း)-ဒေါ်ခင်စန်း၊ (ဦးတင်ငွေ)-ဒေါ်စန်းစန်းအေး၊ ဦးစိန်ဝင်း-ဒေါ်စန်းဌေး၊ ဦးတင်တိုး-ဒေါ်မိုးကြည်တို့၏မိခင်၊ မြေး ၂၄ယောက်၊ မြစ် ၃၂ယောက်၊ တီ ၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၃-၂၀၂၀ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် သုံးခွမြို့ (၅) ရပ်ကွက် သုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အောင်ခင်ကြူ

**အသက်(၉၀)**

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ ရွှေရတနာလမ်း၊ အမှတ် ၆၆နေ (ဦး အောင်ယုတ်ကီ-ဒေါ်လီတာ)တို့၏သမီး၊ (ဦးဘော ဂ-ဒေါ်ပန်းအိ)တို့၏သမီးချွေးမ၊ ဦးအင်ဟုတ်စွမ်(ခ) ဦးပေပေ၏ချစ်လှစွာသောဇနီး၊ ဒေါ်အုန်းမြင့်၊ ဒေါ်သင်းသင်းအေး၊ ဦးစံရွှေ-ဒေါက်တာ သင်းသင်းခိုင်၊ ဦးကိုကိုနိုင်-ဒေါက်တာမြင့်မြင့်ရီ၊ ဦးသန်းအောင်-ဒေါက်တာခိုင်နွယ် ဦးတို့၏ချစ်လှစွာသော မိခင်၊ မြေး ကိုး ယောက်တို့၏အဘွားသည် ၇-၃-၂၀၂၀ရက် (စနေနေ့) နံနက် ၇:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးလှိုင်(ညောင်လေးပင်) အသက်(၉၂)နှစ်

ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ အမက(၇)တာမွေ

မြို့နယ်သက်ကြီးကန်တော့ခံ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၁၀)၊ (၁-က)နေ (ဦးဘိုးရင်-ဒေါ်တင့်)တို့၏ သား၊ ဆရာကြီးဦးလှိုင်သည် ၄-၃-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

---

## ဦးရဲကျော်သူ(ခ)ကိုရဲ

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာနေ ဦးကျော်သူဆန်း-ဒေါ်သီတာအေးတို့၏သား၊ ကိုလင်းကျော်သူ-မလပြည့်ဝန်း၊ ကိုအောင်ကျော်သူ-မထွန်းအိန္ဒြာကျော်၊ ကိုဖြိုးကျော်သူတို့၏အစ်ကို၊ မဆုမြတ်နိုး၏ဦးလေး၊ အလုံမြို့နယ်၊ နွယ်နီလမ်း၊ အမှတ်(၂၅)၊ ငါးလွှာနေ မဝတ်ရည်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မသူသူထက်၏ဖခင်သည် ၇-၃-၂၀၂၀ရက် (စနေနေ့) နံနက် ၆:၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နွယ်နီလမ်း နေအိမ်မှကားများနံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၂၀ရက်(သောကြာနေ့) နံနက်တွင် နွယ်နီလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာသူဇာသွင်(သျှင်ပါကူဆေးရုံ)

**အသက်(၄၃)နှစ်**

(ဦးသက်ခိုင်)-ဒေါ်စိန်စိန်(ဌာနခွဲမှူး-သမဝါယမတက္ကသိုလ်သန်လျင်-ငြိမ်း)တို့၏သမီး၊ ဒေါက်တာမောင်မောင်မြင့်(တိုင်းဆေးရုံအုပ် ကြီး-ငြိမ်း)-ဒေါက်တာညွှန့်ညွှန့်လွင်(မြို့နယ်ဆရာဝန်-ငြိမ်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃)နေ ဦးဉာဏ်လင်းမြင့်၏ချစ်လှစွာသောဇနီး၊ ဦးမင်းအောင်ကျော်-ဒေါ်နှင်းအေးခိုင်တို့၏အစ်မသည် ၆-၃-၂၀၂၀ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပ

## UPDJC အတွင်းရေးမှူးများအစည်းအဝေးနှင့် UPDJC အစည်းအဝေးတို့ကို မတ် ၁၀ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပသွားမည်

ရန်ကုန် မတ် ၇

(၈)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ (NCA-S EAO)၏ နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် ဆက်လက် ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့ တက်ရောက်ကြပြီး NCA – S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊

*စာမျက်နှာ ၉ ကော်လံ ၁* ✻



(၈)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ ဓာတ်ပုံ – ဖိုးထောင်

# MNL ပြိုင်ပွဲတွင် ဗွဲကပင်၊ ရှောဝတီ၊ ရတနာပုံနှင့် ရခိုင်အသင်း အနိုင်ရ



ဗွဲကပင်အသင်းနှင့် Southern အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ–ဖိုးသော်ဇင်

ရန်ကုန် မတ် ၇

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ကွင်းလေးကွင်း၌ ဆက်လက်ကျင်းပရာ ဗွဲကပင်၊ ရှောဝတီ၊ ရတနာပုံနှင့် ရခိုင်အသင်းတို့ အနိုင်ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့် ပွဲတွင် ဗွဲကပင်အသင်းက Southern အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သည့် ဗွဲကပင်အသင်းသည် အဆင့် ၁၀ နေရာသို့ ရောက်ရှိသွားခဲ့သည်။ ရှစ်ပွဲဆက်တိုက် နိုင်ပွဲမရသေးသည့် ဗွဲကပင်အသင်းသည် ယခုပွဲတွင် ရှန်းကန်ခဲ့ပြီး ပထမဆုံးနိုင်ပွဲနှင့်အတူ

*စာမျက်နှာ ၁၂ ကော်လံ ၄* ●


**မြစ်ကြီးနား၊ မိုးညှင်း၊ မိုးမိတ်၊ နောင်ချိုနှင့် သာစည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

စာ ၁၃

**ဟောလိဝုဒ်ကို ခြိမ်းခြောက်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်**

စာ ၁၅


# ပရီမီယာလိဂ်ပွဲစဉ် (၂၉) လီဗာပူးတို့ နိုင်ပွဲပြန်လည်ရရှိ

ပရီမီယာလိဂ်ပွဲစဉ် (၂၉)ပြိုင်ပွဲကို မတ် ၇ ရက်က ယှဉ်ပြိုင်ကစားရာ လီဗာပူးနှင့် ဘုန်းမောက်တို့ပွဲတွင် လီဗာပူးက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲစုံ သုံးပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့သည့် လီဗာပူးတို့ ယခုပွဲတွင် ပြန်လည် အနိုင်ရရှိခဲ့သည်။

လီဗာပူးတို့ အိမ်ကွင်း၌ ကစားခဲ့သော်လည်း အဖွင့်ဂိုးကို ဘုန်းမောက်မှ ဝီလ်ဆင်က ပွဲချိန် ၉ မိနစ်တွင် သွင်းယူပေးခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍